# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် ‘ဒေါသ’ ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် | ၂၀၂၄ ခုနှစ်၊ မတ် ၂၂ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၁၇၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

# နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံး၏အကျိုးကိုရှေးရှုပြီး လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် လုပ်ငန်းများအောင်မြင်ရေးအတွက် ယခုထက်တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုအပ်



အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၄) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၂၁

အမျိုးသား စီမံကိန်းကော်မရှင် (၁/၂၀၂၄) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသား စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသား စီမံကိန်းကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်


*စာမျက်နှာ ၃ ကော်လံ ၁* ❖





# ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကိုမြှင့်တင်ပေး

ယနေ့(မတ်လ ၂၂ ရက်) သည် ရေသယံဇာတထိန်းသိမ်းရေး၊ ရေအခက်အခဲမကျရောက်စေရေး၊ ရေကိုစနစ်တကျ သုံးစွဲကြစေရေး၊ သန့်ရှင်းသည့်သောက်သုံးရေနှင့် မိလ္လာစနစ်တို့ မရရှိသူများအတွက် အလေးထားဖြေရှင်းပေးရေးနှင့် ရေ၏အရေးပါမှုကို လူသားတို့ ဂရုပြုလာကြစေရေးဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် “ကမ္ဘာ့ရေနေ့ (World Water Day)” ဖြစ်သည်။ ၁၉၉၃ ခုနှစ်မှစတင်၍ ကျင်းပလာခဲ့သည့် ကမ္ဘာ့ရေနေ့၏ ယခုနှစ်အတွက် ချမှတ်ထားသောဆောင်ပုဒ်မှာ “ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကိုမြှင့်တင်ပေး (Leveraging Water for Peace)”ဟူ၍ ဖြစ်သည်။

လူသားတို့ရှင်သန်နေထိုင်ရာ ကမ္ဘာကြီးသည် ရေကမ္ဘာဟုဆိုရလောက်အောင်ပင် မျက်နှာပြင်အများစု(၇၁ ရာခိုင်နှုန်း)ကို ရေများ၊ တစ်နည်းအားဖြင့် ပင်လယ်သမုဒ္ဒရာများက ဖုံးလွှမ်းထားသည်။ လူသားတို့အသက်ရှင်သန်နိုင်ရန် အဓိကလိုအပ်ချက်ဖြစ်သည့် ရေချိုမှာမူပေါများခြင်းမရှိဘဲ ကမ္ဘာပေါ်တွင်တည်ရှိနေသော ရေပမာဏအားလုံး၏ ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိနေရာ ရေသည်အကန့်အသတ်မဲ့ပေါများသည့် သယံဇာတမဟုတ်ဘဲ အလေးဂရုပြုထိန်းသိမ်းရန်နှင့် စနစ်တကျသုံးစွဲရန် လိုအပ်သည့် အရင်းအမြစ်ဖြစ်သည်ကို သိနားလည်ထားကြရန်လိုသည်။ ဤသို့လျှင် လူသားတို့အတွက် လွန်စွာအရေးပါသလောက်ရှားပါးလွန်းသည့် ရေသယံဇာတကို ကမ္ဘာ့နိုင်ငံများစွာတို့တွင် မျှဝေသုံးစွဲနေကြရသည်။ သဘာဝကပေးသည့်ရေကို မျှဝေသုံးစွဲကြရခြင်းက တစ်ချိန်ချိန် အကျပ်အတည်းတစ်ခုခုနှင့် ရင်ဆိုင်ရလျှင် တင်းမာမှုများ ပဋိပက္ခများပေါ်ပေါက်လာနိုင်သည်။ ဗုဒ္ဓခေတ်က ရောဟိဏီမြစ်ရေကို စိုက်ရေးပျိုးရေးအတွက် ခွဲဝေသုံးစွဲကြသည့် ကပိလဝတ်နှင့် ကောလိယနှစ်ပြည်ထောင်တို့ မိုးခေါင်သည့်နှစ်တွင် မြစ်ရေ အဝေမတည့်ရာမှ စစ်ခင်းမည့်အခြေအနေသို့ရောက်ရှိလာသဖြင့် ဗုဒ္ဓကကြားဝင်ဖျန်ဖြေခဲ့ရသည့်သာဓကကဲ့သို့ပင်ဖြစ်သည်။ မျက်မှောက်ခေတ်တွင်လည်း နိုင်ငံများစွာတို့ ရေသယံဇာတကို ခွဲဝေသုံးစွဲနေကြရာ သဘောတူညီချက်များ၊ ပူးပေါင်းဆောင်ရွက်မှုများ အခိုင်အမာရှိနေမှသာလျှင် ရေရှားပါးပြတ်တောက်မှု၊ မိုးခေါင်မှုကဲ့သို့သော အခက်အခဲ၊ ဘေးဒုက္ခများ ကျရောက်လာချိန်တွင် ငြိမ်းချမ်းစွာ ဖြေရှင်းဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းအပါအဝင်မြစ်ချောင်း၊ အင်းအိုင်၊ သဘာဝရေထွက်များ စသည်ဖြင့် ရေချိုအရင်းအမြစ်များစွာကို ပိုင်ဆိုင်ထားရာ တစ်ကမ္ဘာလုံးရှိ ရေချိုအားလုံး၏ ၁ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ နိုင်ငံအရွယ်အစား၊ လူဦးရေတို့နှင့် နှိုင်းယှဉ်ပါက ရေချိုပေါများသည့် နိုင်ငံဟု ဆိုနိုင်သည်။ သို့ရာတွင် နေရာဒေသကိုလိုက်၍ သောက်သုံးရေမလုံလောက်သည့် ပြဿနာများရှိနေသည်ကိုလည်း တွေ့ရှိနိုင်သည်။ ထို့အပြင် လူတို့၏အမျိုးမျိုးသော ပယောဂတို့ကြောင့် သဘာဝရေထွက်များ ခန်းခြောက်သွားခြင်း၊ မြစ်ချောင်းအင်းအိုင်များ ပျက်စီးတိမ်ကောသွားခြင်း စသည်ဖြင့် ရေအရင်းအမြစ်ဆုံးရှုံးမှုများလည်းရှိနေရာ ရေသယံဇာတများ၊ ရေအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ စနစ်တကျစီမံခန့်ခွဲရေးတို့အတွက် အလေးအနက် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မိမိတို့ပြည်သူများအနေဖြင့် ရေချိုအရင်းအမြစ်ပေါများသည့် နိုင်ငံတွင် လူဖြစ်လာကြသူများဟု ဆိုစေကာမူ ပြောင်းလဲလျက်ရှိသည့် ကမ္ဘာ့ရာသီဥတု၊ တိုးတက်လာသည့် လူဦးရေနှင့် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်လျက်ရှိသော သဘာဝပတ်ဝန်းကျင်အခြေအနေများတွင် ရေကို ရွှေလိုတန်ဖိုးထားကြရန်၊ မြေအောက်ရေများကို လိုအပ်သလောက်သာ ထုတ်ယူရန်၊ အကျိုးရှိထိရောက်စွာ သုံးစွဲရန်နှင့် မဖြုန်းတီးရန်၊ မြစ်ချောင်းအင်းအိုင်များ ပျက်စီးမှုမဖြစ်စေရန်၊ ရေဝေရေလဲဒေသများနှင့် သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြုစုပျိုးထောင်ကြရန် “ကမ္ဘာ့ရေနေ့ ၂၀၂၄” တွင် နှိုးဆော်တိုက်တွန်းလိုက်ရပါကြောင်း။ ။

## (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မတ် ၂၁

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပျဉ်းမနားမြို့၌ ICT အထောက်အကူဆိုင်ရာ သင်တန်းဖွင့်

ပျဉ်းမနား မတ် ၂၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (ပျဉ်းမနား) ၌ ICT အထောက်အကူဆိုင်ရာ သင်တန်းကို ယနေ့နေ့လယ်ပိုင်းက ဖွင့်လှစ်သင်ကြားသည်။



သင်တန်းတွင် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မာဖြူက သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များကိုပြောကြားပြီး သင်တန်းတွင်သင်ကြားပို့ချမည့် သင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယတိုင်းဦးစီးမှူးက ဒစ်ဂျစ်တယ်နည်းပညာများအကြောင်း၊ Conference Call အကြောင်း၊ အင်တာနက်နှင့် www အကြောင်း၊ Web ပေါ်တွင် သတင်းအချက်အလက် ရှာနည်း၊ Web Browser အကြောင်း၊ Search Engines အကြောင်း၊ TinEye အသုံးပြု၍ မူရင်းသတင်းဌာန၊ မူရင်းဓာတ်ပုံ စစ်ဆေးခြင်းအကြောင်း၊ Cyber bulling , Phishing အကြောင်း၊ Google Drive တွင် အချက်အလက် သိမ်းဆည်းမှုပုံစံများ စသည်တို့ကို ရှင်းလင်းသင်ကြားပေးသည်။

သင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒက္ခိဏခရိုင်အတွင်းရှိ အရာထမ်း၊ အမှုထမ်းများအား စာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ ရွှေပင်လယ်(IPRD)

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် မတ် ၂၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG, MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar Construction & Development Infrastructure Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Volkswagen ID-6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Changan Deepal S7 အမျိုးအစား လျှပ်စစ်သုံးယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအားဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ *ရှေ့ဖုံးမှ*

ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးအတွက် ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များကိုလည်း နိုင်ငံ့အရေးကိုအလေးထားပြီး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အပြင် ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

**ကြိုးပမ်းဆောင်ရွက်ပေး**

အစိုးရ၏ ဆောင်ရွက်ပေးနိုင်ခဲ့သည့် လုပ်ငန်းများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး၊ စားအုန်းဆီကို ပြည်ပမှတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဝါဂွမ်းကိုပြည်တွင်း၌ပင် လုံလောက်စွာထုတ်လုပ်ပြီး အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေးနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း။

ထုတ်ကုန်များများ ထုတ်လုပ်နိုင်မှ ပြည်တွင်းစားသုံးမှုသာမက ပြည်ပဈေးကွက် တိုးချဲ့တင်ပို့နိုင်ရေးတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) များကို အားပေးမြှင့်တင်ပေးခဲ့ကြောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရန်၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး အခြေခံလုပ်ငန်းများ၊ လျှပ်စစ်ရရှိရေး၊ ရေရရှိရေးစသည့်လုပ်ငန်းများ၊ ကျေးလက်ဒေသများတွင် ကုန်ထုတ်လမ်းများ၊ ရာသီမရွေး သွားလာနိုင်သည့် လမ်းကွန်ရက်များ ရရှိစေရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ဦးစားပေးဆောင်ရွက်ပေးခဲ့**

အရည်အသွေးမြင့်မားသည့် ပညာရေးစနစ်ဖြစ်စေရန် ပညာရေးတွင်လိုအပ်သည့် သင်ထောက်ကူပစ္စည်းများရရှိရန် ဦးစားပေးဆောင်ရွက်ပေးခဲ့ကြောင်း၊ လူတိုင်းစေ့ ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးကဏ္ဍ တိုးတက်စေရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးရေး၊ အားကစားနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးတို့အတွက် အားကစားကဏ္ဍ မြှင့်တင်ရေး အားကစားဆိုင်ရာ အခြေခံအဆောက်အအုံ တိုးတက်ရေးတို့ကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စရိတ်ကြောင့်မြင့်တက်လာသည့် ငွေဖောင်းပွမှု (cost push inflation) ကို အတတ်နိုင်ဆုံး ထိန်းနိုင်ရန် အခြေခံစားသောက်ကုန်များကို ပြင်ပဈေးနှုန်းထက် သက်သာစွာ ဝယ်ယူရရှိစေရေးအတွက်လည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုကဲ့သို့ ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ပေးနေသော်လည်း အကြမ်းဖက်လုပ်ရပ်များကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများ၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှုများကို အဟန့်အတားဖြစ်စေမှုများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ရည်မှန်းထားသလောက် အောင်မြင်မှုမရှိသေးသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က ချမှတ်ထားသည့် **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံး၏အကျိုးကို ရှေးရှုပြီး လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် ကဏ္ဍအလိုက်နှင့် နယ်ပယ်အလိုက်တွင် လုပ်ငန်းများ အောင်မြင်ရေးအတွက် ယခုထက်တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ရရှိပြီးဖြစ်သည့် တိုးတက်မှုများကို အရှိန်အဟုန်မပျက်စေဘဲ လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းကို အောင်မြင်အောင် အင်တိုက်အားတိုက် ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ပြီး စီမံကိန်း၏ အကျိုးရလဒ်များကို ပြည်သူများ အလျင်အမြန်ခံစားရရှိစေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသားပို့ကုန် မဟာဗျူဟာကိုလည်း လာမည့် နှစ်နှစ်အတွင်း အကျိုးရရှိစေမည့် လုပ်ငန်းများကိုဖော်ထုတ်ပြီး အမျိုးသားစီမံကိန်းနှင့် ချိတ်ဆက်အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လူမှုစီးပွားရေးအဆောက်အအုံကို ဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်ခိုင်မာအောင် တည်ဆောက်ရာတွင် ပြည်တွင်းအင်အားကသာ အဓိကကျသည့်အတွက် ပြည်တွင်း၌ရှိသည့် အရင်းအမြစ်မျိုးစုံကို အလေအလွင့်မရှိစေဘဲ အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုကြရမည်ဖြစ်ကြောင်း။

**" နိုင်ငံတော်က မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက်အောင်မြင်ရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ မူဝါဒရည်မှန်းချက်များကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်ခံယူပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး ပြည်နယ်များက ဟန်ချက်ညီညီ၊ အချိတ်အဆက်မိမိ ပူးပေါင်းပြီး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ တိုင်းသူပြည်သားများ၏ သာယာဝပြောရေးတို့အတွက် ပြည်သူ့ဗဟိုပြုလုပ်ငန်းများကို လူထုနှင့်လက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားမည် "**

**ဆက်လက်ဆောင်ရွက်သွားမည်**

နိုင်ငံတော်က မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက်အောင်မြင်ရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ မူဝါဒရည်မှန်းချက်များကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်ခံယူပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး ပြည်နယ်များက ဟန်ချက်ညီညီ၊ အချိတ်အဆက်မိမိ ပူးပေါင်းပြီး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ တိုင်းသူပြည်သားများ၏ သာယာဝပြောရေးတို့အတွက် ပြည်သူ့ဗဟိုပြုလုပ်ငန်းများကို လူထုနှင့် လက်တွဲပြီး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ (မူကြမ်း) ပြုစုရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊



အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှာစကားပြောကြားစဉ်။

ပို့ကုန်မြှင့်တင်ရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍအပါအဝင် အခြားကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြုစုထားခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ရရှိပြီးသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ဆက်လက်ထိန်းသိမ်းသွားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**လက်တွဲညီညီဖြင့် ဝိုင်းဝန်းကြိုးပမ်း**

နိုင်ငံတော်၏အရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး တိုးတက်သည့် ရလဒ်ကောင်းများရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူလူထုတို့၏ အဓိကလိုအပ်သည့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် စီမံကိန်းများ အချိန်မီပြီးစီးစေရေးအတွက်လည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ လက်တွဲညီညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ စီမံကိန်း အသုံးစရိတ်များကိုလည်း စနစ်တကျ ထိရောက်စွာ စီမံခန့်ခွဲရန်လိုအပ်မည်ဖြစ်ကြောင်းကို ဆွေးနွေးပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကို သုံးသပ်ဆွေးနွေးပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း (မူကြမ်း) ရေးဆွဲထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

**အသီးသီးရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်း လျာထားမှုနှင့် ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတစ်ခုတွင် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားများ ကောင်းမွန်နေရန်လိုကြောင်း၊ အဆိုပါအင်အားများ ကောင်းမွန်ရန်အတွက် နိုင်ငံတည်ငြိမ်အေးချမ်းရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံတစ်ခုတိုးတက်ရေးအတွက် အသေးစိတ်ကျကျ လက်တွေ့သုံးသပ် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အချို့ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စီမံကိန်းများကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်းမရှိသည်ကို တွေ့ရကြောင်း၊ အားနည်းချက်များကိုဖော်ထုတ်၍ လာမည့် ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း။

**ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်**

သွင်းကုန်များ လျှော့ချပြီး ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ထုတ်ကုန်များပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်း၌ ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများဖြင့် လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်များပြားလာမှသာ ထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း၊ ပြည်ပဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

**နိုင်ငံခြားငွေကုန်ကျမှုကို များစွာလျှော့ကျစေမည်**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း ဆောင်ရွက်လျက်ရှိနေကြကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အဆင့်မီကုန်ချောများထုတ်လုပ်နိုင်သည့် (MSME) လုပ်ငန်းများ များစွာရှိသော်လည်း အားပေးဆောင်ရွက်မှုအားနည်းသည်ကိုတွေ့ရကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရန်လိုသကဲ့သို့ အခြားထုတ်ကုန်များကိုလည်း အဆင့်မီစွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရှိပြီးဖြစ်သည့် လူသားအရင်းအမြစ်များကို နေရာတကျ အသုံးချနိုင်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ဆောင်ရွက်နိုင်ရန်နှင့် အဆင်ပြေချောမွေ့စွာဖြင့် လုပ်ငန်းများ တိုးတက်လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို အကျိုးရှိရှိဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ နိုင်ငံသားများထဲမှ ငွေကြေးရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်သူများအား ကုန်ထုတ်လုပ်မှု၌ ရင်းနှီးမြှုပ်နှံရေး ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေးကို အလေးထားရန် ထပ်မံပြောကြားလိုကြောင်း၊ *စာမျက်နှာ ၅ သို့*

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄)သို့ တက်ရောက် အမှာစကားပြောကြား

## တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခြေကျပြီးဖြစ်သည့် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများကိုအခြေခံပြီး ဒေသအလိုက်ထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုကိုတိုးမြှင့်၍ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာရေးဆောင်ရွက်ရန် အထူးလိုအပ်

နေပြည်တော် မတ် ၂၁

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄) ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

### အထူးဦးစားပေးဆောင်ရွက်လျက်ရှိ

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်အစမှအဆုံးအထိ ရငွေများကို လျာထားသည့်အတိုင်းရရှိရေးနှင့် သုံးငွေများကိုလည်း လျာထားသည့်အတိုင်း သုံးစွဲနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသားရေး ရည်မှန်းချက် (၂) ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ရည်မှန်းချက်များ အောင်မြင်စေရန် နိုင်ငံတော်က စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထူးဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် တိုင်းဒေသကြီး ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများသည် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များ၊ အမျိုးသားရေး ရည်မှန်းချက်တာဝန်များကို အောင်မြင်စေရေးအတွက် ဘဏ္ဍာရေးမူဝါဒအဖြစ် ပြဋ္ဌာန်းပေးသော ဥပဒေများဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေး အသုံးစရိတ်များကို စနစ်တကျစီမံခန့်ခွဲထိန်းချုပ်နိုင်ခဲ့ပြီး ကိုဗစ် - ၁၉ ကြောင့် ကျဆင်းခဲ့ရသည့် နိုင်ငံ့စီးပွားရေးကို ပြန်လည်တိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

### ဦးစားပေးလျာထားသုံးစွဲသွားမည်

ဘဏ္ဍာငွေ အရအသုံးများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ယခင်ဘဏ္ဍာရေးနှစ် အတွေ့အကြုံများအပေါ် အခြေခံပြီး တွေ့ကြုံရမည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားပြီး ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေး၊ ကျန်းမာရေးကဏ္ဍ အသုံးစရိတ်များ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အသုံးစရိတ်များ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် အသုံးစရိတ်များ၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းများအတွက် အသုံးစရိတ်များ စသည့်ပိုမိုလိုအပ်သော ကဏ္ဍများအတွက် ဦးစားပေးလျာထားသုံးစွဲသွားမည်ဖြစ်ကြောင်း၊ အစိုးရများ၏ အုပ်ချုပ်မှုဆိုင်ရာအသုံးစရိတ်များကို စိစစ်သုံးစွဲပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုမည့် အသုံးစရိတ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူပြုသည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲကြရန်လိုအပ်ကြောင်း။

### ဝိုင်းဝန်းဆွေးနွေးအတည်ပြု

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်မီပေးပို့တင်ပြနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ယနေ့အစည်းအဝေးတွင် စိစစ်တင်ပြပြီးဖြစ်သည့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို တင်ပြရာတွင် သက်ဆိုင်ရာဘတ်ဂျက်စိစစ်သည့် အဖွဲ့အစည်း၊ ကော်မတီများမှ အဆင့်ဆင့်စိစစ်ဆောင်ရွက်ခဲ့ကြောင်း၊ အသုံးစရိတ်အပိုင်းတွင်လည်း နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အလုံအလောက် ဖြန့်ဖြူးပေးနိုင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးတို့အတွက် လက်ငင်းအကျိုးရှိပြီး ဘက်စုံအကျိုးသက်ရောက်စေမည့် အသုံးစရိတ်များကို အဓိကထား ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း။

### လျာထားခွင့်ပြုပေးခဲ့ပြီးဖြစ်

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ယခင်ဘဏ္ဍာရေးနှစ်များနည်းတူ ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသာမက နေရပ်စွန့်ခွာပြည်သူများအတွက် စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေး အရေးပေါ်ရန်ပုံငွေ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေတို့ကို လျာထားခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၄-၂၀၂၅ ပြည်ထောင်စု၏ အရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သီတာဦးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၄-၂၀၂၅ ပြည်ထောင်စု၏ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦး က ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏

*စာမျက်နှာ ၅ သို့*



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

**“ စီးပွားရေးစီမံကိန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုပြီး ရည်မှန်းချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရာတွင် MSME လုပ်ငန်းများကိုအခြေခံ၍ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးကာ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်သည်အထိ ထုတ်လုပ်နိုင်ရမည် ”**

စာမျက်နှာ ၃ မှ

နှစ်စဉ်ပျမ်းမျှ စားသုံးဆီ ဒေါ်လာ သန်း ၅၀၀ မှ ၆၀၀ အတွင်း ပြည်ပမှ တင်သွင်းနေရမှုအား ဆီဖူလုံအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေကုန်ကျမှုကို များစွာ လျှော့ကျစေမည်ဖြစ်ကြောင်း။

သယံဇာတပစ္စည်းများ တရားမဝင်ထုတ်ယူခြင်း၊ ရောင်းဝယ်ခြင်းနှင့် တရားမဝင်ကုန်သွယ်မှုများ မဖြစ်ပေါ်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသားစီမံကိန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး သုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ကြိုတင်ပြင်ဆင်စီစဉ်ဆောင်ရွက်ထား**

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးတွင် ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းကို ဆွေးနွေးညှိနှိုင်းကြပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ငန်းများကို ကြိုတင်ပြင်ဆင်စီစဉ်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရည်မှန်းထားသည့်အတိုင်း ဆောင်ရွက်နိုင်ရေး လုပ်ငန်းအလိုက် အဆင့်ဆင့်ကြီးကြပ်စစ်ဆေးမှုများ၊ စိစစ်သုံးသပ်မှုများကို အားကောင်းစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းကြောင့် ပြည်သူတို့၏ လူမှုစီးပွားအကျိုး ခံစားခွင့်များရရှိရေးကို ဦးတည်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပုဂ္ဂလိက ကဏ္ဍကထုတ်လုပ်သည့် လုပ်ငန်းများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်တင်ပို့နိုင်ရေးကို အားပေးမြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အချိန်ယူ ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ ပညာအရည်အသွေးပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ၊ နည်းပညာများ သင်ကြားနိုင်ရေးနှင့် မှန်ကန်သည့် တွေးခေါ်မြော်မြင်မှုများရရှိရေး လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့် ခေတ်မီနိုင်ငံတော်တည်ဆောက်နိုင်ရေးကို မျှော်မှန်းပြီး လူငယ်များ ဗလငါးတန်ပြည့်ဝရေး သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

အစိုးရနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဖော်ဆောင်ကြရမည့် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသား စိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာနှင့် ကြိုးပမ်းကြရန်လိုအပ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပြည်တွင်းအားနှင့် စုပေါင်းပြီးသတိဝီရိယနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ယခင်ဘဏ္ဍာရေးနှစ်မှ လုပ်ငန်းပြီးပြတ်ခြင်းမရှိဘဲ ပြန်လည်အပ်နှံခဲ့သည့် ဘဏ္ဍာငွေများကိုလည်း ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် အကျိုးရှိရှိအသုံးချလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် အလေးထား အားပေးဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

စာမျက်နှာ ၄ မှ

- **တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ပြည်ထောင်စုမှ ထောက်ပံ့ပေးသည့်ငွေအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်က ကောက်ခံရရှိသည့် ရငွေများကို ပြည့်ပြည့်ဝဝရရှိအောင် ကြိုးပမ်းဆောင်ရွက်**
- **တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်ဂျက်များသည် အရအသုံးညီမျှသည့် ဘက်ညီဘတ်ဂျက်ပုံစံနှင့် ရေးဆွဲထားခြင်းဖြစ်သည့်အတွက် ရငွေပြည့်ပြည့်ဝဝရရှိမှသာ သုံးငွေကိုလည်း ပြည့်ပြည့်ဝဝသုံးစွဲနိုင်မည်ဖြစ်ကြောင်းကို သတိပြုစေလို**

ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းများနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အသီးသီး တင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခြေကျပြီးဖြစ်သည့် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး ဒေသအလိုက် ထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုကို တိုးမြှင့်၍ ဒေသခံများ၏ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိလာရေး ဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊** ထို့အပြင် စီးပွားရေး စီမံကိန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုပြီး ရည်မှန်းချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရာတွင် MSME လုပ်ငန်းများကိုအခြေခံ၍ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးကာ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်သည်အထိ ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း။

**ကုန်ထုတ်လုပ်မှုများတိုးတက်လာမည်**

ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် Mass production များဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးကိုသာမက သား၊ ငါးမွေးမြူရေးကဏ္ဍများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းတွင် အဓိက သား ငါးများဖြစ်ကြသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးများကို မွေးမြူဖြစ်ထွန်းကြောင်း၊ အလားတူ အသီးအရွက်နှင့် စက်မှုကုန်ကြမ်းသီးနှံများကိုလည်း စိုက်ပျိုးနိုင်ကြောင်း၊ အဆိုပါစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း။

**လုပ်ငန်းများတိုးတက်အောင်မြင်လာမည်**

ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့်လည်း နိုင်ငံတော်ဘဏ္ဍာငွေများကို သုံးစွဲရာတွင် အကျိုးရှိထိရောက်စွာအသုံးချကြစေလိုကြောင်း၊ အလားတူ ရငွေများ အပြည့်အဝရရှိစေရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့တွင်ရှိပြီးဖြစ်သည့် အုပ်ချုပ်ရေးယန္တရား၊ တရားဥပဒေစိုးမိုးရေး ယန္တရားများကို အသုံးချ၍ ပေါင်းစပ်ညှိနှိုင်းပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအလိုက်လုပ်ငန်းများ တိုးတက်အောင်မြင်လာမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းများ တိုးတက်လာမည်ဆိုပါက နိုင်ငံအတွက်လည်း တိုးတက်မှုများကို ခံစားရမည်ဖြစ်သဖြင့် အချင်းချင်း အပြန်အလှန် တိုင်ပင်ဆောင်ရွက်ကြရန် အလေးထား မှာကြားလိုကြောင်း ပြောကြားသည်။

**အလေးထားအကောင်အထည်ဖော်**

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်ကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူများအတွက် လိုအပ်ချက်နှင့်အညီ ထိရောက်သည့် အသုံးစရိတ်ဖြစ်စေရေးနှင့် လျာထားချက်နှင့်အညီ အချိန်မီသုံးစွဲရေးကို အဆင့်ဆင့်တာဝန်ရှိသူများက အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကြီးကြပ်သူများအနေဖြင့်လည်း မိမိတာဝန်ယူရသည့် ဌာနအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများသာမက ဘဏ္ဍာရေး စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးကြီးကြပ်မှုလုပ်ငန်းများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားကြရန် အလေးထား မှာကြားလိုကြောင်း။

**ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီဆောင်ရွက်**

၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရာသီဥတုနှင့် အခြားအခြေအနေများအရ ယခင်ဘဏ္ဍာရေးနှစ်များထက် အရေးပေါ်ရန်ပုံငွေကို တိုးမြှင့်လျာထားသုံးစွဲနိုင်ရေး စီစဉ်ထားကြောင်း၊ ထို့အပြင် ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်၌ ပြည်ထောင်စုဝန်ကြီးဌာနများက နယ်မြေအခြေအနေအရ လုပ်ငန်းဆောင်ရွက်နိုင်မှု မရှိခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် **“အထွေထွေ ပိုလျှံ ရန်ပုံငွေ”** (GRF) သို့ ပြန်လည်အပ်နှံသည့် ပိုလျှံငွေများမှ ပညာရေး၊ ကျန်းမာရေး၊ ဆောက်လုပ်ရေး ကိစ္စတို့၌ အထူးကိစ္စတစ်ရပ်အနေဖြင့် လွှဲပြောင်းသုံးစွဲခွင့်ပြုထားပြီး ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် ပြည်ထောင်စုမှ ထောက်ပံ့ပေးသည့် ငွေအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်က ကောက်ခံရရှိသည့် ရငွေများကို ပြည့်ပြည့်ဝဝရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်ဂျက်များသည် အရအသုံးညီမျှသည့် ဘက်ညီဘတ်ဂျက်ပုံစံနှင့် ရေးဆွဲထားခြင်းဖြစ်သည့်အတွက် ရငွေပြည့်ပြည့်ဝဝရရှိမှသာ သုံးငွေကိုလည်း ပြည့်ပြည့်ဝဝသုံးစွဲနိုင်မည်ဖြစ်ကြောင်းကို သတိပြုစေလိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် လျာထားသည့် ရငွေများနှင့် အသုံးစရိတ်များကို စီမံခန့်ခွဲကြီးကြပ်ဆောင်ရွက်ရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ ထိရောက်အောင်မြင်စွာ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ထားဝယ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် မတ် ၂၁**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေး အဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ရှေ့တန်းစခန်းများနှင့် တပ်နယ်များအလိုက် နယ်မြေခံ တပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုဖျော်ဖြေလျက်ရှိရာ ယနေ့တွင် တနင်္သာရီ တိုင်းဒေသကြီး၊ ထားဝယ် တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူး ချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်း တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စိတ်လက်ပျော်ရွှင်ကြည်နူး ချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ လွတ်လပ်ပေါ့ပါးစွာ အတူတကွ ပါဝင်သီဆိုကြသည်။



ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ အဖွဲ့သားများကို နယ်မြေခံတပ်များမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# တပ်မတော်နှင့် ပြည်သူတွဲလက်ညီစွာ ရန်အပေါင်းကို တူယှဉ်ကာတိုက်ကြမှာ ....

--- မင်းသော် ---

**လူသားတို့၏ မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြား ကျန်းကျန်းမာမာအေးချမ်းသာယာစွာ အသက်ရှင်ရပ်တည်နိုင်ရေးသည် အရေးကြီးပြီး ထိုကဲ့သို့နေထိုင်လိုကြသူ ချည်းသာ။ သို့သော် နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ကာကွယ်ပေးနိုင်ရန်အတွက် သူတို့၏အသက်ခန္ဓာ၊ ကိုယ်လက်အင်္ဂါ၊ စည်းစိမ်ဥစ္စာ၊ မိဘ ဇနီး သားသမီးတို့နှင့် အေးချမ်းသာယာသောဘဝကို စွန့်လွှတ်ဝံ့သူတို့ရှိသည်။ သာမန်လူတို့လုပ်နိုင်ရန် ခက်ခဲသည့် အရာရာကိုပေးဆပ်ခြင်းဖြင့် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုကြသူများသည် တပ်မတော်သားများပင်ဖြစ်၏။**

တိုင်းတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝဖြင့် နှစ်ပေါင်း ၁၀၀ ကျော် ဖိနှိပ်ခံခဲ့ရခြင်းတွင် မျိုးချစ်တိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများစွာ ရှိသော်လည်း လွတ်လပ်ရေးရရှိသည် အထိကား အောင်မြင်မှုမရရှိခဲ့ပေ။ အဓိက အကြောင်းတရားမှာ စစ်ရေးစွမ်းအင်ပြည့်ဝသည့် တပ်မတော်မရှိခဲ့သည့်အတွက် ဟု မိမိတို့ဘိုးဘွားတို့ ကောင်းစွာ သဘောပေါက်ရာမှသည် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကျိပ်တို့၏ ဦးဆောင်မှုနောက်ဝယ် မြန်မာ့တပ်မတော် သန္ဓေတည်ရာအစ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ပေါ်ပေါက်လာခဲ့သည်။



၂၀၂၃ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့် (၇၈) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အလေးပြုမှုကို ခံယူစဉ်။

**✳ တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေး ခေတ်အဆက်ဆက်တိုင်းတွင် ကြိုးပမ်းခဲ့ဖူးသည်။ တပ်မတော်သားတို့မည်သည် ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်ရန်အတွက် မတိုက်လျှင်မဖြစ် တိုက်ကြရသည်။ ထို့ပြင် နိုင်ငံနှင့် ပြည်သူတို့ ဘေးအန္တရာယ်များ ကြုံတွေ့ချိန်တိုင်း အသက်ကိုပဓာနမထားဘဲ လူသားချင်း စာနာထောက်ထားမှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ရှေ့တန်းက မားမားမတ်မတ် ရပ်တည်ဆောင်ရွက်နေမှုများ များစွာရှိခဲ့သည်။ သဘာဝဘေးအန္တရာယ်ကျရောက်မှုတိုင်း တပ်မတော်သားများ မပါ၍မပြီး၊ နိုင်ငံရပ်ခြား၌ အတိဒုက္ခရောက်ကြရသည့် မြန်မာများအတွက် ဆောင်ရွက်ပေးခဲ့**

## လွတ်လပ်သည့် တိုင်းပြည်ဖြစ်လာ

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကျိပ်ဝင်များ၊ မျိုးချစ်လူငယ်များသည် ပင်ပန်းဆင်းရဲမှုတို့ကိုအန်တုရှ၍ စစ်ပညာကို သင်ယူခဲ့ကြပြီး လွတ်လပ်ရေးအတွက် အတူတကွတိုက်ပွဲဝင်ရန် လက်မောင်းသွေးဖောက် သစ္စာပြုခဲ့ကြသည်။ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ဗမာ့တပ်မတော်ကြီး၏ ဦးဆောင်မှုနှင့်အတူ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် တစ်နိုင်ငံလုံး လှည်းနေ၊ လှေအောင်း၊ မြင်းဇောင်းမကျန် နယ်ချဲ့တို့ကို အတိအလင်း စစ်ကြေညာ၍ တိုက်ခိုက်ခဲ့သည့် ထိုတစ်နေ့ကို "တပ်မတော်နေ့" အဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့သည်မှာ ၇၉ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

ထိုခေတ် ထိုအခါ (၂၀) ရာစု၏ တာထွက်စကတည်းကပင် ဗမာ့တပ်မတော်သည် ခက်ခဲသည့် ခရီးကြမ်းရှည်ကို ဖြတ်သန်းခဲ့ရသည်။ တစ်နိုင်ငံလုံး တိုင်းရင်းသားအပေါင်း လွတ်လပ်ရေးရရှိစေရန် အသက်သွေးချွေးပေါင်းများစွာ စတေးခဲ့သည်မှာ (၂၁) ရာစု လူငယ်များအဖို့ နမူနာကောင်းများပင်ဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေး သက်တမ်း သုံးလပင်မပြည့်သေး ကွန်မြူနစ်ပါတီက အစိုးရကို စတင်ပုန်ကန်သည်။

## လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာသည့် ပြည်တွင်းစစ်မီး

ဝါဒမတူ၊ နိုင်ငံရေးအမြင်မတူညီမှုကို အခြေခံကာ တောခိုကွန်မြူနစ်တို့ ထကြွသောင်းကျန်းခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အချို့လည်း ပေါ်ထွက်လာခဲ့သည်။ နိုင်ငံအရေးအခင်းတိုင်းတွင် မပါမပြီးသည့် တပ်မတော်မှာ မနေသာတော့ဘဲ တိုင်းပြည်အနာဂတ်အတွက် တာဝန်ယူကာကွယ်ခဲ့ရပြန်၏။ ၁၉၄၉ ခုနှစ် ဇန်နဝါရီတွင် အင်းစိန်တိုက်ပွဲ စတင်ဖြစ်ပွားသည်။ ရောင်စုံသူပုန်တို့က ပြည်မြို့ကို သိမ်းသည်။ ပျော်ဘွယ်၊ မိတ္ထီလာ၊ မန္တလေး၊ သထုံ၊ မော်လမြိုင် စသည့် မြို့များကို ကေအန်ဒီအို၊ ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်နှင့် တောခိုသူပုန်တပ်များက သိမ်းပိုက်ထားသည်။

ထိုကာလတွင် ရောင်စုံသူပုန်များအကြား တပ်မတော်သည် ရှိစုမဲ့စုအင်အားဖြင့် ပြည်ထောင်စုအလံတော် ယိမ်းယိုင်ပြိုလဲမကျစေရေး ကျားကန်နေရဆုံး အချိန်ဟု ဆိုနိုင်ပါသည်။ သောင်းကျန်းသူများက နိုင်ငံအနှံ့အပြားကို သိမ်းပိုက်ထားသဖြင့် ရန်ကုန်အစိုးရဟုပင် ခေါ်ဝေါ်ခဲ့ကြဖူးသည်။ ထိုစဉ်က တပ်အင်အားမှာ နှစ်သောင်းသာရှိပြီး သူပုန်တို့အင်အားကား နှစ်ဆမျှပိုခဲ့သည်။ နိုင်ငံတော်ကို ကာကွယ်ရန်ဟူသည့် တပ်မတော်သားများ၏ မြဲမြံခိုင်မာသည့် စိတ်ဓာတ်ခွန်အားကိုမူ ပုန်ကန်သူတို့ အစွန်းအနားမျှမမီ။ စိတ်ဓာတ်ခွန်အားကြောင့်ပင် ပြည်တွင်းရောင်စုံသူပုန်များကိုသာမက ပြည်ပတရုတ်ဖြူကျူးကျော်မှုကိုပါ တွန်းလှန်ရင်ဆိုင်နိုင်ခဲ့သည်။ ၁၉၈၈ခုနှစ် နိုင်ငံအရေးပေါ်အခြေအနေတွင် လည်းကောင်း၊ ၂၀၂၀ပြည့်နှစ် ရွေးကောက်ပွဲ၏ မဲမသမာမှုကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အခွင့်အရေးများ မဆုံးရှုံးစေရန်နှင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက်လည်းကောင်း တပ်မတော်ကပင် လူမုန်းခံကျားကန်ထိန်းသိမ်း တည့်မတ်နေခဲ့ရသည် မဟုတ်ပါလား။

## စွမ်းရည်ပြည့်ဝသည့် အနာဂတ်တပ်မတော်

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေး ခေတ်အဆက်ဆက်တိုင်းတွင် ကြိုးပမ်းခဲ့ဖူးသည်။ တပ်မတော်သားတို့မည်သည် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ရန်အတွက် မတိုက်လျှင်မဖြစ် တိုက်ကြရသည်။ ထို့ပြင် နိုင်ငံနှင့်ပြည်သူတို့ ဘေးအန္တရာယ်များ ကြုံတွေ့ချိန်တိုင်း အသက်ကိုပဓာနမထားဘဲ လူသားချင်း စာနာထောက်ထားမှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ရှေ့တန်းက မားမားမတ်မတ် ရပ်တည်ဆောင်ရွက်နေမှုများ များစွာရှိခဲ့သည်။ သဘာဝဘေးအန္တရာယ် ကျရောက်မှုတိုင်း တပ်မတော်သားများ မပါ၍မပြီး၊ နိုင်ငံရပ်ခြား၌ အတိဒုက္ခရောက်ကြရသည့် မြန်မာများအတွက်လည်းကောင်း၊ ကမ္ဘာ့ကပ်ရောဂါနှင့် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေချိန်များတွင် လည်းကောင်း၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ မလုံခြုံဘဲ အကြမ်းဖက်သောင်းကျန်းသူများ၏ ထိပါးစော်ကားမှုတို့ကို လည်းကောင်း တပ်မတော်သားများက ရှေ့ဆုံးက အင်တိုက်အားတိုက် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ကမ္ဘာတွင် နိုင်ငံတော်ကာကွယ်ရေးဟုဆိုလိုက်လျှင် စစ်ပွဲများဆင်နွှဲခြင်းတစ်ခုတည်းသာမက နိုင်ငံတကာ စစ်ပွဲသဘောတရားများ အသွင်ပြောင်းလဲလာသည်နှင့်အမျှ စစ်မှုရေးရာကျွမ်းကျင်သူများဖြစ်စေရန် နိုင်ငံရေးနည်းလမ်း၊ စီးပွားရေးနည်းလမ်း၊ လူမှုရေးနည်းလမ်း၊ မူဝါဒသဘောတရားရေး နည်းလမ်းများနှင့် ဝါဒဖြန့်ချိရေး နည်းလမ်းများကိုပါ အသုံးပြုလာသည်ကို မြင်တွေ့ရသည်။ ထို့အပြင် တပ်မတော်၏အရည်အချင်းသည် လူတစ်ဦးချင်းစီ၏ စွမ်းရည်ပေါ်တွင် အခြေခံပြီး စစ်လက်နက်ပစ္စည်းများ၏ စွမ်းအားနှင့် ပေါင်းစပ်ရခြင်းဖြစ်သည့်အတွက် တပ်မတော်သားများ၏ တစ်ဦးချင်းစွမ်းရည်မြင့်မားရေးကို အလေးအနက်ထားဆောင်ရွက်ကြရသည်။

မိမိတို့ မြန်မာ့တပ်မတော်သည်လည်း ကာကွယ်ရေးကဏ္ဍကို မြှင့်တင်နိုင်ရန် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားရှိသည့် ခေတ်မီတပ်မတော် (Standard Army) အဖြစ် ရည်မှန်းချက်ထား ဖွဲ့စည်းတည်ဆောက်လျက်ရှိပြီး အနာဂတ်တပ်မတော်ကို Standard Army အဖြစ် တည်ဆောက်နိုင်ရန်လည်း အားထုတ်ကြိုးပမ်းလျက်ရှိပါသည်။ တပ်မတော်အနေဖြင့် နိုင်ငံရေးလုပ်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်သည့် တိုင်းပြည်တည်ဆောက်ရေး (Nation Building) ကို ပုံဖော်နေခြင်းပင်ဖြစ်ပါသည်။

တပ်မတော်သားများသည် သစ္စာ အဓိဋ္ဌာန်လေးချက်ကို ဦးထိပ်ပန်ဆင်ကာ စစ်သည်တော်ကျင့်ဝတ် အပါး ၆၀ ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းနေထိုင်ကြသူများဖြစ်ပြီး တပ်မတော်သည် နိုင်ငံတော်၏ ကာကွယ်ရေးအဖွဲ့အစည်းဖြစ်၍ တပ်မတော်ပြိုကွဲလျှင် နိုင်ငံလည်း ပျက်သုဉ်းရပေလိမ့်မည်။ မြန်မာနိုင်ငံပျက်စီးရေးကို ရှေးရှု၍ တပ်မတော်ကို ပစ်မှတ်ထား နည်းလမ်းမျိုးစုံ ပြောဆိုလုပ်ကြသူများ၊ သပိတ်နည်းလမ်းမှသည် အကြမ်းဖက်သမားများအဖြစ် နိုင်ငံတော်နှင့် တပ်မတော်ကို ပြိုလဲအောင် အလဲထိုးတိုက်ခိုက်လိုသူများမှာ ခေတ်အဆက်ဆက် ဒုနှင့်ဒေး ရှိနေဆဲ။

**ကာကွယ်ရေးအင်အား ပိုမိုတောင့်တင်း**

အကျိုးစီးပွားအတွက်၊ အခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်အတွက် နိုင်ငံရေးအပါးမဝသူများ၊ ဉာဏ်အမြော်အမြင် နည်းပါးသူများကြောင့် *စာမျက်နှာ ၇ သို့*

# (၇၉) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးအတွင်း ဒုတိယမြောက် စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း မင်းဘူး (စကု) မြို့နယ်၌ ဖွင့်လှစ်

**မင်းဘူး မတ် ၂၁**

(၇၉) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး အတွင်း ဒုတိယမြောက် စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းကို မင်းဘူး (စကု) မြို့နယ် ဥယျာဉ်ဇင်ကျေးရွာအုပ်စုရှိ သိမ်ကုန်းရှေ့တန်းစခန်းဝင်းအတွင်း၌ ဖွင့်လှစ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

သင်တန်းကျောင်း ဖွင့်ပွဲကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ တိုင်းဒေသကြီး ဝန်ကြီးများက (၇၉) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မတ် ၁၉ ရက်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။



အဆိုပါ သင်တန်းကျောင်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းနှစ်ရပ်ခွဲ၍ ဆောက်လုပ်ခွင့်ပြုခဲ့ကြောင်း၊ အာရ်စီ တစ်ထပ် စာသင်ဆောင် ပင်မအဆောက်အအုံ (၉၀ x ၃၀ x ၁၂) ပေ အရွယ်အစားရှိ ပထမလုပ်ငန်းတစ်ရပ်ကို ခွင့်ပြုငွေကျပ် ၁၆၁ ဒသမ ၅၄၁ သန်းဖြင့်လည်းကောင်း၊ အလားတူ (၆၀ x ၃၀ x ၁၂) ပေ အရွယ်အစားရှိ တစ်ထပ် စားသောက်ဆောင်နှင့် မီးဖိုဆောင် အပြင် ရေစင်၊ ရေကန်နှင့် လျှပ်စစ်မီးသွယ်တန်းခြင်း ဒုတိယလုပ်ငန်းတစ်ရပ်ကို ခွင့်ပြုငွေကျပ်သန်း ၁၆၀ ဒသမ ၉၀ တို့ဖြင့် ဆောက်လုပ်ရေးကုမ္ပဏီ နှစ်ခုက တာဝန်ယူဆောက်လုပ်ခဲ့ကြောင်း၊ ယခုအခါ သင်တန်းကျောင်း၌ တောင်သူပညာပေးသင်တန်းများ စတင်ဖွင့်လှစ်၍ စိုက်ပျိုးနည်းပညာများကို မျှဝေဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးဇော်လင်းက ပြောသည်။

**သင်တန်းကျောင်းများ ဖွင့်လှစ်**

မကွေးတိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေး နည်းပညာများကို မြေပြင်တွင် လက်တွေ့ဖြန့်ဝေဆောင်ရွက်ပေးနိုင်ရန် စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေများဖြင့် မြို့သစ်မြို့နယ်နှင့် မင်းဘူး(စကု) မြို့နယ်တို့တွင် တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

**မောင်မောင် (မင်းဘူး)**

# ရွှေတောင်မြို့နယ်အတွင်း လမ်းအဆင့်မြှင့်တင်ရန် မြေပြင်ကွင်းဆင်းစစ်ဆေး

**ရွှေတောင် မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်လမ်းဦးစီးဌာန၊ မြို့နယ်ကျေးလက်လမ်းဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မတ် ၁၉ ရက်တွင် ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ရွှေတောင်မြို့နယ် ညောင်စာရေးကျေးရွာနှင့် ဇီးကျွန်းကျေးရွာအုပ်စု ရေဦးကျေးရွာ ဆက်သွယ်သည့်လမ်း ( မြေသားလမ်း) ကို ကျောက်ချောလမ်းအဖြစ် လမ်းအဆင့်မြှင့်တင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းတိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်သည်။

**ကိုကိုမင်း (ပြန် /ဆက်)**

*စာမျက်နှာ ၆ မှ*

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကြီးမှာ သမိုင်းတွင် နာမည်ဆိုးဖြင့် အရိပ်မည်းစွန်းထင်ခဲ့ရပြီ။ မဲမသမာမှုကို ဖော်ထုတ်၍ တည့်မတ်ပေးနေသည့် တပ်မတော်၏ စေတနာကို နားလည်ပေးနိုင်ဖို့ဝေးစွ၊ ရိုးသားသည့်ပြည်သူများ၊ လူငယ်များကို ပြည်ဖျက်လုပ်ငန်းစဉ်များ အတွက် နောက်ကွယ်က ကြိုးကိုင်မြှောက်ပင့်ပေး၍ တိုင်းဖျက်၊ ပြည်ဖျက်လမ်းစဉ် ဖော်ဆောင်ကြသည်။

နောက်ဆက်တွဲကား ကိုယ်ကျိုးရှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ အကြမ်းဖက် PDF များက ထကြွလာကာ တစ်ရွာတစ်ဗိုလ်နည်းဖြင့် တိုင်းပြည်အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲစေရန်၊ ပြည်သူများ တည်ငြိမ်အေးချမ်းစွာ နေထိုင်ခွင့်မရစေရန်၊ တိုင်းပြည်နာလန်မထူစေရန်နှင့် မိမိတို့အကျိုးစီးပွားများအတွက် နိုင်ငံကိုခုတုံးလုပ်ကာ ပြည်ဖျက်လုပ်ငန်းအမျိုးမျိုးကို လုပ်ဆောင်ခဲ့ကြသည်။ လက်ရှိကာလတွင် မိမိတို့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်ပေး၍ နိုင်ငံ၏ကံကြမ္မာကို ပြောင်းလဲပေးနိုင်စွမ်းရှိသည်မှာ နိုင်ငံတော်၏ တစ်ခုတည်းသော မြန်မာ့တပ်မတော်သာ ဖြစ်ပါသည်။

မြန်မာ့တပ်မတော်သည် နိုင်ငံနှင့်လူမျိုးကို ကာကွယ်လိုစိတ်ရှိသည့် လူငယ်များကြောင့် ယခုကဲ့သို့ အင်အားတောင့်တင်းစွာဖြင့် ၇၉ နှစ်တိုင် အစွန့်ရှည်တည်တံ့နေရခြင်းဖြစ်သကဲ့သို့ ယခုနှစ်တွင် ထူးခြားသည့် အခြေအနေတစ်ရပ်မှာ ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်ခဲ့ပြီး မကြာမီပင် ပြည်သူ့စစ်မှုထမ်းဆောင်သူများကို မြင်တွေ့ကြရတော့မည်။ နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရမည့် အသိ၊ သတိများ ပိုမိုကိန်းအောင်းလာကြပြီးနောက် စစ်ရေးစစ်ရာ ကျွမ်းကျင်လာကြရာမှသည် နိုင်ငံတော်၏ ကာကွယ်ရေးကို အသက်ပေး ကာကွယ် တာဝန်ယူလိုစိတ်တို့ကြောင့် အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုအားကောင်းလာနိုင်မည်၊ တပ်မတော်၏ အင်အားသည်လည်း တပ်နှင့် ပြည်သူ ပေါင်းစပ်မှုဖြင့် ပို၍ပို၍ တောင့်တင်းခိုင်မာလာတော့မည်ဟု မျှော်လင့်မိသည်။

**အသက်ကိုလောင်းကြေးတင်၍ စွန့်လွှတ်စွန့်စားဝံ့သူများ**

နိုင်ငံ၏ လွတ်လပ်ရေးရပြီး သမိုင်းကြောင်းတစ်လျှောက် ပြည်ထောင်စုကြီးပြိုကွဲရေးကို တွန်းပို့သည့် ခြိမ်းခြောက်မှုများသည် ယခုမှပေါ်ပေါက်လာသည်မဟုတ်၊ မကြာခဏ ကြုံတွေ့ရစမြဲ။ အမှားနှင့် အမှန်၊ အဖြူနှင့် အမည်း မကွဲပြားခင် ဖွံ့ဖြိုးရေးလမ်းစတို့ ပျောက်ဆုံး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး အရာအားလုံး နှောင့်နှေးခဲ့ရပြီး အမျိုးသားအကျိုးစီးပွား ရှေးရှုမည့် ဝိသေသများ ပျောက်ဆုံးကာ ကမ္ဘာ့အလယ်တွင် သိမ်ငယ်ခဲ့ရသည်။ လက်ရှိတွင် တိုင်းရင်းသားပြည်သူများ အေးချမ်းစွာနေထိုင်ဖို့အရေး အမိနိုင်ငံတော် မပြိုကွဲစေရန် စစ်တလင်း၌ အသက်ကို လောင်းကြေးထပ်၍ စွန့်စားပေးဆပ်နေကြသူများသည် တပ်မတော်သားများပင် ဖြစ်သည်။

ယနေ့ နိုင်ငံတော်အစိုးရသည် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေးအတွက် ဦးတည်ကြိုးပမ်းလျက်ရှိသည်။ ပြည်သူများအတွက် ဘဝသစ်များ ဖန်တီးပေးနိုင်ရေး အရေးကြီးဆုံးအချက်မှာ အကြမ်းဖက်မှုများ ကင်းဝေးရာ တရားဥပဒေစိုးမိုးပြီး ငြိမ်းချမ်းသည့် လူ့ဘောင်ကို တည်ဆောက်ပေးနိုင်ရေးပင် ဖြစ်ပါသည်။

မိမိတို့၏ ဘိုးဘွားတိုင်းရင်းသားလူမျိုးအားလုံးက သွေးစည်းညီညွတ်စွာဖြင့် အသက်သွေးချွေးတို့ ရင်းနှီးကာ လွတ်လပ်ရေးကို အရယူပေးခဲ့ကြသည်။ အချင်းချင်း အပြန်အလှန် တိုက်ခိုက်ခြင်းဖြင့် မိမိတို့၏ အချိန်များစွာ နှောင်းခဲ့ကြရပြီ ဖြစ်သည်။ စစ်သား၊ သူပုန် မည်သူထိခိုက်ကြွေလွင့်ရသည်ဖြစ်စေ နိုင်ငံသားအချင်းချင်းပင် ဖြစ်၍ အမိနိုင်ငံ၏ ရင်နှစ်သည်းချာသားသမီးများပင် ဖြစ်ကြသည်။

ရှေ့ဆက်၍ အကြမ်းဖက်လုပ်ရပ်များ ရပ်တန်းကမရပ်ဘဲ နိုင်ငံပျက်သုဉ်းသည်အထိ ဆင်ခြင်တုံတရားမဲ့သော အမှားမျိုးကိုတော့ တပ်မတော်နှင့် ပြည်သူများက အကြိမ်ကြိမ် နားလည်ခွင့်လွှတ်ပေးတော့မည်မဟုတ်ပါ။ မတူညီမှုများအကြား အပြန်အလှန် ရန်တုံ့နှင်းနေမည့်အစား တူညီသည့် ဖက်ဒရယ်ဒီမိုကရေစီလမ်းကြောင်းကိုသာ ရှေးရှုရင်း ငြိမ်းချမ်းစွာ၊ ရိုးသားပွင့်လင်းစွာ၊ အဂတိတရားကင်းရှင်းစွာဖြင့် မိမိတို့နိုင်ငံရေးကို မိမိတို့ကိုယ်တိုင် စဉ်းစားဆင်ခြင်ဉာဏ်နှင့် ယှဉ်ကာ ညှိနှိုင်းအဖြေရှာ လက်တွဲသွားကြမည်ဆိုလျှင် အပျော်ဆုံးလူသားများတွင် ကြည်း၊ ရေ၊ လေ စစ်သည်တော်များလည်း အပါအဝင် ဖြစ်ပေလိမ့်မည်။

**မေ့မရသောတပ်မတော်နေ့**

စာရေးသူတို့ ငယ်စဉ်ကတည်းက စိတ်လှုပ်ရှားဖွယ် နေ့ရက်များအနက် တပ်မတော်နေ့ အခမ်းအနားလည်း တစ်ခုအပါအဝင်ဖြစ်သည်။ စစ်ကြောင်းအလိုက် ချီတက်လာသည့် တပ်မတော်သားများအတွက် အမျိုးသမီးများက စံပယ်ပန်းကုံးများ သီကုံးကြသည်။ အောင်သပြေများဖြင့် ဆီးကြိုကြသည်။ နံနက်အရုဏ်ဦးဝယ် ဘင်ခရာတပ်ဖွဲ့မှ ထွက်ပေါ်လာသည့် အသံသည် စစ်သည်တို့ကို စိတ်ဓာတ်အားအင်ဖြည့်ပေးရုံမျှမက ပြည်သူများကိုပါ နိုင်ငံချစ်စိတ်၊ ရဲရင့်သည့်စိတ်တို့ကို ပေးစွမ်းနိုင်သည်။ တပ်မတော်နေ့အခမ်းအနားတွင် ကြည်း၊ရေ၊လေ စစ်ကြောင်းကြီးများ ချီတက်အလေးပြုနေသည်ကို တီဗွီဖန်သားပြင်ထက်ဝယ် စိတ်လှုပ်ရှားစွာ စောင့်ကြည့်အားပေးခဲ့ဖူးသည်။

လေသူရဲများ ဝေဟင်ပေါ်တွင် အလှပြပျံသန်းနေသည်ကိုလည်းကောင်း၊ ရေတပ်မှ ပင်လယ်ပျော်တို့၏ မောင်းနှင်လာမည့် နည်းပညာမြင့် ရေယာဉ်အမျိုးမျိုးကိုလည်းကောင်း၊ ညီညာစွာ ချီတက်လာကြသည့် ကြည်းတပ်စစ်သည်တို့ကို လည်းကောင်း၊ တစ်နှစ်ထက်တစ်နှစ် ပြောင်းလဲမြင့်မားလာသည့် စစ်ဘက်ဆိုင်ရာနည်းပညာအသစ်အဆန်းများကို လည်းကောင်း ပြည်သူတို့က စိတ်ဝင်တစား အားပေးကြသည်။ ထိုနေ့တွင် တပ်မတော်သားများ၏ စွန့်လွှတ်စွန့်စား အနစ်နာခံမှုများကိုပြည်သူတို့က ချီးကျူးဂုဏ်ပြုကြသည်။ တိုင်းပြည်အတွက် အသက်စွန့်၍ ပေးဆပ်သွားရသော စစ်သည်တော်ကြီးများကို လေးစားအောက်မေ့ရင်း၊ ဂုဏ်ယူကျေးဇူးတင်ရင်းဖြင့် ဝမ်းနည်းဝမ်းသာဖြစ်ကြရသည်။

(၇၉)နှစ်မြောက် တပ်မတော်နေ့မှသည် စစ်သည်တော်ကြီးများအားလုံး နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းရွက်ရင်း စွမ်းရည်ထက်မြက်ခြင်းနှင့် ပြည်သူချစ်သော တပ်မတော်တစ်ရပ်ပီသစွာဖြင့် ပြည်သူနှင့်အတူ ရပ်တည်ကာ တိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွားအတွက် အစဉ်ကာကွယ်စောင့်ရှောက်ပေးမည်ဟု ယုံကြည်ရင်း တပ်မတော်နေ့အား ဂုဏ်ပြုလိုက်ရပါသည်။ ။

✳ **ယနေ့ နိုင်ငံတော်အစိုးရသည် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေးအတွက် ဦးတည်ကြိုးပမ်းလျက်ရှိသည်။ ပြည်သူများအတွက် ဘဝသစ်များ ဖန်တီးပေးနိုင်ရေး အရေးကြီးဆုံးအချက်မှာ အကြမ်းဖက်မှုများကင်းဝေးရာ တရားဥပဒေစိုးမိုးပြီး ငြိမ်းချမ်းသည့် လူ့ဘောင်ကို တည်ဆောက်ပေးနိုင်ရေးပင်ဖြစ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတရွေးကောက်ပွဲသို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် မတ် ၂၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ မတ် ၁၂ ရက်မှ ၂၀ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲသို့ လေ့လာရေး သွားရောက်ခဲ့သည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။ **(အောက်ပုံ)**

ခရီးစဉ်အတွင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗဟိုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ Ms. Ella Pamfilova နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်နိုင်မည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗဟိုရွေးကောက်ပွဲ ကော်မရှင် သတင်းထုတ်ပြန်ရေး ဗဟိုဌာန၌ ကျင်းပသော ရှင်းလင်းပွဲသို့ တက်ရောက်ခြင်း၊ မော်စကိုမြို့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဌာနချုပ်သို့ သွားရောက်လေ့လာခြင်း၊ မတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် "ရွေးကောက်ပွဲဆိုင်ရာ အချုပ်အခြာအာဏာပိုင်မှုနှင့် နိုင်ငံတကာစံနှုန်းများ" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ညီလာခံသို့ ပါဝင်တက်ရောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။



ကိုယ်စားလှယ် အဖွဲ့သည် မတ် ၁၅ ရက်မှ ၁၇ ရက်အတွင်း မော်စကိုမြို့ နှင့် Kolomna ခရိုင် အတွင်းရှိ မဲရုံများတွင် မဲလက်မှတ် အသုံးပြုမဲပေးနေမှု၊ e-Voting စနစ်ဖြင့် မဲပေးနေမှုတို့ကို လေ့လာကြည့်ရှုခဲ့ကြပြီး ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ မဲဆန္ဒရှင်စာရင်း စစ်ဆေးသည့်အဆင့်မှသည် မဲပုံး အတွင်းသို့ မဲစာရွက်ထည့်သည့် အဆင့်အထိ အသေးစိတ်လေ့လာ ဆောင်ရွက်ခဲ့ကြသည်။ အလားတူ မဲရုံဆောင်ရွက်နေမှု အခြေအနေများကို CCTV ဖြင့် စောင့်ကြည့်လေ့လာနေမှုတို့ကိုလည်း သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြသည်။

ထို့ပြင် ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၈ ရက်တွင် ဗဟိုရွေးကောက်ပွဲ ကော်မရှင်ရုံး၌ ကျင်းပသည့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့ခြင်းနှင့် စပ်လျဉ်းသည့် သုံးသပ်ချက်နှင့် အမြင်ချင်းဖလှယ် ဆွေးနွေးခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**



လေ့လာရေးခရီးစဉ် အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပပုံ အခြေအနေများ၊ ရွေးကောက်ပွဲစီမံခန့်ခွဲမှုနည်းစနစ်များ၊ မဲရုံများ ဖွင့်လှစ်ထားရှိမှု အခြေအနေများ၊ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် နည်းပညာ အသုံးပြုဆောင်ရွက်နေမှု အခြေအနေများနှင့် မဲပေးမှု၊ မဲရေတွက်မှု လုပ်ငန်းစဉ် ဆောင်ရွက်နေမှု အခြေအနေများကို သိရှိလေ့လာခွင့်ရရှိခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများအပါအဝင် အထင်ကရနေရာများသို့ သွားရောက်လေ့လာခွင့်များရရှိခဲ့ကြသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲကို နိုင်ငံပေါင်း ၁၀၆ နိုင်ငံမှ ရွေးကောက်ပွဲလေ့လာသူ ၇၀၆ ဦး လာရောက်လေ့လာခဲ့ကြပြီး ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် သမ္မတကိုယ်စားလှယ်လောင်း လေးဦးအနက် လက်ရှိသမ္မတ ဗလာဒီမာပူတင်က ဆန္ဒမဲ ၈၇ ဒသမ ၂၈ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းများအား ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မတ် ၂၁**

ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနရှိ ကျောင်းအုပ်ကြီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအားများ ဟန်ချက်ညီညီ ဖြစ်ထွန်းစေရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းလိုက်နာဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ နိုင်ငံ့စွမ်းအားစုအားလုံး တစ်စိတ်တစ်ဝမ်းတည်း အားလုံးပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တစ်ခုတည်းသောနည်းလမ်းသည် အမျိုးသားစစ်မှုထမ်းစနစ် ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ သတင်းမီဒီယာအချို့က ထုတ်လွှင့်နေသည့် သတင်းမှားများကို နားယောင်မိသောကြောင့် အချို့ပြည်သူများ စိုးရိမ်ပူပန်စိတ်များ ဖြစ်ပေါ်နေကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို လေ့လာပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေလျက် နိုင်ငံတော်ကာကွယ်ရေးအတွက် တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်မိုးအောင်က စစ်မှုထမ်း ဥပဒေပါ အခန်းများ၊ ပုဒ်မများကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**သတင်းစဉ်**



မတ် ၂၁ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၅) ပြင်ဦးလွင်ခရိုင် မြန်မာ့ဆက်သွယ်ရေးရုံးရှိ ဝန်ထမ်းများအား ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းဆောင်ရွက်စဉ်။

မောင်မွေး

◆ ကျောဖုံးမှ

အသုံးချနိုင်သဖြင့် ဦးဆောင်ဂိုးရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဦးဆောင်ဂိုးကို ၃၅ မိနစ်တွင် နောက်ခံလူ စိုးမိုးကျော်က ထောင့်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့သည်။ ဆီးရီးယားအသင်းသည် အချိန်အများစု ဖိကစားနိုင်သော်လည်း မြန်မာအသင်း ခံစစ်က အဆင့်ဆင့်ဖျက်ထုတ်နိုင်ခဲ့သဖြင့် ပထမပိုင်းတွင် ထိရောက်သည့်ဂိုးသွင်းခွင့် အနည်းငယ်သာရခဲ့သလို ဒုတိယပိုင်းတွင် အခွင့်အရေးပိုရသော်လည်း မြန်မာ နောက်ခံလူများနှင့် ဂိုးသမား ကျော်ဇင်ဖြိုးတို့ ကာကွယ်ဖျက်ထုတ်နိုင်ခဲ့သည်။ ဆီးရီးယားအသင်းအတွက် ချေပဂိုးကို ၇၁ မိနစ်တွင် အယ်လ်ဒါလီက သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ကစားသမားများပြောင်းလဲကာ ရမှတ်ရယူနိုင်ရန် ကြိုးပမ်းခဲ့သလို အနိုင်ဂိုးရနိုင်မည့် အခွင့်အရေးအချို့ ထပ်မံရရှိသော်လည်း အသုံးမချနိုင်သဖြင့် နစ်နာခဲ့ရသည်။

မြန်မာအသင်းသည် မတ် ၂၆ ရက်တွင် ဆီးရီးယားအသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သော အုပ်စု(ခ) အခြားပွဲတွင် ဂျပန်အသင်းက မြောက်ကိုရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**သတင်းတု၊ သတင်းမှားများအပေါ် စဉ်းစားသုံးသပ်ဆောင်ရွက်နိုင်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ်မြှင့်တင်ပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေး**

**နေပြည်တော် မတ် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးက ဆက်လက်ဆောင်ရွက်မည့် အမျိုးသားရေးကိစ္စများနှင့် လူငယ်အသိပညာပေးလုပ်ငန်းများတွင် ပြန်ကြားရေးဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်နိုင်သည့်ကိစ္စများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လူငယ်များ အသိပညာဗဟုသုတပြည့်ဝရေးနှင့် ဗလငါးတန်ပြည့်ဝရေး၊ သတင်းတု၊ သတင်းမှားများအပေါ် စဉ်းစားသုံးသပ်ဆောင်ရွက်နိုင်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ်မြှင့်တင်ပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# လူသုံးကုန်ပစ္စည်းများထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၁**

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် "လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှု နည်းပညာသင်တန်း" သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုဖွင့်လှစ်ခဲ့သည့် သင်တန်းသည် မိမိတို့ ဝန်ကြီးဌာနမှ ဝန်ထမ်းများ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့် နည်းပညာများကို သင်ယူတတ်မြောက်စေရန်၊ တတ်မြောက်လာသည့် နည်းပညာကို ဖန်တီးအသုံးချ၍ ဝန်ထမ်းမိသားစုများ သက်သာချောင်ချိရေးအတွက် နောင်တစ်ချိန်တွင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေနိုင်သည့် အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် ထူထောင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ သင်တန်းပြီးမြောက် အောင်မြင်သွားပြီဖြစ်ပါကြောင်း၊ ယခုသင်တန်းမှ သင်ကြားပေးလိုက်သော ပညာရပ်များ၊ နည်းပညာများမှတစ်ဆင့် မိမိဘာသာဆင့်ပွားဆန်းသစ်တီထွင်၍ ပိုမိုအရည်အသွေးမြင့်မားသည့် ကုန်ပစ္စည်းများဖြစ်စေရန် ကြိုးစားဆောင်ရွက်ပြီး ဈေးကွက်သို့တင်ပို့နိုင်မည်ဆိုပါက အချိန်တိုအတွင်း မိသားစုစီးပွားရေး တိုးတက်နိုင်မည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ သင်တန်းသူ သင်တန်းသားများအနေဖြင့် သင်တန်းမှ လေ့လာသင်ယူခဲ့ရသည့် နည်းပညာ၊ ဗဟုသုတများကို အသုံးချ၍ ကိုယ်ပိုင်အသေးစား၊ အငယ်စားမှသည် အလတ်စားလုပ်ငန်းများ ထူထောင်ကာ မိသားစုစီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် ဆောင်ရွက်နိုင်ရုံသာမက ဝင်ငွေတိုးပွားပြီး ဘာသာသာသနာအကျိုး၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ယခုသင်တန်းမှ လေ့လာသင်ယူခဲ့ရသည့် နည်းပညာရပ်များသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့် ဖြစ်ပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့ပြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

ယင်းနောက် သင်တန်းတွင် ပထမဆုရရှိသည့် သင်တန်းသူကို ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ ဒုတိယဆုရရှိသည့် သင်တန်းသူကို ဒုတိယဝန်ကြီးက လည်းကောင်း၊ တတိယဆုရရှိသည့် သင်တန်းသားကို အမြဲတမ်းအတွင်းဝန်က လည်းကောင်း ဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသား သင်တန်းသူများမှ ထုတ်လုပ်ထားသည့် လူသုံးကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများတွင် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး၊ စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေး ဗဟိုအဆင့်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၁**

အခြေခံပညာ ကျောင်းများတွင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေး ဗဟိုအဆင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ် ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ UNICEF Myanmar မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ အခြေခံပညာရုံးများ၊ ကျောင်းများမှ အရာထမ်းသင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယနေ့ခေတ်ကာလ၏ ဆန်းသစ်သည့် နည်းပညာများနှင့်အတူ တိုးတက် ပြောင်းလဲလာသည့် ကမ္ဘာကြီးကို လက်လှမ်းမီနိုင်ရန် မျိုးဆက်သစ်လူငယ်များကို ကောင်းမွန်စွာ လေ့ကျင့်သင်ကြားပေးရာတွင် သိက္ခာရှိစွာ ပြုမူနေထိုင်တတ်အောင် လမ်းပြသွန်သင်ပေးသွားရမည်ဖြစ်သလို စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်မှုများသည်လည်း အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပံ့ပိုးပေးနိုင်ရန် လိုအပ်ပါကြောင်း၊



ယခုပြုလုပ်သည့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးခြင်း (Mental health & Psycho-social Support in Schools) သင်တန်းတွင် တက်ကြွစွာ သင်ယူဆွေးနွေးကြပြီး ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြစေလိုပါကြောင်း၊ ပညာရေးမိသားစု၏ စုပေါင်းစွမ်းပကားဖြင့် ကျောင်းသားလူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများ ကောင်းမွန်အောင် ဆောင်ကြဉ်းနိုင်ကြစေလိုပါကြောင်း၊ ပညာတတ်သည့် မျိုးဆက်များနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ကြစေလိုပါကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို မတ် ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပါကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မတ် ၂၁**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာမြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေ ဘာကြောင့်လိုအပ်သလဲ

မင်းခန့်

- **နိုင်ငံတော်ကာကွယ်ရေးအမြင်နဲ့ အတတ်ပညာတွေဟာလည်း ပြည်သူများအားလုံး သိသင့်သိထိုက်တဲ့ သိရမယ့်ပညာရပ်တွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံလို တောင်အာရှနဲ့ အရှေ့တောင်အာရှကို ပေါင်းကူးပေးတဲ့ ပထဝီနိုင်ငံရေးအရ အချက်အချာကျတဲ့နေရာ၊ အင်အားကြီးနိုင်ငံတွေရဲ့အကြားမှာ တည်ရှိနေတဲ့ နိုင်ငံအတွက် နိုင်ငံတော်ကာကွယ်ရေး အသိပညာနဲ့ အတတ်ပညာတွေဟာ နိုင်ငံသားတိုင်း သိသင့်၊ တတ်သင့်လှပါတယ်**
- **အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံက လိုအပ်ချက်အရ ပြဋ္ဌာန်းထားတဲ့ ဥပဒေကို အသက်သွင်းခဲ့တာကို ဆန့်ကျင်ဝေဖန်နေကြတဲ့ နိုင်ငံများနဲ့ အဖွဲ့အစည်းတချို့ဟာ တရားမဝင် လက်နက်ကိုင်သောင်းကျန်းသူများရဲ့ အတင်းအဓမ္မ လူသစ်စုဆောင်းမှုကို မသိချင်ယောင်ဆောင်ပြီး အစိုးရတစ်ရပ်ရဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်ချက်ကို ဝေဖန်ဆန့်ကျင်နေကြတာကိုလည်း အံ့အားသင့်ဖွယ် မြင်တွေ့ကြားသိနေရပါတယ်**

ကမ္ဘာ့နိုင်ငံများအားလုံးမှာ မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ဖို့အတွက် ကာကွယ်ရေးစွမ်းအားစုတွေ စုဆောင်းနိုင်အောင် ကွဲပြားခြားနားတဲ့ စစ်မှုထမ်းဥပဒေများကို ကျင့်သုံးလျက်ရှိကြပါတယ်။ ဒီလိုကျင့်သုံးတဲ့နေရာမှာ မိမိနိုင်ငံအတွက် လိုအပ်မယ့်၊ ကိုက်ညီမယ့်ပမာဏကို စိစစ်ခေါ်ယူလေ့ရှိကြပါတယ်။ သို့သော်လည်း **ဒီလိုစစ်မှုထမ်းဥပဒေတွေရဲ့ တကယ့်အနှစ်သာရက နိုင်ငံသားအားလုံးသည် မိမိနိုင်ငံကို ကာကွယ်ဖို့ တာဝန်ရှိတယ်။ လိုအပ်ရင် စစ်မှုထမ်းဆောင်ရမယ်။ နိုင်ငံတော်ကာကွယ်ရေး အတတ်ပညာတွေတတ်ရမယ်ဆိုတဲ့အသိစိတ်ဓာတ်ရှိလာအောင် ပြဋ္ဌာန်းထားကြတာ ဖြစ်ပါတယ်။** ဒီလိုပြဋ္ဌာန်းပြီး ရွေးချယ်စိစစ်ခေါ်ယူမယ့် နည်းလမ်းနဲ့ ပမာဏကို နိုင်ငံတော်မှ သုံးစွဲနိုင်မယ့် ဘဏ္ဍာငွေပမာဏနဲ့၊ နိုင်ငံရေးနဲ့ လုံခြုံရေးပတ်ဝန်းကျင်အခြေအနေတွေအရ ထိန်းညှိဆောင်ရွက်ကြရပါတယ်။

**စစ်မှုမထမ်းမနေရစနစ် နှစ်မျိုးရှိ**

ဒီဆောင်းပါးမှာတော့ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ စစ်မှုထမ်းဥပဒေတွေနဲ့ မြန်မာနိုင်ငံမှာ ပြည်သူ့စစ်မှုထမ်းဥပဒေ ဘာကြောင့်လိုအပ်သလဲ ဆိုတာကို ဆွေးနွေးပေးချင်ပါတယ်။ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ စစ်မှုထမ်းစနစ်များကို ခြုံငုံလေ့လာကြည့်လိုက်တဲ့အခါ အမျိုးသား၊ အမျိုးသမီး ခြွင်းချက်မရှိ တာဝန်ထမ်းဆောင်ရတဲ့ စစ်မှုမထမ်းမနေရစနစ် (Mandatory Conscription) စနစ်၊ ဥပဒေအရ စစ်မှုမထမ်းမနေရ စနစ်နဲ့ ဆန္ဒပြုစနစ်ကို တွဲစပ်ကျင့်သုံးသည့် (De Jure Conscription or Combination) ဆိုပြီး နှစ်မျိုးတွေ့ရပါတယ်။ အသက်အရွယ်နဲ့ ကျန်းမာရေးအဆင့်အတန်းမီတဲ့ အမျိုးသား၊ အမျိုးသမီး နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရဖြစ်တဲ့ Mandatory Conscription စနစ်ကို လူဦးရေနည်းပါးတဲ့ နိုင်ငံငယ်လေးတွေနဲ့ တစ်ပါတီစနစ်ကျင့်သုံးတဲ့နိုင်ငံတွေမှာ အတွေ့ရများပါတယ်။ တချို့နိုင်ငံတွေမှာတော့ ဥပဒေအရ စစ်မှုထမ်းဆောင်ရမယ့် နိုင်ငံသားများအားလုံး မှတ်ပုံတင်စေသော်လည်း တာဝန်ထမ်းဆောင်ဖို့ ဆန္ဒပြုသူတွေနဲ့ အင်အားလိုအပ်သလောက်သာ အကန့်အသတ်နဲ့ဆင့်ခေါ်တဲ့ De Jure or Combination ပုံစံကျင့်သုံးတာကို တွေ့ရပါတယ်။

လစ်ဘရယ်ဒီမိုကရေစီနိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံမှာလည်း ကမ္ဘာစစ်ကြီးတွေ ဖြစ်ပွားနေတဲ့ကာလမှာ စစ်မှုမထမ်းမနေရစနစ်ကို ကျင့်သုံးခဲ့ပြီး ယခုလည်း Selective Service လို့ခေါ်တဲ့ အသက် ၁၈ နှစ်ပြည့်လျှင် စစ်မှုထမ်းဆောင်ရန်အတွက် မဖြစ်မနေ မှတ်ပုံတင်ရတဲ့စနစ် ပြုလုပ်ထားပြီး ဒီလိုမှတ်ပုံတင်တဲ့အထဲကမှ လိုအပ်သလောက်ကိုသာ စိစစ်ခေါ်ယူခြင်းပြုလုပ်ပါတယ်။ တစ်နည်းအားဖြင့် De Jure or Combination ပုံစံလို့ သတ်မှတ်နိုင်ပါတယ်။

**စစ်မှုထမ်းတွေ ဆင့်ခေါ်နိုင်တဲ့ဥပဒေတွေ ပြဋ္ဌာန်း**

အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းမှာ စစ်မှုမထမ်းမနေရစနစ်ကို ကျင့်သုံးနေပြီး လာအိုနဲ့ အိန္ဒိယနိုင်ငံမှာတော့ ဆန္ဒပြုစနစ်ဖြစ်ပေမယ့် နိုင်ငံအတွက် လိုအပ်တဲ့အချိန်မှာ စစ်မှုထမ်းတွေ ဆင့်ခေါ်နိုင်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းထားရှိပါတယ်။ တရုတ်နိုင်ငံကတော့ အမေရိကန်နိုင်ငံလိုပဲ De Jure or Combination ပုံစံကို ကျင့်သုံးနေတယ်လို့ ဆိုနိုင်ပါတယ်။ အင်အားကြီးနိုင်ငံတစ်ခုဖြစ်တဲ့ ရုရှားနိုင်ငံကတော့ စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းပြီး လက်တွေ့ကျင့်သုံးလျက်ရှိပါတယ်။ ဒေသတွင်းနိုင်ငံများဖြစ်တဲ့ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ စင်ကာပူ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတွေမှာ စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းကျင့်သုံးလျက် ရှိပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာလည်း De Jure ပုံစံကို ကျင့်သုံးပါတယ်။ World Population Review Website မှာ ဖော်ပြထားချက်များအရ ကမ္ဘာပေါ်မှာ စစ်မှုထမ်းဥပဒေပြဋ္ဌာန်းထားပြီး ပုံစံမျိုးစုံနဲ့ ကျင့်သုံးနေတဲ့ နိုင်ငံပေါင်း ၈၆ နိုင်ငံ ရှိတယ်လို့ ဆိုနိုင်ပါတယ်။

မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ လွတ်လပ်ရေးရပြီးကတည်းက ဆန္ဒအလျောက်စစ်မှုထမ်းဆောင်တဲ့စနစ် (Voluntary Enlistment) ကိုသာ ကျင့်သုံးခဲ့တာ ဖြစ်ပါတယ်။ သို့သော်လည်း ဒီလိုအချိန်ကြာလာတဲ့အခါမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဟာ စစ်မှုထမ်းတွေရဲ့အလုပ်သာဖြစ်တယ်။ ငါတို့နဲ့မဆိုင်ဘူးဆိုတဲ့ စိတ်ဓာတ်မျိုးတွေ ဝင်လာတတ်ကြပြီး သောင်းကျန်းသူလက်နက်ကိုင်အဖွဲ့အများစုဟာလည်း လူမျိုးရေးကို အခြေခံပြီး အတင်းအဓမ္မ လူသစ်စုဆောင်းမှုတွေ ဆောင်ရွက်နေတာကို သတိပြုရမှာ ဖြစ်ပါတယ်။ အမှန်တော့ နိုင်ငံတော်ကာကွယ်ရေးဆိုတာ နိုင်ငံသားတစ်ဦးချင်းစီမှာ တာဝန်ရှိပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်တိုင်းပြည်အတွက် လိုအပ်ရင် နိုင်ငံရဲ့ တရားဝင်တပ်မတော်မှာ နိုင်ငံသားတိုင်း စစ်မှုထမ်းရမယ်ဆိုတဲ့မှုကို ၁၉၄၇ ခုနှစ်ကတည်းက ထုတ်ဖော်ပြောဆိုထားတာကိုလည်း တွေ့ရပါတယ်။

**နိုင်ငံတော်ကာကွယ်ရေးအမြင်နဲ့ အတတ်ပညာတွေဟာလည်း ပြည်သူများအားလုံး သိသင့်သိထိုက်တဲ့ သိရမယ့်ပညာရပ်တွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံလို တောင်အာရှနဲ့ အရှေ့တောင်အာရှကို ပေါင်းကူးပေးတဲ့ ပထဝီနိုင်ငံရေးအရ အချက်အချာကျတဲ့နေရာ၊ အင်အားကြီးနိုင်ငံတွေရဲ့အကြားမှာ တည်ရှိနေတဲ့ နိုင်ငံအတွက် နိုင်ငံတော်ကာကွယ်ရေး အသိပညာနဲ့ အတတ်ပညာတွေဟာ နိုင်ငံသားတိုင်း သိသင့်၊ တတ်သင့်လှပါတယ်။**

**နိုင်ငံသားအားလုံး မဖြစ်မနေ တာဝန်ထမ်းဆောင်ရမယ့်ပုံစံဖြစ်**

ဒါကြောင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ မြန်မာနိုင်ငံရဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အသက်ဝင်လာခဲ့တာဟာ နိုင်ငံတော်လုံခြုံရေးအတွက် ရေရှည်တစိုက်မတ်မတ်လုပ်ရမယ့် အထူးကောင်းမွန်တဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်တယ်လို့ နားလည်မိပါတယ်။ ဒီဥပဒေဟာ ယခုမှဖြစ်ပေါ်လာတာတော့ မဟုတ်ဘဲ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလကတည်းက ပြဋ္ဌာန်းထားခဲ့တာဖြစ်ပြီး ယခုမှစတင်အသက်ဝင်လာတာ ဖြစ်ပါတယ်။ သို့သော်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်လာလို့ နိုင်ငံသားအားလုံး မဖြစ်မနေ တာဝန်ထမ်းဆောင်ရမယ့် ပုံစံမဟုတ်ဘဲ လိုအပ်သလောက်သာ အကန့်အသတ်နဲ့ တာဝန်ထမ်းဆောင်ရမယ့် ပုံစံဖြစ်ပါတယ်။ **မြန်မာနိုင်ငံမှာ အသက်အရွယ်အရ အကျုံးဝင်သူ စစ်မှုထမ်းဆောင်နိုင်တဲ့ အမျိုးသား၊ အမျိုးသမီး အားလုံးတစ်ပြိုင်နက်တည်း တာဝန်ထမ်းဆောင်ရမှာမဟုတ်ဘဲ နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် သတ်မှတ်အသက်အပိုင်း အခြားအတွင်းက စိစစ်ပြီး အင်အားအနည်းငယ်ကိုသာ ခေါ်ယူမှာဖြစ်တဲ့အတွက် လတ်တလောမှာ အမျိုးသားများကိုသာ ခေါ်ယူပြီး အမျိုးသမီးတွေကို ခေါ်ယူဦးမှာ မဟုတ်ဘူးလို့လည်း တာဝန်ရှိသူတွေ ပြောဆိုတာကို ကြားနေရပါတယ်။** ဒါ့အပြင် စစ်မှုထမ်းဆောင်ဖို့ ရွေးချယ်ခံရတဲ့သူတွေအားလုံး ယခုတပ်မတော်သားများနည်းတူ ရသင့်ရထိုက်တဲ့ ရိက္ခာ၊ လစာတွေ၊ ခံစားခွင့်တွေကိုလည်း ရရှိကြမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအစိုးရအနေနဲ့ ယခုမှ ပြည်သူ့စစ်မှုထမ်းဥပဒေကို အသက်ဝင်စေပြီး ဥပဒေနည်းလမ်းတကျ စစ်မှုထမ်းများကို စိစစ်ရွေးချယ်ခေါ်ယူဖို့ ဆောင်ရွက်နေပေမယ့် မြန်မာနိုင်ငံက တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ သောင်းကျန်းသူတွေကတော့ အတင်းအဓမ္မ လူသစ်စုဆောင်းမှုတွေကို လုပ်ဆောင်နေကြတာ လွတ်လပ်ရေးရပြီးကတည်းကလို့ပဲ ဆိုနိုင်ပါတယ်။ လတ်တလောကာလမှာ KIA သောင်းကျန်းသူအဖွဲ့က ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းမြောက်ပိုင်းဒေသက ပြည်သူတွေကို အပြစ်အမျိုးမျိုးရှာပြီး ပြစ်ဒဏ်အတွက် KIA အဖွဲ့ထဲ ဝင်ခိုင်းသလို ကျေးရွာအလိုက် မိသားစုအလိုက်လည်း အဓမ္မ လူသစ်စုဆောင်းနေပါတယ်။ MNDAA နဲ့ TNLA အဖွဲ့သည်လည်း ထိုနည်းတူစွာ ဆောင်ရွက်ပြီး သူတို့အဖွဲ့ထဲ မဝင်လိုလျှင် အဆမတန် ဆက်ကြေးပေးဆောင်ရပါတယ်။ သိပ်မကြာသေးခင်ကပဲ စစ်ဘေးရှောင်တဲ့ ကလေးနဲ့ သံဃာတွေပါမချန် သက်နှိုင်းချုတ်ပြီး အတင်းအဓမ္မ လူသစ်စုဆောင်းလို့ ပလောင်ဒေသက လူငယ်တွေ ထွက်ပြေးနေရပါတယ်။

**ဝေဖန်ဆန့်ကျင်နေကြ**

ရခိုင်ပြည်နယ်က သောင်းကျန်းသူ AA အဖွဲ့ကလည်း ရွာတစ်ရွာကို ၁၀ ဦးနှုန်းနဲ့ အဓမ္မလူသစ်စုပါတယ်။ AA ထဲ မဝင်ရင် ရွာကနေမောင်းထုတ်ပါတယ်။ ‘ဝ’အဖွဲ့၊ မိုင်းလားအဖွဲ့၊ ဝမ်ဟိုင်းအဖွဲ့၊ ယွက်စစ်အဖွဲ့၊ MNSP မွန်အဖွဲ့၊ KNU အဖွဲ့တွေလည်း ထိုနည်းတူစွာပဲ ဆောင်ရွက်ကြပါတယ်။ PDF အကြမ်းဖက်တွေကတော့ သူတို့ထဲမဝင်ရင် ဒလန်လို့ စွပ်စွဲပြီး သတ်ဖြတ်နေကြလို့ ပြည်သူအားလုံးက အော့နှလုံး နာနေကြရပါတယ်။ **အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံက လိုအပ်ချက်အရ ပြဋ္ဌာန်းထားတဲ့ ဥပဒေကို အသက်သွင်းခဲ့တာကို ဆန့်ကျင်ဝေဖန်နေကြတဲ့ နိုင်ငံများနဲ့ အဖွဲ့အစည်းတချို့ဟာ တရားမဝင် လက်နက်ကိုင်သောင်းကျန်းသူများရဲ့ အတင်းအဓမ္မ လူသစ်စုဆောင်းမှုကို မသိချင်ယောင်ဆောင်ပြီး အစိုးရတစ်ရပ်ရဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်ချက်ကို ဝေဖန်ဆန့်ကျင်နေကြတာကိုလည်း အံ့အားသင့်ဖွယ် မြင်တွေ့ကြားသိနေရပါတယ်။**

ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်သိ နိုင်ငံ့သားကောင်းလူငယ်တွေ စစ်မှုထမ်းဆောင်ရာမှာလည်း လူတိုင်းတိုက်ခိုက်ရေးတပ်ရင်း/တပ်ဖွဲ့တွေကို သွားဖို့လိုအပ်တာ မဟုတ်ဘဲ ကျွမ်းကျင်ရာပညာရပ်တွေအလိုက် တာဝန်ပေးအပ်မှာဖြစ်လို့ အခြားလက်ရုံး တပ်ဖွဲ့များကိုလည်း ရွေးချယ်နိုင်ပါသေးတယ်။

*စာမျက်နှာ ၁၁ သို့*

**ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ကြမည့် လူငယ်များဟာ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြတဲ့ နိုင်ငံ့သားကောင်းများအဖြစ် လူမှုပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နိုင်မှာဖြစ်သလို စစ်မှုထမ်းဆောင်စဉ်ကာလအတွင်း တစ်ကိုယ်ရေစည်းကမ်း ကောင်းမွန်လာခြင်း၊ ပင်ကိုအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ ရင့်ကျက်မှုပိုမိုရှိလာပြီး မိမိကိုယ်ကို ယုံကြည်မှု၊ ဇွဲလုံ့လရှိမှုနဲ့ ကိုယ်ကာယကြံ့ခိုင်မှုတွေ တိုးတက်ရရှိလာမှာ ကေန်မလွဲဖြစ်ပါတယ်**

*စာမျက်နှာ ၁၀ မှ*

စစ်မှုထမ်းဆောင်ရမယ့် လူငယ်တွေဟာ တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များမှာ တာဝန် ထမ်းဆောင်ရမှာဖြစ်ပြီး အခြားပြည်သူတွေအနေနဲ့လည်း ပြည်သူ့စစ်မှုထမ်းစနစ်ကို လေ့လာခွင့်ရမှာ ဖြစ်တာကြောင့် အထူးသင့်လျော်တယ်လို့လည်း ယူဆမိပါတယ်။ နည်းဥပဒေတွေ အတည်တကျ ထွက်လာရင်တော့ ဒီအချက်တွေ ရှင်းရှင်းလင်းလင်း ပါဝင်လာမှာပဲ ဖြစ်ပါတယ်။

**မဟုတ်မမှန်တဲ့သတင်းတွေကို နားမယောင်မိကြဖို့လို**

ဒါကြောင့် ပြည်ဖျက်မီဒီယာတွေ၊ အကြမ်းဖက်သမားတွေနဲ့ သောင်းကျန်းသူတွေ လှုံ့ဆော်နေတဲ့ မဟုတ်မမှန်တဲ့သတင်းတွေကို နားမယောင်မိကြဖို့ လိုပါတယ်။ ဒီအဖွဲ့တွေဟာ ပြည်သူတွေ နိုင်ငံတော်ကာကွယ်ရေးပညာတွေ တတ်မြောက်ပြီး ဥပဒေနည်းလမ်းတကျ စစ်မှုထမ်းဆောင်လာကြမှာကို အင်မတန်ကြောက်ရွံ့နေကြတဲ့အဖွဲ့တွေ ဖြစ်ပါတယ်။

**ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ကြမည့် လူငယ်များဟာ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြတဲ့နိုင်ငံ့သားကောင်းများအဖြစ် လူမှုပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နိုင်မှာဖြစ်သလို စစ်မှုထမ်းဆောင်စဉ်ကာလအတွင်း တစ်ကိုယ်ရေစည်းကမ်း ကောင်းမွန်လာခြင်း၊ ပင်ကိုအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ ရင့်ကျက်မှုပိုမိုရှိလာပြီး မိမိကိုယ်ကို ယုံကြည်မှု၊ ဖွဲလုံ့လရှိမှုနဲ့ ကိုယ်ကာယကြံ့ခိုင်မှုတွေ တိုးတက်ရရှိလာမှာ ဧကန်မလွဲဖြစ်ပါတယ်။**

**စိန်ခေါ်မှုများစွာကို ဖြေရှင်းနိုင်**

ဒါ့အပြင်စစ်မှုထမ်းခြင်းမှ ရရှိလာမယ့် အတွေ့အကြုံနဲ့ အသိပညာများကြောင့် အနာဂတ်လူငယ်များရဲ့ ဘဝရပ်တည်မှုကို များစွာ အထောက်အကူပေးနိုင်မှာဖြစ်လို့ ကိုယ်ပိုင်လုပ်ငန်းခွင်နယ်ပယ်မှာလည်း ရင်ဆိုင်ကြုံတွေ့လာရမယ့် စိန်ခေါ်မှုများစွာကို ဖြေရှင်းနိုင်ဖို့အတွက် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်စွမ်းမှုများလည်း ရရှိစေမှာ ဖြစ်ပါတယ်။

နောက်ထပ်အရေးကြီးတဲ့တစ်ချက်က **ပြည်သူတွေအများစု သို့မဟုတ် ရပ်ရွာအလိုက် အချိုးညီမျှစွာ စစ်မှုထမ်းဆောင်ကြရမှာဖြစ်တဲ့အတွက် အရပ်ဘက်နဲ့ စစ်ဘက်အကြား အပြန်အလှန်ယုံကြည်နားလည်မှုတွေ တည်ဆောက်နိုင်ပါတယ်။** ဒါကြောင့်လည်း နိုင်ငံတကာမှာ စစ်မှုမထမ်းမနေရစနစ်တွေကို အရပ်ဘက်နဲ့ စစ်ဘက်အကြားက လူမှုပေါင်းကူးတံတား (Civil-military Social Bridge) လို့လည်း တင်စားခေါ်ဝေါ်လေ့ ရှိကြပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည် ပေါ်လာတာနဲ့အမျှ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကာကွယ်ရေးနဲ့ လုံခြုံရေးအသိရှိတဲ့ နိုင်ငံသားများ ပိုမိုများပြားလာမှာဖြစ်တာကြောင့် မြန်မာနိုင်ငံရဲ့ဖြစ်တည်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ရေရှည်အာမခံ နိုင်မှာပဲ ဖြစ်ပါတယ်။

> ☆ **ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ပေါ်လာတာနဲ့အမျှ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကာကွယ်ရေးနဲ့ လုံခြုံရေးအသိရှိတဲ့ နိုင်ငံသားများ ပိုမိုများပြားလာမှာဖြစ်တာကြောင့် မြန်မာနိုင်ငံရဲ့ဖြစ်တည်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ရေရှည်အာမခံနိုင်မှာပဲ ဖြစ်ပါတယ်**

ဒါကြောင့် မြန်မာနိုင်ငံပြိုကွဲဖို့ နည်းလမ်းပေါင်းစုံကထိုးနှက်နေတဲ့ နိုင်ငံတချို့အနေနဲ့ မြန်မာနိုင်ငံက ပြည်သူ့စစ်မှုထမ်းဥပဒေကို ဝေဖန်ရေးလုပ်နေတာဟာ သူတို့ရဲ့စိတ်ရင်းအမှန်ကို လှစ်ပြနေတာနဲ့ တူနေပါတယ်။

**ပြည်သူ့စစ်မှုထမ်းဥပဒေကိုဒေသအတွင်း နိုင်ငံအများအပြားမှာ ကျင့်သုံး**

အမှန်စင်စစ် ပြည်သူ့စစ်မှုထမ်းဥပဒေကို အိမ်နီးချင်းနိုင်ငံများသာမက ဒေသတွင်း နိုင်ငံအများအပြားမှာ ကျင့်သုံးနေသလို ကမ္ဘာ့အင်အားကြီးနိုင်ငံများမှာလည်း နိုင်ငံ့ကာကွယ်ရေး စွမ်းပကားမြင့်မားစေရေး မဖြစ်မနေ ကျင့်သုံးလျက်ရှိပါတယ်။ သတ်မှတ်ကာလအတိုင်း စစ်မှုထမ်းဆောင်ပြီးပါက ကျား/မ မရွေးလူငယ်များအနေဖြင့် သင့်တင့်မျှတစွာ စဉ်းစားချင့်ချိန်နိုင်ခြင်း၊ စည်းကမ်းစနစ်တကျရှိလာခြင်း၊ ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိလာခြင်း၊ ကိုယ်ရည်ကိုယ်သွေး မြင့်မားလာပြီး တပ်မတော်အပေါ် နားလည်ယုံကြည်မှုများ ပိုမိုတိုးတက်လာစေမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်ရရင်တော့ ၂၀၁၀ ပြည့်နှစ်ကတည်းက **အတည်ပြုပြဋ္ဌာန်းထားတဲ့ ပြည်သူ့ စစ်မှုထမ်းဥပဒေကို ကမ္ဘာ့အင်အားကြီးနိုင်ငံများ အားပြိုင်မှုကြားမှာ မိမိတို့နိုင်ငံအနေနဲ့ ပထဝီနိုင်ငံရေးအရ အချက်အချာကျကျ တည်ရှိမှုကြောင့် ကာကွယ်ရေးစွမ်းပကား မြင့်မားရန် လိုအပ်မှု၊ ကျင့်သုံးနေတဲ့ပြည်သူ့စစ်မဟာဗျူဟာကို ဟန်ချက်ညီ ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်နေမှု၊ ပြည်သူလူထုရဲ့ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုရှင်သန်မြင့်မားလာစေရေးနဲ့ နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်နိုင်စေရေးတို့အတွက် ရေရှည်မျှော်တွေးပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ စတင်အသက်သွင်းလိုက်ရခြင်း** ဖြစ်ပါတယ်။

**မိမိနိုင်ငံရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးအခြေအနေတွေပေါ်မှာသာ မူတည်**

မြန်မာနိုင်ငံမှာ အသက်ဝင်လာတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေဟာ ကမ္ဘာ့နိုင်ငံတချို့ ကျင့်သုံးနေတဲ့ အမျိုးသား၊ အမျိုးသမီးအားလုံး ခြွင်းချက်မရှိ စစ်မှုထမ်းရမည့် (Mandatory Conscription) မျိုး မဟုတ်သလို၊ အကြမ်းဖက်သမားတွေနဲ့ သောင်းကျန်းသူတွေ ပြုလုပ်နေသလို၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းမျိုးမဟုတ်ဘဲ မိမိနိုင်ငံရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးအခြေအနေတွေပေါ်မှာသာ မူတည်ပြီး သင့်တင့်လျောက်ပတ်တဲ့ အင်အားကိုသာ တာဝန်ထမ်းဆောင်ရမယ့် De Jure or Combination ပုံစံမျိုး ပြည်သူ့စစ်မှုထမ်းဥပဒေ ဖြစ်တယ်ဆိုတဲ့အကြောင်း ပြည်သူအများ သိရှိနိုင်အောင် ရေးသားတင်ပြလိုက်ရပါတယ်။ ။

---

## မြို့နယ်များ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး

**ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့်စပ်လျဉ်း၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များ၌ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးမှုကို စုစည်းဖော်ပြလိုက်ပါသည်။**



### ကျိုက်လတ်

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများ သိရှိစေရန်အတွက် အသိပညာပေးဟောပြောပွဲများကို မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများတွင် အစဉ်မပျက် ဆောင်ရွက်လျက်ရှိရာ မတ် ၂၀ ရက်က ကျုံသိဝကျေးရွာအုပ်စု ရွာလယ်ဓမ္မာရုံ၌ ပြုလုပ်သည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲမင်း၊ အဖွဲ့ဝင်(၂)ဦးစိန်မြင့်နှင့် အဖွဲ့ဝင်(၃)ဦးထွန်းဆွေတို့က ပြည်သူများ သိရှိနားလည်နိုင်စေရန်အတွက် ပြည်သူ့စစ်မှုထမ်းဆိုင်ရာကိစ္စရပ်များဖြစ်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရမည့်အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ ဘာကြောင့် ပြည်သူ့စစ်မှုထမ်းစနစ် ကျင့်သုံးရတာလဲ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ကင်းလွတ်ခွင့်များနှင့် ယာယီရွှေ့ဆိုင်းနိုင်သူများ အစရှိသည်များကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိကောင်းစရာ လက်ကမ်း စာစောင်များအား ပြည်သူများထံသို့ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



### မိုင်းယောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဝမ်ကောင်းအုပ်စု အေးချမ်းကျေးရွာ၌ မတ် ၂၀ ရက်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများအကြောင်းကို တာဝန်ရှိသူများက အသိပညာပေး ရှင်းလင်းသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေ သိကောင်းစရာများကို မြို့နယ်ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင်များက အေးချမ်းကျေးရွာတာဝန်ခံနှင့် ဆယ်အိမ်မှူးများအား ပြည်သူ့စစ်မှုထမ်းခြင်းနှင့်ပတ်သက်သည့် အမျိုးသားရေးတာဝန်များ၊ ပြည်သူ့စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန် ကာလအပိုင်းအခြား၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်သည့် ဆက်သွယ်ရန် ဖုန်းနံပါတ်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းစနစ် ကျင့်သုံးရသည့် အကြောင်းအရာများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကြံခင်း

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်းရှိ ပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲများကို မတ် ၂၀ ရက်က ရပ်ကွက်နှင့် ကျေးရွာအုပ်စုငါးခုရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံများ၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းတန်က ပြည်သူများ သိရှိနားလည်နိုင်စေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ အမျိုးသားရေးတာဝန်၊ စိုးရိမ်ရန်မလိုကြောင်း၊ ဘာကြောင့်ပြည်သူ့စစ်မှုထမ်းစနစ် ကျင့်သုံးရတာလဲ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ကင်းလွတ်ခွင့်များနှင့် ယာယီရွှေ့ဆိုင်းနိုင်သူများ အစရှိသည်များအား ဆွေးနွေးဟောပြောပြီး ကျေးလက်နေပြည်သူများက သိရှိလိုသောအချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**မြို့နယ်(ပြန်/ဆက်)**



---

## မုံရွာမြို့၌ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး သတင်းရေးသားနည်း သင်တန်းဖွင့်

မုံရွာ မတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ဝန်ထမ်းများစွမ်းဆောင်ရည် မြင့်မားရေး သတင်းရေးသား နည်းသင်တန်းကို မတ် ၂၀ ရက်က အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန သင်တန်းခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများက သင်တန်းရေးသားရာတွင် ပါရှိရမည့် အချက်အလက်များ စုံလင်မှုရှိစေရေးအတွက် ခေါင်းစဉ်ပုံ၊ အသံသွင်းခြင်းနှင့် ရုပ်သံတည်းဖြတ်ခြင်းတို့ကိုပို့ချပေးခဲ့ကြောင်း သိရသည်။**ခရိုင်(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဥပဒေအရ အမှုထမ်းကြည့်လိုက်ရင် တပ်မတော်အကြောင်းသိရှိပြီး စစ်သားတွေအပေါ် စာနာသွားနိုင်မှာ ဖြစ်ပါတယ်

နိုင်ငံတော်ကာကွယ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ကျရာအခန်းကဏ္ဍမှ ကိုယ်တိုင်ကိုယ်ကျပါဝင်လိုစိတ်တို့ကို သန္ဓေတည်မွေးဖွားပေးနိုင်ရန်နှင့် စိတ်ဓာတ်နှင့်စည်းကမ်း ကောင်းမွန်သော လူငယ်များအဖြစ် ပြုစုပျိုးထောင်ရန် အခြေခံပညာအဆင့်တွင် ကင်းထောက်လူငယ်များအဖြစ်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်တွင် တက္ကသိုလ်အရန်တပ်ရင်းဟုခေါ်သည့် တက္ကသိုလ်လေ့ကျင့်ရေးတပ် (UTC) တပ်ဖွဲ့ဝင်များအဖြစ်လည်းကောင်း နိုင်ငံတော်မှ လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

အဆင့်မြင့်ပညာအဆင့်ကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC) တက်ရောက်ခြင်းအားဖြင့် တပ်မတော်၏ ဓလေ့စရိုက်နှင့် သဘောသဘာဝတို့ကို နားလည်စေပြီး စစ်ပညာရပ်များအား လေ့ကျင့်သင်ကြားနိုင်သော အခွင့်အရေးရရှိ၍ အနာဂတ်လုပ်ငန်းနယ်ပယ်အသီးသီး၌ တာဝန်ထမ်းဆောင်ချိန်တို့တွင် တွေ့ကြုံရမည့် အခက်အခဲ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ခြင်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများ တိုးတက်စေမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးတွင် အရန်အင်အားစုများအဖြစ် အကျိုးပြုစေခြင်း၊ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်တတ်ခြင်း၊ အချိန်ကို အကျိုးရှိစွာ စနစ်တကျစီမံခန့်ခွဲတတ်ခြင်းနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးကြုံလာလျှင် နိုင်ငံသား တစ်ဦးအနေဖြင့် တစ်ထောင့်တစ်နေရာမှ တာဝန်ထမ်းဆောင်နိုင်ရန် အသင့်ဖြစ်စေခြင်း စသည့်ခံယူချက်နှင့် အတွေ့အကြုံကောင်းများစွာကို ရရှိစေနိုင်မည်ဖြစ်သည်။

ခေတ်အဆက်ဆက် တက္ကသိုလ်ပညာသင်ယူရင်း စစ်ပညာကို စိတ်ပါဝင်စားစွာသင်ယူလိုကြသည့် တက္ကသိုလ်ကျောင်းသားကျောင်းသူများသည် တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC)သို့ တပ်ဖွဲ့ဝင်အဖြစ် ဝင်ရောက်ကြပြီး နိုင်ငံသားကောင်းတစ်ဦးပီသစွာ တာဝန်ကျေပွန်ခဲ့ကြသည်။ UTC မှ မွေးထုတ်ပေးလိုက်သူများသည် ယနေ့တွင် စစ်ဘက်၊ အရပ်ဘက်တို့၌ တိုင်းပြည်တာဝန်ကို ဦးလည်မသုန် စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိရာ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (ငြိမ်း)နှင့် ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး ။ ။ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ UTC ဘယ်လိုကြောင့် တက်ရောက်ဖြစ်ခဲ့တယ်ဆိုတာကို သိလိုပါတယ်။**

ဖြေ ။ ။ ကျွန်တော်က အခြေခံပညာအထက်တန်းစာမေးပွဲကို မေမြို့(ပြင်ဦးလွင်)ကနေ ၁၉၇၂ ခုနှစ်မှာ အောင်မြင်ခဲ့ပါတယ်။ အခြေခံသိပ္ပံပညာရည်ချွန်ဆုလျှောက်ထားခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှာ သင်္ချာအဓိကနဲ့ တက်ရောက်ခွင့်ရခဲ့ပါတယ်။ အဆောင်လျှောက်တဲ့အခါ ပင်းယဆောင်မှာ နေခွင့်ရခဲ့ပါတယ်။ တက္ကသိုလ်တက်တဲ့အချိန်မှာ စစ်သားတွေ ယူနီဖောင်းဝတ်နဲ့ ကျောင်းတက်ကြတာကို တွေ့ရပါတယ်။ မေမြို့စစ်တက္ကသိုလ်က အသိတွေ၊ နည်းပြတွေလည်း ရန်ကုန်တက္ကသိုလ်မှာ ဘွဲ့လွန်သင်တန်းတက်နေတာကြောင့် စစ်သားတွေလည်း တက္ကသိုလ်တက်ခွင့်ရတယ်လို့ သိလိုက်တယ်။

တစ်ပတ်လောက်နေတော့ ပင်းယဆောင်မှာ အခန်းချင်းကပ်လျက် သူငယ်ချင်းကို ယူနီဖောင်းနဲ့တွေ့လို့ မေးလိုက်တဲ့အခါ UTC တပ်ဖွဲ့ဝင်ထားတယ်လို့ သိရတယ်။ သူက နွေရာသီပိတ်ရက်မှာ သူတို့ စခန်းချတဲ့နေရာကနေ ပို့စကတ်ပို့တော့မှ UTC အကြောင်းကို ပိုပြီးစိတ်ဝင်စားလာတယ်။ အဲဒီတုန်းကစည်းမျဉ်းက ပထမနှစ်မှာပဲ ဝင်ခွင့်ပေးတယ်။ ကံအားလျော်စွာ ဒုတိယနှစ်အောင်လို့ တတိယနှစ်ရောက်တဲ့အခါ UTC သင်တန်းကို ၂ နှစ်တက်နိုင်ရင် ဝင်ခွင့်ပြုမယ်ဆိုတဲ့အတွက် ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် UTC လျှောက်ကြတယ်။ ကျွန်တော်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး တာဝန်ထမ်းဆောင်သွားတဲ့ ဒေါက်တာအောင်သူ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး တာဝန်ထမ်းဆောင်သွားတဲ့ ကိုကျော်တင်နဲ့ အခြားသူငယ်ချင်းတွေလည်း UTC လျှောက်ကြပြီး ရန်ကုန်မှာရှိတဲ့ အမှတ်(၁)တက္ကသိုလ်လေ့ကျင့်ရေးတပ်မှာ ပထမနှစ်သွားတက်ကြတယ်။

**မေး ။ ။ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် UTC တက်ရောက်ခဲ့တဲ့ အတွေ့အကြုံကို မျှဝေပေးစေလိုပါတယ်။**

ဖြေ ။ ။ မေမြို့မှာက တပ်တွေအများကြီးရှိတယ်။ စစ်တက္ကသိုလ်အပြင် တပ်သားသစ်တွေ မွေးထုတ်တဲ့ အမှတ်(၂)လေ့ကျင့်ရေးတပ်၊ ဗဟိုအင်ဂျင်နီယာတပ်၊ ဗဟိုဆက်သွယ်ရေးတပ်၊ ဗဟိုလျှပ်စစ်တပ်၊ ပညာရေးကျောင်းစတာတွေ တော်တော်စုံစုံရှိတယ်။ တပ်တွေများတော့ စစ်သားတွေရဲ့ ကြိမ်းတာ၊ ရမ်းတာ၊ စကားပြောရိုင်းတာ ဒါတွေ ငယ်စဉ်ကတည်းကနားမဆံ့အောင် ကြားသိနေရတယ်။ ကျွန်တော်က မေမြို့သားဖြစ်လေတော့ မြို့ခံကလေးတစ်ယောက်အနေနဲ့ စစ်တပ်ဆိုတာ ရွံ့ကြောက်ကြီးပေါ့။



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ၊
ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (ငြိမ်း)

**☆ တပ်မတော်ဆိုတာ နိုင်ငံအတွက် အင်မတန်အရေးကြီးတဲ့ အဖိုးတန်အဖွဲ့အစည်းဖြစ်တယ်။ အမှုထမ်းရမယ်ဆိုရင်လည်း ဘာမှစိုးရိမ်စရာ မရှိပါဘူး**

ဥပမာတစ်ခုပြောရရင် ကျွန်တော့်ကျောင်းနေဖက် ငယ်သူငယ်ချင်းရဲ့ အစ်မဟာ ချောချောလှလှလေးဖြစ်ပါတယ်။ အဲဒီကလေးမလေးကို စစ်သားစာဖြစ်မှာပါပဲဆိုပြီး ငယ်ငယ်က တွေ့ကြုံဖူးတဲ့ စစ်သားကြီးတွေက ပြောဆိုကြပါတယ်။ အဲဒီတစ်ယောက်က အသက်အရွယ်ငယ်စဉ်ဘာမှ နားမလည်ခင်မှာ ကြားလိုက်ရတဲ့စကားကို နားစွဲပြီး ချောမောလှပပါလျက် အပျိုကြီးလုပ်သွားခဲ့တယ်။ မကောင်းသတင်းဆိုတာက ပျံ့နှံ့လွယ်တယ်။ ဟုတ်တာလည်းရှိမယ်၊ မဟုတ်တာလည်းရှိမယ်။ ဒါကြောင့် ကျွန်တော် ၁၀ တန်းအောင်ချိန်မှာ ကိုယ့်မြို့မှာရှိတဲ့ စစ်တက္ကသိုလ်ကို မလျှောက်ဘဲ ဝေးလံတဲ့ ရန်ကုန်တက္ကသိုလ်ကို တက်ရောက်ခဲ့တယ်။

တက္ကသိုလ်မှာ သူငယ်ချင်းအရင်းအချာတစ်ယောက်က UTC တက်တော့ အပျော်တမ်းတပ်ဖြစ်ပြီး တက္ကသိုလ်တက်နေရင်းလည်း တက်လို့ရတယ်ဆိုတော့ ဝင်ကြည့်ချင်စိတ်ပေါ်လာတယ်။ အဲဒါကြောင့် တက်ဖြစ်သွားတယ်။ UTC မှာ နည်းပြဆရာကြီးတွေက တပ်ကြပ်ကြီးတွေပါ။ အင်မတန်ကို တော်ကြပါတယ်။ ဆဲသံ၊ ဆိုသံလုံးဝမပါဘဲ စစ်ရေးပြကစလို့ လက်နက်ငယ်၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှု၊ စစ်နည်းဗျူဟာစတာတွေကို အချိန်တိုအတွင်းမှာ နားလည်တတ်ကျွမ်းအောင်၊ စိတ်ထဲစွဲအောင် သေသေချာချာသင်ကြားပေးကြပါတယ်။ ကျွန်တော်တို့တွေက ဒီဆရာကြီးတွေကို လေးစားကြတယ်။

၁၉၇၇ ခုနှစ် ဘွဲ့ရပြီး မဟာတန်းဆက်တက်နေချိန် မိသားစုအတွက်ဝင်ငွေရတဲ့ အလုပ်တစ်ခု မဖြစ်မနေလုပ်ရတော့မယ့် အကျပ်အတည်းကာလမှာ ဗိုလ်လောင်းသင်တန်းခေါ်တော့ ဝင်ဖြေပြီး စစ်သားဘဝကို ရွေးချယ်ခဲ့တယ်။ အဲဒီကနေ တပ်မတော်သားဘဝစခဲ့တာပဲ ဖြစ်ပါတယ်။ အကယ်၍သာ UTC မတက်ရောက်ဖြစ်ခဲ့ရင် တပ်မတော်နဲ့ ပတ်သက်လို့ အမှန်အတိုင်းမသိနိုင်ဘဲ ငယ်ငယ်က စွဲလာတဲ့ ရွံ့ကြောက်စိတ်နဲ့ပဲနေသွားဖြစ်မယ် ထင်ပါတယ်။

**မေး ။ ။ တက္ကသိုလ်လေ့ကျင့်ရေးတပ် UTC ဟာ နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေးအတွက် ဘယ်လောက်အထိ အရေးပါတဲ့ အခန်းကဏ္ဍမှာ ရှိနေတယ်ဆိုတာကို ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ ကျွန်တော်က မေမြို့(ပြင်ဦးလွင်)မှာ မွေးဖွားကြီးပြင်းခဲ့ရလို့ တပ်ကို အမြင်တိမ်းစောင်းခဲ့ပါတယ်။ ကိုယ်ကိုယ်တိုင် စစ်သားဘဝရောက်မှ တပ်အကြောင်းကို ပိုသိသွားတယ်။ အပြင်ကနေဆိုတော့ မကောင်းမြင်တယ်။ အဲဒီတုန်းက တက္ကသိုလ်လေ့ကျင့်ရေးတပ်ဆိုတာသာမရှိခဲ့ရင် ကျွန်တော်စစ်သားဖြစ်လာမှာ မဟုတ်ပါဘူး။ တပ်ကို ရွံ့ကြောက်ကြီးဖြစ်နေတဲ့ အခံစိတ်ကရှိနေတော့ တပ်နဲ့ပတ်သက်စရာအကြောင်းကို မရှိဘူး။ UTC ရှိလို့သာ UTC ဝင်လိုက်ခြင်းအားဖြင့် စစ်သားတွေဘဝ၊ စစ်ပညာကို တစ်စိတ်တစ်ပိုင်းသိပြီး စိတ်ဝင်စားသွားလို့ လုပ်ကြည့်မယ်၊ ဝင်ကြည့်မယ်ဆိုပြီး ဝင်ကြည့်လိုက်တော့ တပ်က ကိုယ်သိထားသလို မဟုတ်ဘူး။ သူ့စည်း၊ သူ့ကမ်းနဲ့ပဲ။ အခက်အခဲတွေတော့ ကြုံတာပေါ့။ တပ်ထဲမှာ ၄၃ နှစ်နေတော့ အခက်အခဲမကြုံဖူးဘူးဆိုတာတော့ မဟုတ်ဘူး။ ကြုံခဲ့တာပဲ။ တော်ပါပြီလို့ တွေးခဲ့တဲ့အချိန်တွေလည်း အများကြီးပါပဲ။ သို့သော်လည်း လုပ်ရင်းလုပ်ရင်းနဲ့ ၄၃နှစ်တောင်ကျော်သွားတယ်။ နေပျော်သွားတာပေါ့။ လုပ်ဖြစ်သွားတာပေါ့။

ဒီတော့ UTC ရဲ့ ကဏ္ဍက ဘယ်လောက်အရေးကြီးသလဲဆိုရင် တပ်နဲ့ပတ်သက်ပြီး အထင်လွဲမှားနေတာတွေ၊ မသိတဲ့သူတွေ၊ တက္ကသိုလ်အသိုင်းအဝိုင်းက ပညာတတ်တွေက UTC ကြောင့် တပ်မတော်နဲ့ ပတ်သက်ပြီး မှန်မှန်ကန်ကန်သိမြင်လာတဲ့ ရလဒ်ကို ရလာတာဖြစ်ပါတယ်။ တပ်ထဲမှာ မြင့်မြင့်မားမား တာဝန်ထမ်းဆောင်နေတဲ့လူတွေထဲမှာ UTCထွက်တွေ အများကြီးပဲ။ တစ်ချိန်တုန်းက UTC တက်ခဲ့ကြတဲ့ သူတွေဖြစ်ပါတယ်။ ပြောရရင် နိုင်ငံတော်ကာကွယ်ရေးမှာ တက္ကသိုလ်လေ့ကျင့်ရေးတပ်ရဲ့ အခန်းကဏ္ဍက အင်မတန်အရေးပါတယ်လို့ ပြောလိုပါတယ်။

**မေး ။ ။ တက္ကသိုလ်လေ့ကျင့်ရေးတပ် UTC ကျောင်းသားဟောင်းတစ်ဦးအနေနဲ့ လတ်တလော ထုတ်ပြန်ထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ ပတ်သက်ပြီး ထင်မြင်ချက်ကို သိရှိလိုပါတယ်။**

ဖြေ ။ ။ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ ပတ်သက်ပြီး သေသေချာချာ နားမလည်တဲ့သူတွေက ရှောင်တိမ်းရတော့မလိုလို၊ ဟိုလိုလို ဒီလိုလို အမျိုးမျိုးဖြစ်နေကြတယ်။ ကျွန်တော်တို့လည်း အရပ်သားဘဝတုန်းက တပ်နဲ့ပတ်သက်ရင် ကောင်းတာထက် မကောင်းတာပဲ ကြားရတယ်။ မကောင်းတာ၊ ဆင်းရဲတာ၊ ပင်ပန်းတာ၊ ဒါတွေပဲကြားရပြီး တပ်ထဲဝင်ဖို့ဆိုတာဝေးလို့၊ တပ်နဲ့ ပတ်သက်ရမှာ စိုးရိမ်တယ်။ ဒါပေမယ့် တကယ်တပ်ထဲဝင်တော့ ကိုယ်တိုင် တပ်မတော်သားဘဝရောက်မှ စစ်သည်တော်ဟောင်း တစ်ဦးပြောခဲ့သလို **“တပ်မတော်ဆိုတာ အမှန်တကယ်သာ လိုက်နာနိုင်မယ်ဆိုရင် ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တွေအဖြစ် လေ့ကျင့်ပေးတဲ့ကျောင်းကြီးပေါ့”** ဆိုတဲ့ စကားဟာ စိတ်ကူးယဉ်စကား၊ အကောင်းမြင်စကား သက်သက်မဟုတ်တာ ကိုယ်တွေ့သိရှိရပါတယ်။

တပ်မတော်ဆိုတာ နိုင်ငံအတွက် အင်မတန်အရေးကြီးတဲ့ အဖိုးတန်အဖွဲ့အစည်းဖြစ်တယ်။ အမှုထမ်းရမယ်ဆိုရင်လည်း ဘာမှစိုးရိမ်စရာ မရှိပါဘူး။ အစပိုင်းတော့ တစ်မျိုးထင်နိုင်ပါတယ်။ သို့သော်လည်း လုပ်ကြည့်ပါ။ ဝင်ကြည့်ပါ။ ကျွန်တော်တို့လည်း UTC ကနေ တပ်ထဲဝင်ခဲ့တယ်။ စဝင်တုန်းကတော့ ဝင်ငွေရတဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအနေနဲ့ ဝင်ခဲ့တာ မှန်ပေမယ့် တစ်ဘဝစာဖြစ်သွားခဲ့တယ်။ လုပ်ရင်းလုပ်ရင်းကြိုးစားရင်း နောက်ဆုံးအငြိမ်းစားယူချိန်မှာ အမှုထမ်းသက် ၄၃ နှစ်ကျော်ကြာသွားခဲ့တာကို အံ့အားသင့်ဖွယ်တွေ့ရပါတယ်။ လက်ရှိလည်း စစ်သည်တော်ဟောင်းတွေနဲ့ ပတ်သက်တဲ့ စစ်မှုထမ်းဟောင်းအဖွဲ့မှာ တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါတယ်။

ကျွန်တော့်ဘဝအတွေ့အကြုံနဲ့ ခြုံပြီးပြောရရင် အခု ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် သို့လောသို့လောဖြစ်နေတဲ့ လူတွေလိုပါပဲ။ ကျွန်တော်ကိုယ်တိုင် တပ်မတော်အကြောင်း သေသေချာချာမသိဘဲ ကြမ်းတမ်းရိုင်းစိုင်းတဲ့ စစ်သားတချို့ကိုသာ သိရှိပြီး ရွံ့ကြောက်နေရာကနေ UTC ကျေးဇူးကြောင့် တပ်မတော်သားဘဝကို နားလည်လာပြီး ကိုယ်တိုင်စစ်သားဘဝ ဖြတ်သန်းလိုက်တဲ့အခါမှာ မိမိတို့အထင်အမြင်နဲ့ လက်တွေ့နဲ့ ကွာခြားနေတာကို တွေ့ရပါတယ်။ ဒီလိုပဲ ပြည်သူ့စစ်မှုထမ်းဥပဒေအရ အမှုထမ်းကြည့်လိုက်ရင် တပ်မတော်အကြောင်းသိရှိပြီး စစ်သားတွေအပေါ် စာနာသွားနိုင်မယ့်အပြင် အချို့ဆိုရင် ကျွန်တော့်လို တစ်ဘဝစာ အလုပ်အကိုင်အဖြစ် ရွေးချယ်မယ့်သူတွေလည်း ပေါ်ပေါက်လာမယ်လို့ ယုံကြည်ပါတယ်။

**ဝင်းသန့်**

# ကာကွယ်ရေးဝန်ကြီး ပရာဘိုဝို အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်ဟု ကြေညာ

**ဂျကာတာ မတ် ၂၁**

**အင်ဒိုနီးရှားအာဏာပိုင်များက ကာကွယ်ရေးဝန်ကြီး ပရာဘိုဝို ဆူဘီရန်တို ကို လွန်ခဲ့သောလ သမ္မတရွေးကောက်ပွဲ အနိုင်ရသူအဖြစ် ကြေညာခဲ့သည်။**

ပရာဘိုဝိုသည် မဲအရေအတွက် ၆၀ ရာခိုင်နှုန်းနီးပါး ရရှိခဲ့ကြောင်း သက်ဆိုင်ရာအရာရှိများက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားပြည်သူအားလုံးအတွက် ဖြစ်နိုင်သမျှ ကြိုးစားလုပ်ဆောင်သွားမည့် အစိုးရတစ်ရပ်၊ သမ္မတတစ်ဦး၊ ဒုတိယသမ္မတတစ်ဦးအဖြစ် မိမိတို့ကိုယ်တိုင် သက်သေပြသွားမည်ဖြစ်ကြောင်း ပရာဘိုဝိုက ပြောကြားခဲ့သည်။

ပရာဘိုဝိုသည် ယခင်သမ္မတ ဂျိုကိုဝီဒိုဒို၏ သားကို ရွေးကောက်ပွဲမိတ်ဖက်အဖြစ် ရွေးချယ်ခဲ့သည်။ ဂျိုကို၏သားသည် ရွေးကောက်ပွဲမှတ်ပုံတင်ရန် အလွန်ငယ်ရွယ်ခဲ့သည်။ သို့သော်လည်း ဂျိုကို၏ ယောက်ဖဦးဆောင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အဆိုပါအချက်ကို ခြွင်းချက်ထားခဲ့သည်။ ကိုယ်စားလှယ်လောင်း အာနီးစ်ဘက်စ်ဝီဒန်က အဆိုပါကိစ္စကို ခွင့်မပြုသင့်ကြောင်း ယုံကြည်ထားသည်။ ဂျကာတာအုပ်ချုပ်ရေးမှူးဟောင်းက အမှုဖွင့်ခဲ့ပြီး ရွေးကောက်ပွဲကို ဂျိုကိုသားမပါဘဲ ပြန်လည်ကျင်းပရန် လိုလားခဲ့သည်။

အာနီးစ်က ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ရလဒ်များသည် သာတူညီမျှအရေးပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် မှန်ကန်သော လုပ်ငန်းစဉ်ကသာ မှန်ကန်သောရလဒ်ကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း၊ အကယ်၍ပြဿနာတစ်ရပ်ရှိလာခဲ့လျှင် ထွက်ပေါ်လာသောရလဒ်သည်လည်း သံသယဖြစ်ဖွယ်ကောင်းကြောင်း ပြောကြားခဲ့သည်။

တရားရုံးက ဧပြီ ၁၆ ရက်တွင် အဆိုပါ ပြောကြားချက်ကို ပယ်ချသွားမည်လား သို့မဟုတ် ရှေ့ဆက်သွားမည်လားဆိုသည်ကို ဆုံးဖြတ်မည်ဖြစ်သည်။

ရွေးကောက်ပွဲပါဝင်ခဲ့သည့် အခြားကိုယ်စားလှယ်လောင်းမှာ ယခင်ဗဟိုဂျာဗားအုပ်ချုပ်ရေးမှူး ဂန်ဂျားပရာနိုဝို ဖြစ်သည်။ ၎င်းအဖွဲ့ကလည်း ထွက်ပေါ်လာသော ရလဒ်ကို စိန်ခေါ်ရန် စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**





အမေရိကန်သမ္မတဂျိုးဘိုင်ဒင် မတ် ၂၀ ရက်က အရီဇိုးနားပြည်နယ် Intel စက်ရုံ၌ မိန့်ခွန်းပြောကြားနေစဉ်။

# Intel နည်းပညာကုမ္ပဏီသို့ တိုက်ရိုက်ရန်ပုံငွေ ၈ ဒသမ ၅ ဘီလီယံ ပံ့ပိုးပေးမည်ဟု အမေရိကန်သမ္မတကြေညာ

**နယူးယောက် မတ် ၂၁**

ချစ်ပ်ပြားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် Intel နည်းပညာကုမ္ပဏီသို့ တိုက်ရိုက်ရန်ပုံငွေ ၈ ဒသမ ၅ ဘီလီယံအထိ ထောက်ပံ့ပေးသွားမည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။

အဆိုပါ ရန်ပုံငွေများသည် ခေတ်မီသော တစ်ပိုင်းလျှပ်ကူးပစ္စည်းများ ထုတ်လုပ်သည့် ပြည်တွင်းစက်ရုံများ တည်ဆောက်ခြင်းနှင့် ချဲ့ထွင်ရာတွင် ကူညီရန် ရည်ရွယ်ခြင်းဖြစ်သည်။ မတ် ၂၀ ရက်က အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အရီဇိုးနားပြည်နယ်ရှိ Intel စက်ရုံသို့ သွားရောက်ခဲ့ပြီး ကုမ္ပဏီသို့ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ ချေးငွေပေးသွားမည်ဟုလည်း ကြေညာခဲ့သည်။

အမေရိကတွင် ရင်းနှီးမြှုပ်နှံလျှင် တိုင်းပြည်အနာဂတ်ကို ပြောင်းလဲနိုင်ပြီး ကမ္ဘာကြီးကို နောက်တစ်ကြိမ် ဦးဆောင်နိုင်မည်ဟု ၎င်းကဆက်ပြောသည်။ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅ ဘီလီယံ ပံ့ပိုးခြင်းသည် ချစ်ပ်ပြားနှင့် သိပ္ပံဥပဒေအောက်တွင် အကြီးဆုံးထောက်ပံ့ပေးမှုလည်းဖြစ်သည်။

အဆိုပါဥပဒေသည် ၂၀၂၂ ခုနှစ်တွင် စတင်ခဲ့ပြီး ပြည်တွင်းထုတ်လုပ်မှုနှင့် တစ်ပိုင်းလျှပ်ကူးကိရိယာများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်အတွက်လည်း စတင်ခဲ့ခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုအသစ်ကြောင့် အလုပ်နေရာပေါင်း ၃၀၀၀၀ နီးပါးကို ဖန်တီးပေးနိုင်မည်ဟု အိမ်ဖြူတော်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာနိုင်ငံ၌ ပြီးခဲ့သည့်နှစ်အတွင်း ဓာတ်လိုက်သေဆုံးသည့် တောရိုင်းဆင်ပေါင်း ၇၂ ကောင်ရှိ

**ကိုလံဘို မတ် ၂၁**

သီရိလင်္ကာနိုင်ငံ၌ ၂၀၂၃ ခုနှစ်အတွင်း ဓာတ်လိုက်မှုကြောင့် သေဆုံးသည့် တောရိုင်းဆင်ပေါင်း ၇၂ ကောင်ရှိပြီး ၂၀၂၂ ခုနှစ်ကထက် အကောင် ၅၀ တိုးလာခြင်းဖြစ်ကြောင်း တောရိုင်းတိရစ္ဆာန်ထိမ်းသိမ်းရေးဌာနက မတ် ၂၁ ရက်တွင် ပြောသည်။

ဆင်နှင့် လူသားများ ပဋိပက္ခများ ဖြစ်ပွားသည့်နေရာတွင် ကိုယ်ပိုင် ဆောက်လုပ်ရေးများ၌ လျှပ်စစ်ခြံစည်းရိုးများ တပ်ဆင်ထားသည့်အတွက် ယခုကဲ့သို့ တောရိုင်းဆင်သေဆုံးမှု များပြားရခြင်းဖြစ်ကြောင်း အဆိုပါဌာနက ပြောသည်။

ဆင်များကို သတ်ဖြတ်ရန်အတွက် ထောင်ချောက်များဆင်ခြင်းနှင့် လျှပ်စစ်ခြံစည်းရိုးများ တပ်ဆင်ခြင်းတို့အပေါ် ပြင်းထန်သည့် အရေးယူမှုများ ပြုလုပ်သွားရန် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဌာနက ဆုံးဖြတ်ခဲ့သည်။ ၂၀၂၃ ခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံ၌ ဆင်အကောင်ရေ ၄၀၀ သေဆုံးခဲ့ပြီး ၎င်းတို့ထဲမှ ထက်ဝက်မှာ ဆင်နှင့် လူသားပဋိပက္ခကြောင့် သေဆုံးရခြင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံ၌ ဆင်ထိန်းသိမ်း စောင့်ရှောက်ရေးကြိုးပမ်းမှုကို အကူအညီပေးရန်အတွက် ဖွံ့ဖြိုးရေးအရာရှိ ၄၅၀၀ ကို ချထားပေးမည်ဟု အစောပိုင်းက ကြေညာခဲ့သည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ အရှေ့မြောက်ဘက်တွင် အဆောက်အအုံတစ်လုံးပြိုကျပြီး နှစ်ဦးသေဆုံး

**နယူးဒေလီ မတ် ၂၁**

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၏ အရှေ့မြောက်ဘက်တွင် မတ် ၂၁ ရက်အစောပိုင်းက အဆောက်အအုံဟောင်းတစ်လုံး ပြိုကျခဲ့သောကြောင့် နှစ်ဦးသေဆုံးခဲ့ပြီး တစ်ဦးမှာ အပြင်းအထန်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသရဲတပ်ဖွဲ့က ပြောသည်။

နှစ်ထပ်အဆောက်အအုံသည် ဒေလီ၏ ဝဲလ်ကမ်းဒေသတွင် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။

အဆောက်အအုံ ပြိုကျရာမှ ကယ်တင်ခဲ့သော အလုပ်သမားနှစ်ဦးသည် ဆေးရုံတွင် သေဆုံးခဲ့ပြီး အခြားတစ်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း ဒုတိယရဲမင်းကြီး ဂျွိုင်းတာကီ၏ ပြောကြားချက်ကိုကိုးကား၍ သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

အဆောက်အအုံ ပြိုကျမှုနှင့် ပတ်သက်သည့် ဖုန်းခေါ်ဆိုမှုတစ်ခုကို ဒေသစံတော်ချိန် နံနက် ၂ နာရီ ၁၆ မိနစ်က လက်ခံရရှိခဲ့သည်။ အဆောက်အအုံ ပြိုကျချိန်တွင် သေဆုံးမည့်သူများမှာ အိပ်ပျော်လျက်ရှိကြောင်းနှင့် အဆောက်အအုံပြိုကျမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများကို ထပ်မံလုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**



# အာဖဂန်နစ္စတန် အနောက်ပိုင်း၌ ရေကြီးမှုကြောင့် နှစ်ဦးသေဆုံး

**ကဘူးလ် မတ် ၂၁**

အာဖဂန်နစ္စတန် အနောက်ပိုင်း ဘတ်ဂစ်ပြည်နယ် နေရာအများအပြားတွင် ရုတ်တရက်ရေကြီးမှုကြောင့် နှစ်ဦးသေဆုံးပြီး ဒေသခံများ၏နေအိမ်များ စိုက်ခင်းများ ပျက်စီးခဲ့ရသည်ဟု ဘတ်ဂစ်ပြည်နယ် သတင်းအေဂျစ်စီက မတ် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြည်နယ်မြို့တော် ကာလာ-အီ-နော်၊ ဒါရာဘွန်နှင့် ကာဒစ်ခရိုင်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ပြီး ရုတ်တရက်ရေကြီးမှု ဖြစ်ပေါ်ခဲ့သည်ဟု ပြည်နယ် ပြောရေးဆိုခွင့်ရှိသူ ရဲအရာရှိ ဆာဒီကူလာ ဆာဒစ်ကီကပြောသည်။

ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို အသေးစိတ်မတွက်ချက်ရသေးချေ။ လာမည့်နှစ်ရက်အတွင်း မိုးပို၍သည်းလာမည်ဟု အာဖဂန်နစ္စတန် မိုးလေဝသဌာနက ခန့်မှန်းထားသည်။

ထို့ကြောင့် တိုင်းပြည်၏ နေရာအစိတ်အပိုင်း အတော်များများတွင် ရေကြီးမှုများ ဖြစ်ပေါ်လာနိုင်သည်ဟု သတိပေးထားသည်။

**ဆင်ဟွာ**

## မန္တလေးမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်း

နေပြည်တော်  မတ်  ၂၁

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး လက်နက်များတပ်ဆင်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်များ တပ်ဆင် အပ်နှင်းပေးသည်။ **(ယာပုံ)** ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တပ်ဆင်ပေးသည့် လက်နက်များအား လိုက်လံကြည့်ရှုကြပြီး ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော်  မတ်  ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Thu Ya Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ရွှေပြည်အေးမြို့နေ သူရအောင်အား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ "Tin Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဖောင်းပြင်မြို့နယ် နောင်မနားကျေးရွာနေ တင်မိုးအား မွန်းလွဲ ၃ နာရီတွင် လည်းကောင်း ဖောင်းပြင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တွေမြို့ရှိ ဘင်္ဂါလီလူမျိုးများက ရခိုင်ပြည်နယ်အတွင်းရှိ မြို့၊ ရွာများ၌ တိုက်ပွဲဖော်ဆောင်နေသော AA အကြမ်းဖက်သောင်းကျန်းသူများအား အလိုမရှိဟု ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်

နေပြည်တော်  မတ်  ၂၁

ရခိုင်ပြည်နယ်အတွင်း ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့် လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည့် AA အကြမ်းဖက်သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများ နေထိုင်ရာ မြို့၊ ရွာ၊ ရပ်ကွက်များအား တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ သာသနိက အဆောက်အဦများနှင့် စာသင်ကျောင်းများ အတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသောကြောင့် ၎င်းတို့၏လုပ်ရပ်များအား ဒေသခံပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်မှုမရှိဘဲ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထိုသို့ ကန့်ကွက်ရှုတ်ချလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင်လည်း ရခိုင်ပြည်နယ် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၊ ကသဲရပ်ကွက်နှင့် သန်တော်လီရပ်ကွက်များမှ ဒေသတည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ဘင်္ဂါလီလူမျိုးများသည် သတ်မှတ်နေရာများ၌ စုဝေးပြီး ၎င်းစုရပ်နေရာမှ သတ်မှတ်လမ်းကြောင်းများအတိုင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ချီတက်ရာ လမ်းတစ်လျှောက်တွင် **"AA အလိုမရှိ၊ စစ်တွေမြို့ကို ကာကွယ်ကြ၊ တိုက်ပွဲအလိုမရှိ၊ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးနေသည့် NUG/AA အလိုမရှိ၊ လူနေရပ်ကွက်ထဲကို လက်နက်ကြီးနဲ့ ပစ်ခတ်နေတဲ့ AA သောင်းကျန်းသူများ အလိုမရှိ၊ ကျွန်ုပ်တို့သည် ပြည်တွင်းစစ်ကို မလိုလားပါ"** စသည့် ကြွေးကြော်သံများကို မြန်မာ/ဘင်္ဂါလီ နှစ်ဘာသာဖြင့် သံပြိုင်ကြွေးကြော်၍ ငြိမ်းချမ်းစွာဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကြံခင်းမြို့ ရွှေတောင်စုရပ်ကွက်တွင် စစ်မှုထမ်းကိစ္စနှင့်ပတ်သက်၍ မကျေနပ်ကြောင်းပြောသည့် အမျိုးသားတစ်ဦးကို ဖမ်းသွားရာမှ နာရီပိုင်းအတွင်း သေဆုံးခဲ့ကြောင်း လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မမှန်သတင်းအမှားအား ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော်  မတ်  ၂၁

ကြံခင်းမြို့ ရွှေတောင်စုရပ်ကွက်တွင် စစ်မှုထမ်းကိစ္စနှင့်ပတ်သက်၍ မကျေနပ်ကြောင်းပြောသည့် အမျိုးသားတစ်ဦးကို ဖမ်းသွားရာမှ နာရီပိုင်းအတွင်း သေဆုံးခဲ့ကြောင်း လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မမှန် သတင်းအမှားအား ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၂၀၂၄ ခုနှစ် မတ် ၂၀ ရက် နံနက် ၉ နာရီတွင် ကြံခင်းမြို့ ရွှေတောင်စုရပ်ကွက် ၇ လမ်းတွင် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများပါဝင်သည့် အဖွဲ့မှ လူဦးရေ ကျား၊ မ စာရင်းများ ကောက်ခံလျက်ရှိစဉ် ၎င်းလမ်းနေ ဦးသန်းထွန်းအေးက **ပြည်သူ့စစ်မှုထမ်းစာရင်း လာကောက်သည်ဟု ထင်မြင်ပြီး** အုပ်ချုပ်ရေးအဖွဲ့ဝင်များအား ဆဲဆို၍ ရိုင်းပျသောအပြုအမူ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် သက်ဆိုင်ရာသို့ အဆင့်ဆင့် သတင်းပို့ဆောင်ရွက်ခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် တွေ့ဆုံရှင်းလင်းပြောပြခဲ့သော်လည်း လက်မခံသဖြင့် ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက လာရောက်ခေါ်ဆောင်ခဲ့ရာ **မလိုက်နိုင်ကြောင်း၊ ကိုယ်ဘာသာကိုယ် ရဲစခန်းလာခဲ့မည်ဖြစ်ကြောင်း** ပြောဆိုခဲ့ပြီး ၎င်း၏ ဆိုက်ကားဖြင့် ရဲစခန်းသို့ရောက်ရှိလာခဲ့ပါသည်။ ထို့အတူ ၎င်း၏ အစ်မဖြစ်သူနှင့် တစ်ရပ်ကွက်တည်းနေ အမျိုးသားတစ်ဦး ရောက်ရှိလာပြီး ရဲစခန်းမှ တာဝန်ကျ တာဝန်မှူးဖြစ်သူ အမျိုးသမီးဒုရဲအုပ်က ဖြစ်စဉ်အားမေးမြန်းနေစဉ် မူလအတက်ရောဂါရှိသူ ဦးသန်းထွန်းအေးသည် အတက်ရောဂါဖြစ်ပွားခဲ့သဖြင့် တာဝန်မှူးက အစ်မဖြစ်သူနှင့် အဖော်တို့အား ပြန်လည်ခေါ်ဆောင်သွားရန် ခွင့်ပြုပေးခဲ့ပြီး အစ်မဖြစ်သူက **ကျေးဇူးတင်ကြောင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအား ကျေနပ်အောင် တောင်းပန်မည်ဖြစ်ကြောင်း** ပြောဆို၍ ပါလာသောဆိုက်ကားဖြင့် ပြည်သူ့ဆေးရုံသို့ ၉ နာရီခွဲတွင် ရောက်ရှိခဲ့ပြီး ဆေးကုသမှုများခံယူနေစဉ် အတက်ရောဂါကြောင့် နံနက် ၁၁ နာရီခွဲခန့်တွင် သေဆုံးခဲ့ကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် နိုင်ငံတော်အစိုးရ၏ နိုင်ငံသူ၊ နိုင်ငံသားများ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားတတ်မြောက်စေရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှု ထမ်းဆောင်နိုင်စေရန်အတွက် ရည်ရွယ်လုပ်ဆောင်နေမှုများကို ပျက်စီးစေရန် လုပ်ကြံသတင်းများ၊ ကောလာဟလသတင်းများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ဝေလျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သတင်းအချက်အလက်များကို နိုင်ငံပိုင်မီဒီယာများမှ ထုတ်လွှင့်နေသော ပြည်သူ့စစ်မှုထမ်းဆိုင်ရာ အသိပညာပေးသတင်းများ၊ ထုတ်လွှင့်ချက်များနှင့် https://mod.gov.mm/node/74 တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



*ကမ္ဘာ့ရေနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး*

# ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကို မြှင့်တင်ပေး

**မဟာကြွယ်**

ရေသည် ကျွန်ုပ်တို့အားလုံးရှင်သန်ရေးအတွက် အရေးကြီးသော အရာတစ်ခုဖြစ်သကဲ့သို့ သက်ရှိအားလုံးအတွက် အခြေခံအကျဆုံး သဘာဝအရင်းအမြစ်တစ်ခုလည်း ဖြစ်သည်။ "ရေအသက် တစ်မနက်"ဆိုသကဲ့သို့ပင် ကျွန်ုပ်တို့ အသက်ရှင်ရပ်တည်ရေးအတွက် ရေကိုမရှိမဖြစ် လိုအပ်ပါသည်။ ရေသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့အတွက် ပဓာနကျသောအရာဖြစ်သည်နှင့်အညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း သွယ်ဝိုက်ကာ အထောက်အကူပြုလျက်ရှိသည်။ ရေကြောင့်ပင် ကမ္ဘာကြီးသာယာဝပြောကာ ငြိမ်းချမ်းစေနိုင်သကဲ့သို့ ရေကြောင့်ပင် အငြင်းပွားကာ ပဋိပက္ခများကိုလည်း ဖြစ်စေနိုင်ပါသည်။ ကမ္ဘာတစ်ဝန်းတွင် ရေကောင်းရေသန့်ရရှိရေးနှင့် ရေဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂက ဦးဆောင်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့်လည်း နိုင်ငံတကာနှင့်သက်ဆိုင်သော ကမ္ဘာ့ရေနေ့အဖြစ် သတ်မှတ်ကာ နိုင်ငံတိုင်းက ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။

### ကမ္ဘာ့ရေနေ့သမိုင်း

ကုလသမဂ္ဂသည် ၁၉၇၇ခုနှစ်တွင် ကုလသမဂ္ဂ ရေညီလာခံ(Mar del Plata Water Confrence) ကိုကျင်းပခဲ့ပြီး ရေသည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၏ သော့ချက်ဖြစ်သည်ဟု အသိအမှတ်ပြုခဲ့ကြသည်ကို တွေ့ရပါသည်။ ကမ္ဘာ့ရေနေ့နှင့် ပတ်သက်၍ ၁၉၉၂ ခုနှစ် ရီယိုဒီဂျနေရိုး (Rio de Janeiro)မြို့၌ ကျင်းပခဲ့သော ကုလသမဂ္ဂပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညီလာခံတွင် လုပ်ငန်းစဉ်အမှတ်(၂၁)အရ ပထမဆုံးအနေဖြင့် တရားဝင်အဆိုပြုခဲ့ကြပါသည်။ ၁၉၉၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ကုလသမဂ္ဂ အထွေထွေညီလာခံ၌ A/RES/47/193 ဆုံးဖြတ်ချက်အရ မတ်လ ၂၂ ရက်နေ့ကို ကမ္ဘာ့ရေနေ့(World Water Day)အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ ကမ္ဘာ့ရေနေ့ အခမ်းအနားကိုလည်း ၁၉၉၃ ခုနှစ် မတ်လ ၂၂ ရက် နေ့တွင် ပထမဆုံး စတင်ကျင်းပခဲ့ကြသည်။ ကမ္ဘာ့ နိုင်ငံအသီးသီးတွင်လည်း မတ်လ ၂၂ ရက်ရောက်တိုင်း ကမ္ဘာ့ရေနေ့အခမ်းအနားကို နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိပါသည်။

ကမ္ဘာ့ရေနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များစွာရှိပါသည်။ ရေသယံဇာတထိန်းသိမ်းရေး၊ ရေအခက်အခဲ မကျရောက်စေရေး၊ ရေကိုစနစ်တကျ သုံးစွဲကြစေရေး၊ သန့်ရှင်းသည့် သောက်သုံးရေနှင့် မိလ္လာစနစ်တို့ကို မရရှိသူများအတွက် အလေးထားဖြေရှင်းပေးရေးနှင့် ရေ၏ အရေးပါမှုတို့ကို လူသားတို့ ဂရုပြုလာကြစေရေး စသည့် ရည်ရွယ်ချက်များ ထားရှိသည်ကို တွေ့နိုင်ပါသည်။ ထို့အပြင် ကမ္ဘာ့ရေအကျပ်အတည်းနှင့် ပတ်သက်၍ အသိပညာပေးရန် နည်းလမ်းတစ်ခုအဖြစ် ကျင်းပခဲ့ကြပါသည်။ ရေသန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် သက်ဆိုင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်းချက်ထားကာ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာကို ကမ္ဘာ့ရေနေ့တွင် နှစ်စဉ်ထုတ်ပြန်လေ့ရှိပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် လူတိုင်းအတွက် ရေနှင့်မိလ္လာစနစ်ရရှိစေရန် ကုလသမဂ္ဂက ရည်မှန်းချက်ထားသည်ကိုလည်း တွေ့ရပါသည်။




ကမ္ဘာ့ရေနေ့အထိမ်းအမှတ်ပွဲများက ရေနှင့်ဆက်စပ်သော အကြောင်းအရာများကို ဖော်ညွှန်းလျက်ရှိပြီး ရေနှင့်ပတ်သက်နေသည့် ပြဿနာပေါင်းစုံအပေါ် မတူညီသောနည်းလမ်းများဖြင့် ချဉ်းကပ်ဖြေရှင်းကြပုံတို့ကို လေ့လာသိရှိခွင့်ရနိုင်ပါသည်။ နှစ်စဉ်နှစ်တိုင်းတွင် လက်ရှိကမ္ဘာပေါ်မှာ ဖြစ်ပေါ်နေသော အခြေအနေများအား အခြေခံပြီး မတူညီသည့် ဆောင်ပုဒ်တစ်ခုစီကို ချမှတ်လျက် ယင်းဆောင်ပုဒ်နှင့်ပတ်သက်၍ ဆွေးနွေးအဖြေရှာကြခြင်းဖြင့် အကျိုးတရားများလည်း ဖြစ်ထွန်းနိုင်ပါသည်။

ကုလသမဂ္ဂ၏ ကမ္ဘာ့ရေဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာ(United Nations World Water Development Report) WWDRသည် UN-Water ၏ အထင်ကရ အစီရင်ခံစာဖြစ်ပါသည်။ ယင်းတွင် ရေနှင့် မိလ္လာဆိုင်ရာ ပြဿနာများကိုလည်း ထည့်သွင်းဖော်ပြလေ့ရှိသည်။ ယင်းအစီရင်ခံစာက နှစ်စဉ်မတူညီသော ဆောင်ပုဒ်တစ်ခုအပေါ်တွင် အလေးဂရုထားပြီး မူဝါဒချမှတ်ကာ ဆုံးဖြတ်လုပ်ဆောင်ကြမည့်သူတို့အတွက် အကောင်းဆုံးလုပ်ဆောင်သင့်သည်များ၊ ခွဲခြမ်းစိတ်ဖြာလေ့လာ သုံးသပ်ချက်များ စသည့်အကြံပြုချက်များ ပါဝင်ပါသည်။

### ၂၀၂၄ ခုနှစ်၏ ဆောင်ပုဒ်

ရေရှည်တည်တံ့သော မူဝါဒများအား ချမှတ်အကောင်အထည်ဖော်ဆောင်ရာတွင် အထောက်အကူဖြစ်စေသော ကမ္ဘာ့ရေဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသော အစီရင်ခံစာကို UNESCO World Water Development Programme ကိုယ်စား UNESCOက ညှိနှိုင်းဆောင်ရွက်ပေးပြီး ယင်းအစီရင်ခံစာအရ ကမ္ဘာ့ရေနေ့၏ ဆောင်ပုဒ်ကို သတ်မှတ်ဆုံးဖြတ်မည်ဖြစ်သည်။ UN-Water သည် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ပြီး ကမ္ဘာ့ရေနေ့အတွက် ဆောင်ပုဒ်ကို နှစ်စဉ် ရွေးချယ်ကာ ဆော်ဩပေးပါသည်။

ကုလသမဂ္ဂသည် ရေသယံဇာတနှင့်ပတ်သက်၍ အလေးဂရုပြုနိုင်ရန်အတွက် နှစ်စဉ်နှစ်တိုင်း ဆောင်ပုဒ်တစ်ခုစီ ချမှတ်ပေးပြီး နှိုးဆော်ပေးလျက်ရှိပါသည်။ ကမ္ဘာ့ရေနေ့ ၂၀၂၄ ခုနှစ်အတွက် ဆောင်ပုဒ်မှာ **"ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကို မြှင့်တင်ပေး" "Water for Peace"** ဖြစ်ပါသည်။ လူသားတို့၏ဘဝ သာယာဝပြောရေးအတွက် ရေနှင့်ပတ်သက်၍ လုပ်ဆောင်သင့်သည့် အရာများကို အားလုံးက ညီညီညွတ်ညွတ် ကျင့်ကြံလိုက်နာလုပ်ဆောင်ကြရန် တိုက်တွန်းထားသည်။ ရေအရင်းအမြစ်ကို အလဟဿ မဆုံးရှုံးရလေအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်လည်း လိုပေသည်။ ရေသယံဇာတရှိပါမှ ရေကို လုံလုံလောက်လောက်သုံးစွဲနိုင်ပါမှ သာယာဝပြောသော ဘဝပန်းတိုင်ကို တည်ဆောက်နိုင်ကြမည်ဖြစ်ပါသည်။

ကမ္ဘာ့ရေနေ့ ၂၀၂၄ သည် ကျွန်ုပ်တို့အားလုံး၏ လိုအပ်ချက်များကို သဟဇာတဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် မည်သူ့ကိုမျှ နောက်ကျမကျန်ရစ်စေရန် ခိုင်ခိုင်မာမာ ကတိကဝတ်ပြုထားပြီး ရေစွမ်းအားကို အသုံးချခြင်းဖြင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာဝပြောရေးအတွက် အထောက်အကူပြုလျက်ရှိပါသည်။

### ကမ္ဘာ့ရေထုပမာဏနှင့် ရေချို၏အခန်းကဏ္ဍ

ရေသည် ဒြပ်စင်နှစ်ခုဖြစ်သော ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ဒြပ်ပေါင်းတစ်ခုဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အပေါများဆုံးအရာမှာလည်း ရေသယံဇာတပင် ဖြစ်ပါသည်။ ကမ္ဘာ့မျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းမှာ ရေထုဖြစ်ပြီး ကုဗမိုင် ၃၃၃ သန်းမျှ ရှိပါသည်။ ရေသည် ပင်လယ်သမုဒ္ဒရာများ၊ မြစ်ချောင်းများ၊ အင်းအိုင်ရေကန်များ၊ ဆည်မြောင်းတာတမံများနှင့် ရေခဲမြစ်များ၌သာမက မိုးတိမ်များတွင်လည်း ရှိပါသည်။ ကမ္ဘာပေါ်ရှိ သတ္တဝါအားလုံး၏ ခန္ဓာကိုယ်နှင့် သစ်ပင်များတွင်လည်း ရေသည် အချိုးအစားအလိုက် ပါဝင်သည်။ ကျွန်ုပ်တို့ခန္ဓာကိုယ်၏ ၆၀ ရာခိုင်နှုန်းသည် ရေဖြင့်ပင် ဖွဲ့စည်းထားပါသည်။

ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းသည် ရေများဖုံးလွှမ်းလျက်ရှိနေသော်လည်း ထိုပမာဏ၏ ၉၆ ဒသမ ၅ ရာခိုင်နှုန်းခန့်သည် ပင်လယ်သမုဒ္ဒရာ၊ မြစ်ချောင်းများဖြစ်ကြသည်။ ကျန်ရှိသည့် ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရေချိုဖြစ်သည်။ ဝင်ရိုးစွန်းဒေသများတွင်ရှိသော ရေခဲတောင်၊ ရေခဲပြင်များမှာ ရေချိုပမာဏ၏ ၆၈ ရာခိုင်နှုန်းနှင့် မြေအောက်ရေမှာ သုည ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိသည်ကို လေ့လာသိရှိရပါသည်။

ကမ္ဘာကြီးပေါ်တွင် ရေသည် အခြားအရာတို့ထက် ရာခိုင်နှုန်းများစွာရှိနေသည် မှန်သော်လည်း ကမ္ဘာ့လူသားအားလုံးအတွက် သန့်ရှင်းသောရေကို လုံလောက်စွာရရှိရန်မှာ လိုအပ်ချက်များ ရှိနေပါသေးသည်။ ကမ္ဘာ့လူဦးရေ၏ ၈၄၄ သန်းခန့်သည် သန့်ရှင်းသောရေကို မရရှိကြကြောင်း သုတေသနပြုချက်များအရ သိရပါသည်။ အချို့နိုင်ငံများတွင် ရေချိုလုံလောက်မှုမရှိသဖြင့် ပင်လယ်ရေငန်များကို ပြုပြင်သုံးစွဲကြရသည်မျိုးရှိသကဲ့သို့ စွန့်ပစ်ရေဆိုးကိုပင် ပြန်လည်သန့်စင်ကာ သုံးစွဲကြရသည်မျိုးလည်း ရှိပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင်ရှိသော နိုင်ငံများအနက် ရေချိုပေါများသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တစ်ကမ္ဘာလုံးရေချိုပိုင်ဆိုင်မှု၏ ၁ ဒသမ ၇ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားပါသည်။ မြန်မာနိုင်ငံရှိ မြစ်ချောင်း၊ အင်းအိုင်၊ ဆည်တာတမံနှင့် ရေတွင်းရေကန်များသည် မြန်မာ့ရေချိုအရင်းအမြစ်များပင် ဖြစ်ကြပါသည်။ မြန်မာတွင် ရေအရင်းအမြစ်ပေါများသည်ဟုဆိုကြသော်လည်း အထက်အညာဒေသ အပါအဝင် နေရာဒေသအချို့၌ နွေအခါတွင် ရေမလုံလောက်သည့်ပြဿနာမျိုးလည်း ရှိနေသေးသည်ကို တွေ့နိုင်ပါသည်။

### ရေအသုံးချပုံနှင့် ရေပြတ်လပ်မှု

လူတို့သည် သောက်သုံးရေသာမက ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊ ချက်ပြုတ်ဆေးကြောခြင်း စသည်ဖြင့် လူမှုကိစ္စအဝဝတို့တွင် ရေကိုအချိန်တိုင်း အသုံးပြုနေကြရပါသည်။ လူသားများ၏ စားရေရိက္ခာနှင့် သောက်ရေသုံးရေအတွက်သာမက ဇီဝမျိုးစုံတို့၏ ဂေဟစနစ်အတွက်လည်း ရေက အထောက်အပံ့ပြုလျက်ရှိပါသည်။ ကမ္ဘာ့ရေပေးဝေမှု၏ ထက်ဝက်ခန့်ကို မြေအောက်ရေဖြင့် ပံ့ပိုးပေးထားပြီး ၄၀ ရာခိုင်နှုန်းကို ကမ္ဘာ့ဆည်ရေသောက်လယ်မြေများအတွက်လည်းကောင်း၊ ကျန်သည့်အရာကို စက်မှုလုပ်ငန်းများတွင် လည်းကောင်း မြေအောက်ရေကို အသုံးပြုလျက်ရှိသည်။

ကမ္ဘာကြီးတွင် သက်ရှိများအတွက် ရေထက်အရေးတကြီးလိုအပ်သောအရာ မရှိနိုင်ပေ။ လူတို့သည် လူမှုကိစ္စများကို နိစ္စဓူဝ ဖြေရှင်းနိုင်ရန်အတွက် လိုအပ်သော ရေပမာဏနှင့် အရည်အသွေးရှိသော ရေကိုမရရှိကြလျှင် ခက်ခဲနိုင်ပါသည်။ အာဖရိက ကျေးလက်ဒေသနှင့် အာရှတိုက်တို့တွင် ကမ္ဘာလုံးဆိုင်ရာရေ အကျပ်အတည်းရှိနေကြောင်း တွေ့ရသည်။

*စာမျက်နှာ ၁၇ သို့*

■ **ကမ္ဘာ့ရေနေ့ အထိမ်းအမှတ်ပွဲများက ရေနှင့်ဆက်စပ်သော အကြောင်းအရာများကို ဖော်ညွှန်းလျက်ရှိပြီး ရေနှင့်ပတ်သက်နေသည့် ပြဿနာပေါင်းစုံအပေါ် မတူညီသောနည်းလမ်းများဖြင့် ချဉ်းကပ်ဖြေရှင်းကြပုံတို့ကို လေ့လာသိရှိခွင့်ရနိုင်ပါသည်။ နှစ်စဉ်နှစ်တိုင်းတွင် လက်ရှိ ကမ္ဘာပေါ်မှာ ဖြစ်ပေါ်နေသော အခြေအနေများအား အခြေခံပြီး မတူညီသည့် ဆောင်ပုဒ်တစ်ခုစီကို ချမှတ်လျက် ယင်းဆောင်ပုဒ်နှင့်ပတ်သက်၍ ဆွေးနွေးအဖြေရှာကြခြင်းဖြင့် အကျိုးတရားများလည်း ဖြစ်ထွန်းနိုင်**

*စာမျက်နှာ ၁၆ မှ*

တစ်ကမ္ဘာလုံးလူဦးရေ၏ ၈၄၄ သန်းသည် သန့်ရှင်းသောရေကို လက်လှမ်းမမီနိုင်ပေ။ ရေ အလုံအလောက် မရရှိကြသော မိသားစုများနှင့် လူ့အဖွဲ့အစည်းများသည် နှစ်ပေါင်းများစွာ ဆင်းရဲတွင်းနက်နေခဲ့ရသည်။ ကလေးများ ပညာသင်ကြားခွင့်မရကြဘဲ မိဘများ၏ အသက်မွေးဝမ်းကျောင်းအလုပ်တွင် လုပ်ကိုင်ကြရသည်။ ၎င်းတို့ဘဝတွင် သန့်ရှင်းသော ရေရရှိရေးသည် အရာအားလုံးကို ပြောင်းလဲစေနိုင်သည့်အပြင် ကြီးပွားတိုးတက်မှုအတွက် ခြေလှမ်းသစ်တစ်ခု ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးကို အဓိကထားသော နိုင်ငံများတွင် ရေအရင်းအမြစ် လုံလောက်စွာ ရရှိရန် အထူးလိုအပ်ပေသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးတို့၏ အသက်မှာလည်း ရေပင်ဖြစ်ပါသည်။ ရေကိုအလုံအလောက်မရရှိလျှင် လူမှုစီးပွားများမှာ အဆင်မပြေမှု ဖြစ်လာပြီး နောက်ဆက်တွဲဖြစ်လာနိုင်သည့် အစာငတ်ခြင်း၊ ရောဂါပျံ့နှံ့ခြင်းစသည့် ဆင်းရဲမွဲတေမှုဆိုင်ရာ ပြဿနာများကို မလွဲမသွေ ကြုံတွေ့ကြရပေမည်ဖြစ်ပါသည်။

ရေပြတ်လပ်မှု၏နောက်ကွယ်တွင် မမျှော်မှန်းနိုင်သော ဆိုးကျိုးများကို ကြုံတွေ့ရနိုင်ပါသည်။ စက်မှုဇုန်များမှ ရေဆိုးများကို စည်းမဲ့ကမ်းမဲ့စွန့်ပစ်မှုကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ခံစားကြရမည်ဖြစ်သကဲ့သို့ သစ်တောသစ်ပင်များ ခုတ်လှဲမှုစသည့် လူလုပ်ပြဿနာများကြောင့် ရာသီဥတုပြောင်းလဲလာမှု၊ ရေသယံဇာတရှားပါးလာမှုမျိုးကိုလည်း တွေ့ကြုံလာနိုင်ပါသည်။

ကမ္ဘာတစ်ခုလုံးကိုခြုံကြည့်ရလျှင် သန်းထောင်ပေါင်းများစွာသော ပြည်သူပြည်သားများနှင့်အတူ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ စက်ရုံအလုပ်ရုံအပါအဝင် စီးပွားရေးလုပ်ငန်းခွင်များစသည့်နေရာမျိုးစုံတို့တွင် သန့်ရှင်းသော သောက်ရေသုံးရေများ လိုအပ်လျက်ရှိသကဲ့သို့ သန့်စင်ခန်းများ၊ မိလ္လာစနစ်များမှာလည်း လိုအပ်မှုရှိနေကြမည်ဖြစ်ပါသည်။ အလားတူ စိုက်ပျိုးရေးဆိုင်ရာ လယ်ယာလုပ်ငန်းခွင်များနှင့် မွေးမြူရေးလုပ်ငန်းများတွင်လည်း ရေလိုချက်သည် ပဓာနကျနေဦးမည်ဖြစ်ပါသည်။

အကန့်အသတ်ဖြင့်သာရှိနေသော ရေအရင်းအမြစ်ကို မျှဝေသုံးစွဲကြသည့် လူမျိုးစုများ၊ နိုင်ငံများကြားတွင် ရေလိုအပ်ချက်မှာ မြင့်မားလာသည်နှင့် အမျှ မျှမျှတတ စီမံခန့်ခွဲမှုမပေးနိုင်က အငြင်းပွားမှုများ ပေါ်ပေါက်နိုင်သည်။ ဤသည်ကို နိုင်ငံတော်အစိုးရသာမက နိုင်ငံတကာအဖွဲ့အစည်းများကပါ စောင့်ကြည့်လေ့လာပြီး ကြိုတင်ပြင်ဆင်ထားရပေမည်။

**ရာသီဥတုပြောင်းလဲမှုနှင့် ရေ**

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုများကြောင့် ရေအပေါ်၌လည်း သက်ရောက်မှုရှိသည်ကို တွေ့နိုင်ပါသည်။ ကမ္ဘာကြီးပူနွေးလာခြင်း၊ သစ်ပင်သစ်တောများပြုန်းတီးကာ စိမ်းလန်းစိုပြည်မှုမရှိတော့ခြင်းစသည်ဖြင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာခြင်းတို့ကြောင့် ရေသယံဇာတများမှာလည်း ရှားပါးလာမှုရှိပါသည်။ ရေနှင့်သဘာဝပတ်ဝန်းကျင်သည် အပြန်အလှန် အကျိုးသက်ရောက်မှုရှိပါသည်။ ရေသယံဇာတသည် ရာသီဥတုပြောင်းလဲမှုကို ခုခံကာကွယ်ရန်အတွက် အကောင်းဆုံးအရာတစ်ခုဟုလည်း ဆိုနိုင်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်တွင် ရေနှင့်ပတ်သက်၍ အရေးပါသောမူဝါဒများနှင့် အကောင်းဆုံး ပြင်ဆင်ဆောင်ရွက်ထားရှိမှုမျိုး လိုအပ်မည်ဖြစ်ပါသည်။

ရေဝေရေလဲဒေသများ (Watershed) နှင့် သစ်ပင်သစ်တောများကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ပေသည်။ သစ်တောများကို ခုတ်ယူခြင်းကြောင့် သစ်တောများ ပြုန်းတီးပျောက်ကွယ်ခြင်း၊ ဂေဟစနစ်ပျက်စီးခြင်းများ ဖြစ်လာကာ ရာသီဥတုဆိုးရွားမှုများ ဖြစ်လာပြီး မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းပြဿနာများကို ကြုံတွေ့လာရနိုင်ပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲရေး ဗဟိုကော်မတီ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီနှင့် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီတို့က ဦးဆောင်ကာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ သက်ရောက်မှုများနှင့် ရေဆိုင်ရာ အခက်အခဲပြဿနာများကို ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဖြေရှင်းပေးလျက်ရှိပါသည်။

**ရေပဋိပက္ခနှင့် နိုင်ငံနယ်နိမိတ်ဖြတ်ကျော်ရေ**

ရေအရင်းမြစ်များကို ရှာဖွေဖော်ထုတ်အသုံးပြုခြင်း၊ ရေရပိုင်ခွင့်များနှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်ပွားခြင်းသည် ရေပဋိပက္ခပင်ဖြစ်ပါသည်။ ရေပဋိပက္ခသည် ရေချို၊ ရေငန် နှစ်မျိုးစလုံးအတွက် ဖြစ်နိုင်ပါသည်။ အထူးသဖြင့် မြစ်ချောင်းများ တည်ရှိရာနေရာများ၊ ရေရရှိမှုခက်ခဲနေသော ဒေသများနှင့် နိုင်ငံများအကြားတွင် ပို၍ဖြစ်နိုင်ပါသည်။

ရေချိုအရင်းအမြစ်များ ခွဲဝေသုံးစွဲမှုမမျှတခြင်း၊ နယ်မြေပိုင်ဆိုင်မှု အငြင်းပွားခြင်း၊ မဟာဗျူဟာမြောက် အသာစီးရလိုခြင်းတို့ကြောင့် ရေပဋိပက္ခများ ဖြစ်ပေါ်လာနိုင်ပါသည်။ နိုင်ငံများအကြားတွင် ရေအရင်းအမြစ်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဆုံးဖြတ်ရာ၌ အခက်အခဲ များစွာရှိနိုင်သဖြင့် အငြင်းအခုံဖြစ်လာကာ ရေပဋိပက္ခမှာ ပိုမိုကြီးသွားနိုင်ပါသည်။

ကမ္ဘာတစ်ဝန်းရှိ လူဦးရေ ၃ ဘီလီယံကျော်သည် နိုင်ငံနယ်နိမိတ်များကို ဖြတ်ကျော်ကာ ရေကို မှီခိုနေကြရပါသည်။ နယ်နိမိတ်ဖြတ်ကျော်ရေသည် ကမ္ဘာ့ရေချို စီးဆင်းမှု၏ ၆၀ ရာခိုင်နှုန်းရှိပြီး နိုင်ငံပေါင်း ၁၅၃ နိုင်ငံသည် နယ်နိမိတ်ဖြတ်ကျော် ရေတိမ်ပိုင်း စနစ်ပေါင်း ၄၆၈ ခုတွင် နယ်နိမိတ်ဖြတ်ကျော်မြစ်နှင့် အင်းအိုင် ၃၁၀ အနက် အနည်းဆုံး တစ်ခုတည်ရှိကြောင်း ၂၀၂၃ ခုနှစ် UN-Water၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။ သို့သော်လည်း နိုင်ငံပေါင်း ၂၄ နိုင်ငံကသာ ၎င်းတို့ကို ရေမျှဝေပေးပြီး ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူညီမှုများရှိကြကြောင်း တွေ့ရပါသည်။

ရေပဋိပက္ခသည် ဆင်းရဲသောနိုင်ငံများသာမက အင်အားကြီးနိုင်ငံများ၌ပင် ပါဝင်ပတ်သက်နိုင်ကြောင်းကို အမေရိကန်ပြည်ထောင်စု၊ ကော်လိုရာဒိုမြစ်ပေါ်တွင် ဖြစ်ပွားခဲ့သည့် ရေပဋိပက္ခအရ သိနိုင်သည်။ ဂျာမနီအခြေစိုက်အဒါလ်ဖီ(Adelphi)အဖွဲ့က ကမ္ဘာပေါ်တွင် ဖြစ်ပွားနေသော ရေအရင်းအမြစ်နှင့် သက်ဆိုင်သည့် ပြဿနာများကို လေ့လာဖော်ထုတ်ထားသည်ကိုတွေ့ရသည်။ ယင်းအဖွဲ့၏ လေ့လာချက်များအရ အာဖရိကအရှေ့မြောက်ပိုင်းတွင် စီးဆင်းနေသော နိုင်းမြစ်ဝှမ်း (Nile Basin) ရေအရင်းအမြစ်အငြင်းပွားမှု၊ ယီမင်နိုင်ငံရှိ ရေရှားပါးပြတ်လပ်မှုနှင့် ပြည်သူလူထုမကျေနပ်မှု၊ ယူဖရေးတီးမြစ် (Eurphrates)၊ တိုက်ဂရစ်မြစ် (Tigris)တို့နှင့် ပတ်သက်၍ တူကီယဲ၊ ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့ကြားက ပဋိပက္ခ၊ အာဖကန်နစ္စတန်နှင့် အီရန်နိုင်ငံတို့အကြား ရေနှင့်ပတ်သက်၍ နယ်နိမိတ်ဖြတ်ကျော်အငြင်းပွားမှု၊ မဲခေါင်မြစ်ဝှမ်း ရေကာတာစီမံကိန်းများနှင့် အငြင်းပွားမှု၊ အိန္ဒိယနိုင်ငံ ကာဘယ်ရီမြစ်ဝှမ်း (Cavvery Basin)ရှိ ရေနှင့် ပတ်သက်၍ အငြင်းပွားမှု၊ ဆိုမာလီနိုင်ငံ၌ မိုးခေါင်ရေရှားမှုပြဿနာ အစရှိသည်ဖြင့် လေ့လာတင်ပြထားသည်ကိုတွေ့ရသည်။

ဗုဒ္ဓခေတ်အခါက သာကီဝင်မင်းတို့၏ ကပိလဝတ်မြို့နှင့် ကောလိယမင်းတို့၏ ကောလိယမြို့တို့သည် ရောဟဏီမြစ်ကမ်း ဘေးတစ်ဖက်တစ်ချက်စီတွင် တည်ရှိကြပြီး မြို့နှစ်မြို့လုံးက ရောဟဏီမြစ်ရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြရပါသည်။ မိုးခေါင်ရေရှားသော နှစ်တစ်နှစ်တွင် မိုးရေအလုံအလောက် မရရှိကြတော့ဘဲ မြစ်ရေကို နှစ်ဖက်လယ်သမားများ လုကြရာမှ စတင်ခဲ့သောပြဿနာသည် နှစ်နိုင်ငံစစ်ပွဲဖြစ်မည့် အခြေအနေအထိ ကြီးထွားလာခဲ့သည်။ ထိုအခါ ဗုဒ္ဓဘုရားက ရောဟဏီမြစ်သို့ ကြွလာကာ ငြိမ်းချမ်းရေးရေတရား ဟောကြားသောအခါမှ စစ်ပြေငြိမ်းခဲ့ကြကြောင်း ဗုဒ္ဓဝင်စာပေများတွင် တွေ့ရပါသည်။ ဤသို့ဖြင့် ရေပဋိပက္ခသည် ခေတ်အဆက်ဆက်တွင် ပုံသဏ္ဌာန်မျိုးစုံဖြင့် တည်ရှိနေနိုင်သကဲ့သို့ ဖြေရှင်းမှုပုံစံများမှာလည်း ကွဲပြားခြားနားနိုင်ပါသည်။

> ❂ **အချို့ဒေသများတွင် မြစ်ရေတင်စီမံကိန်းများ ဖော်ဆောင်ပေးလျက်ရှိပြီး မြေအောက်ရေထိန်းတမံများ ဆောက်လုပ်ပေးရသည့် နေရာများလည်း ရှိပါသည်။ ပြည်သူများ ရေကိုလုံလုံလောက်လောက် အသုံးပြုနိုင်ရန် အတွက် နိုင်ငံတော်၏နေရာမျိုးစုံမှာ နည်းလမ်းအမျိုးမျိုးဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိ**

**သယ်ယူပို့ဆောင်ရေးနှင့် ရေအားလျှပ်စစ်အတွက် အရေးပါပုံ**

ရေအရင်းအမြစ်သည် သောက်သုံးရန်နှင့် စိုက်ပျိုးရန်အတွက်သာမက သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက်လည်း အလွန်အရေးပါလျက်ရှိပါသည်။ မြစ်ချောင်းများမှသည် ပင်လယ်သမုဒ္ဒရာများအထိ ကုန်စည်ကူးသန်းရောင်းဝယ် ပို့ဆောင်ပေးသည့်လုပ်ငန်းတွင် များစွာအသုံးဝင်လျက်ရှိသည်။ ခရီးသည်နှင့်ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာရန်နှင့် လွယ်ကူလျင်မြန် ထိရောက်အောင် ရေကြောင်းခရီးဖြင့် ပို့ဆောင်ပေးနိုင်ပါသည်။ ယနေ့ခေတ် ကမ္ဘာကြီးတွင် ကုန်းလမ်း၊ လေလမ်းများ မည်မျှပင် ဖွံ့ဖြိုးတိုးတက်လာသည်ဆိုသော်လည်း ရေကြောင်းပို့ဆောင်ရေးကဏ္ဍများမှာ လျော့ကျမသွားဘဲ လူသားတို့၏ အကျိုးစီးပွားအတွက် တစ်ဖက်တစ်လမ်းက အကျိုးပြုလျက်ရှိနေပါသေးသည်။

ထိုသို့ခရီးသည်နှင့် ကုန်စည်များကို အဆင်ပြေချောမွေ့စွာ ပို့ဆောင်ပေးနိုင်စေရန် မြစ်ချောင်းများသည် အရေးပါလျက်ရှိပါသည်။ မြစ်ချောင်းများတွင် ကမ်းပါးပြိုကျခြင်း၊ ဒိုက်သရောများ စုပုံနေခြင်း၊ သောင်များဖြစ်ထွန်းလာခြင်း စသည်တို့ကြောင့် ရေကြောင်းသွားလာမှုကို အနှောင့်အယှက်ဖြစ်စေပါသည်။ သို့ဖြစ်၍ မြစ်ချောင်းများ တိမ်ကောမှု မရှိရအောင် ဂရုတစိုက် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် လိုအပ်မည်ဖြစ်ပါသည်။

ရေအားကို ရှေးယခင်ကတည်းကပင် ဆည်ရေသွင်းစိုက်ပျိုးရေးအတွက်သာမက ရေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက်ပါ အသုံးချလာခဲ့ကြသည်။ ရွေ့လျားနေသောရေ၏ စွမ်းအင်မှ ရရှိလာသော စွမ်းအားသည် ရေအားလျှပ်စစ်ပင်ဖြစ်ပါသည်။ ရေအားလျှပ်စစ်စွမ်းအင်သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တစ်မျိုးဖြစ်ပြီး ရွေ့လျားစီးဆင်းနေသော ရေစွမ်းအင်ကို လူသားများအသုံးပြုနိုင်သည့် လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲထုတ်လုပ်မှုပင်ဖြစ်သည်။ ရေအားလျှပ်စစ်သည် ကုန်ကျမှုစရိတ်အသက်သာဆုံးဖြစ်သည့်အပြင် ကမ္ဘာကြီးရှိလူသားမျိုးနွယ်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးကျေးဇူးများစွာပြုလျက်ရှိပါသည်။

**လူထုသာယာဝပြောရေးအတွက် နိုင်ငံတော်ကဆောင်ရွက်ပေးနေမှု**

ရေသည် တိုင်းသူပြည်သားများ သာယာဝပြောရေးအတွက်အရေးပါသော အရင်းအမြစ်တစ်ခုဖြစ်သည်နှင့်အညီ “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေ ရန်ဆောင်ရွက်သွားမည်”ဟူသည့် ရှေ့လုပ်ငန်းစဉ်တစ်ရပ်ကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထည့်သွင်းချမှတ်ထားသည်ကို တွေ့ရပါသည်။ သို့ဖြစ်၍ နိုင်ငံအနှံ့တွင် ရေကိုဖူလုံစွာရရှိရေးနှင့် ရေအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

ရေရှားပါးသည့် ဒေသများတွင်လည်း နေရာဒေသကိုလိုက်၍ ဆည်မြောင်းတာတမံများ ဆောက်လုပ်ပေးခြင်း၊ ရေတွင်းရေကန်ကြီးများ တူးဖော်ပေးခြင်း၊ အဝီစိတွင်းများတူးပေးခြင်း၊ စိမ့်စမ်းရေများ သွယ်တန်းပေးခြင်း စသည်ဖြင့် ဆောင်ရွက်ပေးခဲ့ပြီးလည်း ဖြစ်ပါသည်။ အချို့ဒေသများတွင် မြစ်ရေတင်စီမံကိန်းများ ဖော်ဆောင်ပေးလျက်ရှိပြီး မြေအောက်ရေထိန်းတမံများ ဆောက်လုပ်ပေးရသည့် နေရာများလည်းရှိပါသည်။ ပြည်သူများ ရေကိုလုံလုံလောက်လောက် အသုံးပြုနိုင်ရန်အတွက် နိုင်ငံတော်၏ နေရာမျိုးစုံမှာ နည်းလမ်းအမျိုးမျိုးဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ရေအရင်းအမြစ်လုံခြုံရေးအတွက် ရေဆိုင်ရာချဉ်းကပ်နည်းများကို ပြန်လည်ဆန်းစစ်သုံးသပ်ပြီး ရေအကျပ်အတည်းများကို စိုးရိမ်မှုမဖြစ်ရအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ရေလိုအပ်ချက်များကို လျှော့ချရန်သာမက ရေအရည်အသွေး မြှင့်တင်ပေးရန်အတွက်လည်း စီမံဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

ရေလိုအပ်ချက်များကို အဆင်ပြေအောင် ဆောင်ရွက်ပေးခြင်းသည် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါလျက်ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးကို အဓိကထားသော မြန်မာနိုင်ငံအနေဖြင့် ရေကို အလုံအလောက်ရရှိမှသာ စိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းနိုင်ပေမည်။ စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းမှသာ သီးနှံအထွက်တိုးပြီး စီးပွားရေးတိုးတက်ဖွံ့ဖြိုးနိုင်ပေမည်။ စီးပွားရေးအဆင်ပြေမှုရှိမှသာ စားဝတ်နေရေးမှသည် ပညာရေး၊ ကျန်းမာရေးအထိ အဆင်ပြေချောမွေ့ကာ လူနေမှုဘဝများ မလွဲမသွေဖွံ့ဖြိုးတိုးတက်လာကြမည်ဖြစ်ပါသည်။

ကမ္ဘာကြီး ငြိမ်းချမ်းသာယာဝပြောရေးအတွက် ရေ၏အခန်းကဏ္ဍသည် များစွာအကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရပါသည်။ ရေချိုအရင်းအမြစ်များနှင့် နိုင်ငံဖြတ်ကျော်ရေများကို ခွဲဝေသုံးစွဲကြသူနိုင်ငံများအကြားတွင် စနစ်တကျ မျှမျှတတစီမံခန့်ခွဲနိုင်မည်ဆိုပါက ရေကြောင့်ပင် နှစ်နိုင်ငံအကြား၌ ငြိမ်းချမ်းမှု၊ သာယာဝပြောမှုတို့ကို ဖန်တီးနိုင်ပါသည်။ နိုင်ငံများအနေဖြင့် ရေကြောင်းကုန်သွယ်မှုကို အသုံးချလျက် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ကြသကဲ့သို့ ရေမှတစ်ဆင့် ရေအားလျှပ်စစ်စွမ်းအင်သို့ ကူးပြောင်းရယူကာ လူမှုဘဝများ တိုးတက်ဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်ကြပါသည်။ ပြည်သူလူထုတစ်ရပ်လုံး အဘက်ဘက်မှ **“ငြိမ်းချမ်းသာယာဝပြောရေးအတွက် ရေကဏ္ဍကို မြှင့်တင်ပေးကြပါစို့”**ဟုတိုက်တွန်းရင်း **ကမ္ဘာ့ရေနေ့**ကို ဂုဏ်ပြုလိုက်ရပါတော့သည်။ ။




## National ICT Awards 2023 (Educational Project & Skills Competition) ဆုချီးမြှင့်ပွဲနှင့် ပရောဂျက်များ ခင်းကျင်းပြသပွဲကျင်းပ

ရန်ကုန် မတ် ၂၁

**ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းကျင်းပသည့် National ICT Awards 2023 (Educational Project & Skills Competition) ဆုချီးမြှင့်ပွဲနှင့် ပရောဂျက်များ ခင်းကျင်းပြသပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် MICT Park ၌ ကျင်းပသည်။**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များနှင့် ဆုရပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် အထွေထွေအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ ကွန်ပျူတာ ဝါသနာရှင်အသင်းဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် National ICT Awards 2023 (Educational Project and Skills Competition) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် လူ့စွမ်းအားအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဦးငြိမ်းဦးက National ICT Awards ပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် National ICT Awards 2023 (Educational Project and Skills Competition) ပြိုင်ပွဲတွင် ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများနှင့် National ICT Awards 2023 ပြိုင်ပွဲ ဆုရွေးချယ်ရေးအတွက် အကဲဖြတ်ပေးခဲ့ကြသည့် ပညာရှင်များ၊ ပြိုင်ပွဲနှင့် ဆုပေးပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးပေးသူများအား ဂုဏ်ပြုလက်မှတ်များကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိများနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား (၁၆) ကြိမ်မြောက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်နေမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သွားရောက်ကြည့်ရှုအားပေး

ပဲခူး မတ် ၂၁

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်အတူ မတ် ၂၁ ရက် နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား (၁၆) ကြိမ်မြောက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး ဝန်ထမ်းများက စမ်းသပ်စစ်ဆေး ကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ကူညီဆောင်ရွက် ပေးနေမှုများကို လိုက်လံကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။ အငြိမ်းစားနိုင်ငံ့ ဝန်ထမ်းများအား လစဉ်ကျန်းမာရေး စစ်ဆေးပေးခြင်းများအပြင် တစ်ဦးလျှင်လိုအပ်သော ဆေးဝါးများ တစ်လစာ အခမဲ့ ထောက်ပံ့ပေးအပ်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအတွက် အခြားရက်တွင် အငြိမ်းစား ဆေးကုသခွင့်လက်မှတ်ဖြင့် ဆေးရုံကြီးသို့ လာရောက်ပြသ၍ ဆေးဝါးတစ်လစာ အခမဲ့ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ လုပ်ငန်းနယ်ပယ် အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် အငြိမ်းစားယူပြီးနောက် ကျန်းမာရေးနှင့် ပတ်သက်၍ အရည်အသွေး ပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှုကို ခံယူခြင်းဖြင့် ကျန်းမာပျော်ရွှင် အသက်ရှည်စွာ နေထိုင်ရေး အတွက်ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှု၊ ဌာနဆိုင်ရာ၊ မြို့မိမြို့ဖ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းကူညီပါဝင်မှုဖြင့် လစဉ် ၂၁ ရက်နေ့တိုင်း တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် အခြေခံစားကုန်များကိုလည်း သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## မိတ္ထီလာမြို့ စက်မှုဇုန်ရှိ ရက်ကန်းစက်ရုံတွင် မီးစက်နှိုးရာ မီးစက်အိတ်ဇောမှ မီးပွားလွင့်စဉ်ပြီး မီးလောင်

**မိတ္ထီလာ မတ် ၂၁**

မိတ္ထီလာမြို့ စက်မှုဇုန်ရှိ ရက်ကန်းစက်ရုံတွင် မတ်လ ၂၁ ရက် နံနက် ၁၀ နာရီ မိနစ် ၃၀ က ဒီဇယ်အင်ဂျင်မီးစက်နှိုးရာ မီးစက်အိတ်ဇောမှ မီးပွားလွင့်စဉ်ပြီး မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိတ္ထီလာမြို့ စက်မှုဇုန် ၄ လမ်းနှင့် ၅ လမ်းကြားရှိ ပိုင်ရှင် ဦးလှမင်း၏ ရက်ကန်းစက်ရုံ အဆောက်အဦတွင် ဒီဇယ်အင်ဂျင်မီးစက်နှိုးရာမှ မီးပွားလွင့်စဉ်ပြီး ခေါင်မိုးရှိ ဝါပိုးမျှင်များသို့ မီးကူးစက်လောင်မှုဖြစ်ပွားရာသို့ ခရိုင်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မီးငြိမ်းသတ်ယာဉ်များ၊ အထောက်အကူပြုယာဉ်တစ်စီး၊ ရေသယ်ယာဉ်တို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့သည်။

ယင်းမီးလောင်မှုကြောင့် ပတ်ဝန်းကျင်သို့ မီးကူးစက်မှုမရှိ၊ လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ရက်ကန်းစက်ရုံ တစ်ရုံနှင့် ရက်ကန်းစင် ၁၈ စင်၊ ယက်ဖောက်ခုံ သုံးခုံတို့ မီးလောင်ဆုံးရှုံးခဲ့သည်။ အဆိုပါမီးလောင်မှုဖြစ်ပွားသည် ရက်ကန်းစက်ရုံပိုင်ရှင် ဦးလှမင်းအား အမှတ် (၃) နယ်မြေရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## နန်းမားမြို့ဘူတာရုံ၌ မီးရထားတွဲ သုံးတွဲမီးလောင်မှုဖြစ်ပွား

**မိုးညှင်း မတ် ၂၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားမြို့ မြို့မရန်အောင်ရပ်ကွက်ရှိ မီးရထားဘူတာရုံ၌ တွဲဆိုင်းထားရှိသော ရထားတွဲဆိုင်းနှစ်တွဲအနက်



လူစီးရထားတွဲအား မတ် ၂၀ ရက် ညနေ ၅ နာရီ မိနစ် ၄၀ က ရထားတွဲ သုံးတွဲ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နန်းမားမြို့ မြို့မရန်အောင်ရပ်ကွက်အတွင်းရှိ မီးရထားဘူတာရုံ သံလမ်းအမှတ် (၂) တွင် ရပ်ထားသော တွဲဆိုင်းပေါ်၌ အိမ်ခြေယာမဲ့များ မူးယစ်ဆေးသုံးစွဲကြရာ ကြွင်းကျန်သည့် မီးစများမှအနီးရှိ ထိုင်ခုံ (အပေါင်း) များသို့ မီးစတင်ကူးစက်လောင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာသို့ ခရိုင်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေမီးသတ်စခန်းမှ မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ကြရာ ညနေ ၆ နာရီ ၂၂ မိနစ်တွင် မီးလုံးဝငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် မီးရထားတွဲဆိုင်း သုံးဆိုင်းပေါ်ရှိ ထိုင်ခုံ(အပေါင်း) အလုံး ၁၈၀ ခန့် မီးလောင်ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ပြီး ၎င်းမီးလောင်ဖြစ်ပွားမှုကို အရေးယူဆောင်ရွက်နိုင်ရေးနှင့် တရားခံအား ဖမ်းဆီးရမိရေးအတွက် ဒေသနယ်မြေရဲစခန်းမှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရွှေမိုးညှင်း**

*✻ ကျောဖုံးမှ*

ပြန်လည်လေ့ကျင့်လျက်ရှိပြီး တစ်ပတ်ကျော်အကြာတွင် နိုင်ငံတကာခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ ထို့ပြင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာရှဖလား ဖူဆယ်ပြိုင်ပွဲကျင်းပမည့် ထိုင်းနိုင်ငံသို့ ကြိုတင်သွားရောက်မည်ဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အိမ်ကွင်း၌ ပထမဆုံး နိုင်ငံတကာခြေစမ်းပွဲကစားခြင်းဖြစ်ပြီး နှစ်ရက်ဆက်တိုက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

လက်ရှိရွေးချယ်ထားသည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင် ဂိုးသမား- ညီညီသန့်၊ မိုင်းစိုးမြတ်သွေး (MIU)၊ ကျော်ရဲသွေး (Generations)၊ ရဲထက်နိုင် (လင်းလက်)၊ ကစားသမား- မျိုးမြင့်စိုး၊ ဝေဇင်ဦး၊ ငြိမ်းမင်းစိုး၊ ထွဋ်ဝေထွန်း၊ ထွန်းမင်းလှိုင်၊ နိုင်လင်းထွန်းကျော်၊ အောင်ဇင်ဦး၊ မျိုးသက်ကျော် (VUC)၊ မင်းချစ်သူ၊ ထွန်းထွန်းဝင်း (M2K)၊ ကိုကိုလွင်၊ မျိုးသက်အောင်၊ လှိုင်မင်းထွန်း (MIU)၊ လဖိုင်ဇော်လွန်း (Winner Soccer)၊ သော်ထက်အောင်၊ ထက်ဝေ (လင်းလက်) တို့ပါဝင်ပြီး နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က ကိုင်တွယ်နေသည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ ပထမအကြိမ်လေ့ကျင့်ထားပြီး အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ကာ အင်ဒိုနီးရှားကလပ်များနှင့် ခြေစမ်းပွဲ သုံးပွဲကစားထားသည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

*❖ ကျောဖုံးမှ*

ဘိုင်ယန်မြူးနစ်အသင်းသည် လက်ရှိဘွန်ဒက်စ်လီဂါ ၂၆ ပွဲကစားပြီးချိန်တွင် ရမှတ် ၆၀ ဖြင့် ဦးဆောင်သူ လေဗာကူဆင်အသင်းနှင့် ၁၀ မှတ်အကွာ အဆင့် (၂) တွင် ရပ်တည်လျက်ရှိသည်။ ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ရာသီတွင် အသင်းရလဒ်ဆိုးရွားလာမှုနှင့်အတူ ၂၀၁၂ ခုနှစ်နောက်ပိုင်း ဘွန်ဒက်စ်လီဂါ ဖလားဆွတ်ခူးရေး မျှော်လင့်ချက် တဖြည်းဖြည်းမှေးမှိန်လာခဲ့ပြီ ဖြစ်သည်။

**အောင်ဇော်**

## ပေါင်းတည်၌ အငြိမ်းစားဝန်ထမ်းများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်

ပေါင်းတည် မတ် ၂၁

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ပြည်သူ့ဆေးရုံ၌ မတ် ၂၁ ရက် နံနက် ၈ နာရီက အငြိမ်းစားဝန်ထမ်းများကို အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး အစိုးရ၏ ဦးဆောင်ညွှန်ကြားမှုနှင့်အတူ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းမှုဖြင့် ဆောင်ရွက်လျက်ရှိပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီး ဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ သန်းသန်းချစ်က အနီးကပ် ကြီးကြပ်ကာ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစမ်းသပ် စစ်ဆေးပေးခြင်း၊ လိုအပ်သည့်ဆေးဝါးများ ထောက်ပံ့ပေးခြင်းနှင့် ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေး ကြသည်။ **(အောက်ပုံ)**

ယခုလတွင် အငြိမ်းစားဝန်ထမ်းသစ် လေးဦးနှင့် ယခင် အငြိမ်းစား ဝန်ထမ်းဟောင်း ၈၈ ဦး စုစုပေါင်း ၉၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ သိရ သည်။

**သူရကြီး(ပြန်/ဆက်)**



**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်**




## (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ ဆုရအနုပညာဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကျင်းပ



ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံလုံး ဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ ဆုရအနု ပညာဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ကမာ ရွတ်မြို့နယ် ဟံသာဝတီလမ်းရှိ Time City Jewell (၅)လွှာ၌ ကျင်းပခဲ့သည်။

မင်္ဂလာအချိန်၌ အသင်းမှ ဓာတ်ပုံပညာရှင်ကြီးများ ဖြစ်ကြ သည့် နာယကကြီး ဦးထွန်းရွှေ၊ နာယကကြီး အကယ်ဒမီပန်းချီ စိုးမိုး၊ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး (တက်နေဝင်း)၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း (သမဝါယမ တက္ကသိုလ်)နှင့် အလုပ်အမှုဆောင် များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ ကြသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ နာယက အကယ်ဒမီပန်းချီစိုးမိုး၊ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး (တက်နေဝင်း) တို့က အဖွင့်အမှာစကားပြော ကြားပြီး ပြပွဲတွင် ပြသထားသော ဆုရဓာတ်ပုံများကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြသည်။

ပြပွဲကို မတ် ၂၁ ရက်မှ မတ် ၂၅ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်ပြီး ဟောပြောပွဲကို နံနက် ၁၀ နာရီမှ စတင်၍ သုံးရက်တိုင် ကျင်းပ သွားမည်ဖြစ်ရာ မတ် ၂၁ ရက်တွင် ဓာတ်ပုံပညာရှင် Michael Aung က လည်းကောင်း၊ မတ် ၂၂ ရက် တွင် ဓာတ်ပုံပညာရှင် ကျော်ကျော် ဝင်း (X-Photographer) က လည်းကောင်း၊ မတ်၂၃ ရက်တွင် ဓာတ်ပုံပညာရှင် မြင့်အောင် (Nonstop)က လည်းကောင်း ဓာတ်ပုံပညာအကြောင်းသိကောင်း စရာများကို ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို အခမဲ့လာရောက်နိုင်ကြောင်း သိရ သည်။

ဆုပေးပွဲ အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲကို မတ် ၂၅ ရက် ညနေ ၄ နာရီတွင် ယင်း နေရာ၌ပင် ပြုလုပ်သွားမည်ဟု သိရသည်။

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| စာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | – | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၀၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ – ၃ – ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၅ ကျပ် | ၂၄၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၃၀ ကျပ် | ၂၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၄၅ ကျပ် | ၂၈၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန် ရပ်ကွက် ချမ်းသာလမ်းနှင့် အောင်မြေလမ်းဆက်စပ်နေရာနှင့် ခန်းမ ဆောင်လမ်းနှင့် ချမ်းသာလမ်းဆက်စပ်နေရာတို့တွင် မတ် ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင် နီယာဌာန(လမ်းနှင့် တံတား)မှ မြောင်းကူးသံကွန်ကရစ်မြောင်းဖုံး ခင်းကျင်းနေစဉ်။ ဓာတ်ပုံ – ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ – စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၃၆၈၈ | ၃၁၃၄၈၀၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၁၀၃၀၅၃ | ၂၈၈၇၀၃၆၅၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၆၉၄ | ၅၃၄၃၈၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၁၃၅ | ၂၀၂၅၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၃၀၂ | ၇၅၅၈၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၅၁၈ | ၉၀၆၅၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၀၀ | ၄၉၀၀၀၀ |
| MAEPC | ၁၇၅၀ | ၁၈၀၀ | ၅၀၀၃ | ၈၇၅၅၄၀၀ |

# တီထွင်မှုမူပိုင်ခွင့် သတင်းအချက်အလက်မှသည် တီထွင်ဖန်တီးမှုအသစ်များဆီသို့

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသစ်အသစ်သော သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပညာရပ်များကို တီထွင်ကြံဆလို့လစိုက် ကြိုးပမ်းလျက်ရှိကြပါသည်။ အဆိုပါအသစ်ဖြစ်သော တီထွင်မှုများပေါ်ထွက်လာရေးအတွက် ရင်းနှီးမြှုပ်နှံမှုပေါင်းများစွာဖြင့် အားဖြည့်ဆောင်ရွက်လျက်လည်း ရှိကြပါသည်။ မြန်မာနိုင်ငံတွင်လည်း တီထွင်ဖန်တီးမှုစွမ်းပကားများ မြင့်မားလာစေရေးဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးဖော်ဆောင်ပေးရန် ဆောင်ရွက်လျက်ရှိပါသည်။

အသစ်ဖြစ်သော တီထွင်မှုများသည် ရက်၊ လ၊ နှစ်အလိုက် အစဉ်အမြဲ တိုးတက်ပြောင်းလဲလျက်ရှိရာ တီထွင်ဆန်းသစ်မှုများက ကမ္ဘာတစ်ဝန်းတွင် နေ့စဉ်နှင့်အမျှ တိုးတက်လာနေပါသည်။ လူသုံးကုန်ပစ္စည်း၊ အသုံးအဆောင်ပစ္စည်းများနှင့် စပ်လျဉ်းသည့် နည်းပညာများမှာလည်း တစ်စတစ်စ တိုးတက်လာနေပြီး လူနေမှုအဆင့်အတန်းများကိုလည်း မြင့်မားတိုးတက်လာမည်ဖြစ်ပါသည်။ နိုင်ငံတိုင်းသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြိုင်အဆိုင် တီထွင်ကြံဆ ကြိုးပမ်းလုပ်ဆောင်နေကြပါသည်။

တီထွင်ဖန်တီးနိုင်စွမ်းအားဆိုသည်မှာ စက်ပစ္စည်း၊ နည်းပညာကိုသာ တီထွင်ဖန်တီးနိုင်ခြင်းမျိုး မဟုတ်ဘဲ လူမှုပတ်ဝန်းကျင်ရှိ တွေ့ကြုံနေရသည့် ပြဿနာအမျိုးမျိုးကို အဆင်ပြေလွယ်ကူချောမောစေရန် တီထွင်သူတို့၏ စိတ်ကူးစိတ်သန်းဖြင့် အသစ်ဖြစ်သော တီထွင်ဖန်တီးနိုင်စွမ်းပင်ဖြစ်သည်။

**“အသစ်အသစ်သော တီထွင်ဖန်တီးမှုမှန်သမျှသည် ယခင်ရှိပြီးသား နည်းပညာများအပေါ် အခြေခံ၍ ပိုမိုကောင်းမွန်သော တီထွင်ဆန်းသစ်မှုများအဖြစ် တီထွင်သူများက ၎င်းတို့၏ ဖန်တီးနိုင်မှုစွမ်းအားအရ ပေါ်ထွက်လာခြင်းပင်ဖြစ်သည်။ တီထွင်သူများအနေဖြင့် မိမိတို့တီထွင်ထားရှိသော အဆိုပါ တီထွင်ဖန်တီးနိုင်မှုမှန်သမျှကို အခြားတစ်ဦးဦးမှ အလွယ်တကူအသုံးချခြင်းကို မခံရစေရန် မူပိုင်ခွင့်ဦးစီးဌာနတွင် တီထွင်မှုအကာအကွယ် ရယူထားရမည်ဖြစ်ပါသည်။ အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံများမှ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသော တီထွင်မှုဆိုင်ရာ နည်းပညာအသစ်များကို အခြေခံ၍ ဆန်းသစ်တီထွင် ဖန်တီးနိုင်သော စွန့်ဦးတီထွင်သူများကို မွေးထုတ်ပေးနိုင်”**

### အကျိုးကျေးဇူးများစွာရရှိ

လူသားတို့၏ တီထွင်ဖန်တီးနိုင်မှုများကို လေ့လာကြည့်ပါက ကမ္ဘာဦးအစကပင် သဘာဝ အရင်းအမြစ်များကို အခြေခံ၍ စွမ်းဆောင်ရည်ကောင်းမွန်သော ပစ္စည်းကိရိယာများကို တီထွင်ခဲ့ကြပါသည်။ ဥပမာအားဖြင့် မီးကို ဖန်တီးခြင်း၊ လေးလံသော အရာဝတ္ထုများ ရွှေ့လျားနိုင်ခြင်းအတွက် ဘီး(Wheel)ကို တီထွင်ခြင်း၊ ခရီးသွားလာရေးတွင် ပိုမိုတွင်ကျယ်စေရန် ယာဉ်အမျိုးမျိုးတီထွင်ခြင်း၊ လျှပ်စစ်မီးတီထွင်ခြင်း၊ ပုံနှိပ်စက်၊ တယ်လီဖုန်းနှင့် အင်တာနက်တို့ကဲ့သို့သော တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ဆက်သွယ်နိုင်မည့်နည်းပညာများကို ဖန်တီးနိုင်ခဲ့ခြင်းကြောင့် လူသားတို့အတွက် အကျိုးကျေးဇူးများစွာ ရရှိခဲ့ပါသည်။

အသစ်အသစ်သော တီထွင်ဖန်တီးမှုမှန်သမျှသည် ယခင်ရှိပြီးသား နည်းပညာများအပေါ် အခြေခံ၍ ပိုမိုကောင်းမွန်သော တီထွင်ဆန်းသစ်မှုများအဖြစ် တီထွင်သူများက ၎င်းတို့၏ ဖန်တီးနိုင်မှုစွမ်းအားအရ ပေါ်ထွက်လာခြင်းပင်ဖြစ်သည်။ တီထွင်သူများအနေဖြင့် မိမိတို့တီထွင်ထားရှိသော အဆိုပါတီထွင်ဖန်တီးနိုင်မှုမှန်သမျှကို အခြားတစ်ဦးဦးမှ အလွယ်တကူ အသုံးချခြင်းကို မခံရစေရန် မူပိုင်ခွင့်ဦးစီးဌာနတွင် တီထွင်မှုအကာအကွယ် ရယူထားရမည်ဖြစ်ပါသည်။ အခြားသောဖွံ့ဖြိုးပြီး နိုင်ငံများမှ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသော တီထွင်မှုဆိုင်ရာ နည်းပညာ အသစ်များကို အခြေခံ၍ ဆန်းသစ်တီထွင်ဖန်တီးနိုင်သော စွန့်ဦးတီထွင်သူများကို မွေးထုတ်ပေးနိုင်ပါသည်။

### နိုင်ငံတိုင်းတွင် တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးလျက်ရှိ

နိုင်ငံတိုင်းတွင် တီထွင်ဖန်တီးမှုများ၏ အခွင့်အရေးများကို တီထွင်မှုမူပိုင်ခွင့်ဥပဒေဖြင့် အကာအကွယ်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း တီထွင်မှုများကို အကာအကွယ်ပေးရန်အတွက် ၂၀၁၉ ခုနှစ်တွင် တီထွင်မှုမူပိုင်ခွင့်ဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ တီထွင်မှုမူပိုင်ခွင့်သည် လျှောက်ထားသောနိုင်ငံ သို့မဟုတ် ဒေသအတွင်း၌သာ အခွင့်အရေးရရှိသည့်စနစ်ဖြစ်ပြီး အချိန်ကာလအားဖြင့် တီထွင်မှုမူပိုင်ခွင့်၏ သက်တမ်းမှာ နှစ် ၂၀ ဖြစ်ပြီး အသေးစားတီထွင်မှုမူပိုင်ခွင့်၏ သက်တမ်းမှာ ၁၀ နှစ် ဖြစ်ပါသည်။ တီထွင်မှု မူပိုင်ခွင့်ဆိုင်ရာ သတင်းအချက်အလက်များဆိုသည်မှာ ကမ္ဘာတစ်ဝန်းရှိ မူပိုင်ခွင့်ရုံးများမှ ထုတ်ပြန်ကြေညာထားသော တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်များ၏ နည်းပညာဆိုင်ရာ အချက်အလက်များကို ဆိုလိုခြင်းဖြစ်ပါသည်။ သတင်းအချက်အလက်များသည် များစွာသော တီထွင်ဖန်တီးမှုများ ဖြစ်ပေါ်လာစေရန်အတွက် အခြေခံအုတ်မြစ်လည်း ဖြစ်ပေသည်။ ထိုသတင်းအချက်အလက်များကို လေ့လာမှတ်သားခြင်း၊ နည်းပညာများအား စူးစမ်းရှာဖွေခြင်း၊ ဖန်တီးတီထွင်ခြင်းများ ပြုလုပ်ခြင်းဖြင့် အဆင့်မြင့်တင်ထားသော တီထွင်ဖန်တီးမှုအသစ်များကို ပြုလုပ်နိုင်ပေသည်။ ထိုတီထွင်မှုများကို တီထွင်မှုမူပိုင်ခွင့်ဥပဒေဖြင့် အကာအကွယ် ရယူထားနိုင်ပေရာ တီထွင်ဖန်တီးမှုများ ဖြစ်ပေါ်လာရေးအတွက် သတင်းအချက်အလက် နည်းပညာများသည် လွန်စွာအရေးပါလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**မူပိုင်ခွင့်ဦးစီးဌာန**

---

## အငြိမ်းစားဝန်ထမ်း ဘိုးဘွား ၂၀၀၀ ကျော်အား စတုဒိသာ လှူဒါန်း

**နေပြည်တော် မတ် ၂၁**

အငြိမ်းစားဝန်ထမ်း ဘိုးဘွားများအား ဆုလာဘ်ပိုင် ကုမ္ပဏီမိသားစုမှ လစဉ်လှူဒါန်းလျက်ရှိရာ (၂၁)ကြိမ်မြောက် စတုဒိသာအလှူအဖြစ် ယနေ့ နံနက်ပိုင်းတွင် ကြာဇံဟင်းခါးနှင့် ရေသန့်များ လှူဒါန်းခဲ့သည်။



ထိုသို့ လှူဒါန်းခြင်းကို နေပြည်တော် ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လစာငွေ လာရောက်ထုတ်ယူသည့် အငြိမ်းစားဝန်ထမ်းဘိုးဘွား ၂၀၀၀ ကျော်အား လှူဒါန်းကျွေးမွေးခဲ့ခြင်း ဖြစ်သည်။

“ပင်စင်စား ဘိုးဘွားတွေကို လစဉ်လှူဒါန်းကျွေးမွေးတာ ယနေ့ဆိုရင် (၂၁) ကြိမ်ရှိသွားပါပြီ။ သက်ကြီးရွယ်အို ဘိုးဘွားတွေ ပင်စင်ထုတ်ယူဖို့ နံနက်အစောကြီးထလာရတဲ့အတွက် ပင်စင်လစာ စောင့်ရင်း အဆင်ပြေအောင် ‘‘မေတ္တာပေးလှူ ဖေးမကူတဲ့ စတုဒိသာအလှူပွဲ’’ လေးပါ။ ဒီလို လစဉ်မပျက် လှူဒါန်းကုသိုလ်ပြုခွင့်ရနေတဲ့အတွက် အထူးကြည်နူးပီတိဖြစ်မိပါတယ်”ဟု ဆုလာဘ်ပိုင်ကုမ္ပဏီမိသားစု၏ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဘိုဘိုက ပြောပြသည်။

**ညီညီ**

---

## တောင်ငူမြို့၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုပေးအပ်

**တောင်ငူ မတ် ၂၁**

တောင်ငူမြို့နယ် လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ နတ်သျှင်နောင်ခန်းမ၌ တောင်ငူမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု၊ မီးဖွားမှုနှင့် ဆိုင်သည့် ကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်း ပြုလုပ်သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးတိုင်းတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီး တိုင်းတာဝန်ခံအရာရှိက CB ဘဏ်ခွဲမှ အာမခံအလုပ်သမား ဦးမင်းစိုး၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုဖြစ်ခြင်းအတွက် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေကျပ် ၈၇၀၉၁၂၀ ကို ကာယကံရှင် ဦးမင်းစိုးထံသို့ လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်လင်းအောင်က တောင်ငူဒေသ သစ်ထုတ်လုပ်ရေးမှ အာမခံအလုပ်သမား ဦးငွေးဝင်း၏ အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေကျပ် ၃၅၂၇၆၄၇ ဒသမ ၂၀ ကို ဇနီးဖြစ်သူ ဒေါ်ခင်ညိုဝင်းထံသို့ လည်းကောင်း၊ ကျန်ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု၊ မီးဖွားမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ရသူများအား တာဝန်ရှိသူများက ကာယကံရှင်များထံသို့ ပေးအပ်ခဲ့ကြောင်းနှင့် ယနေ့တွင် အကျိုးခံစားခွင့် စုစုပေါင်းငွေကျပ် ၁၃၃၆၅၀၈၇ ဒသမ ၂၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**ဇော်ကိုကို (တောင်ငူ)**

---



## ပြည်မြို့နယ်၌ ကျောင်းကျန်းမာရေးစစ်ဆေးမှုမှတ်တမ်းကတ် အသုံးပြုခြင်းဆိုင်ရာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ပြည် မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ကျောင်းကျန်းမာရေး စစ်ဆေးမှုမှတ်တမ်းကတ် အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သိရီရတနာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမြတ်မင်းကြူက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နော်အေးမေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ၊ ဆရာ/ဆရာမ စုစုပေါင်း ၄၀၈ ဦးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ နည်းပြလေးဦး တက်ရောက်ကာ သင်တန်းတွင် KG တန်းမှ Grade -5 အထိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီ၏ ကာကွယ်ဆေးထိုးနှံမှု၊ သန်ချဆေး တိုက်ကျွေးမှုနှင့် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှု စသည့် ကျန်းမာရေးစစ်ဆေးတွေ့ရှိချက်များကို ကျောင်းကျန်းမာရေးမှတ်တမ်းကတ်၌ စနစ်တကျ မှတ်တမ်းရေးသွင်းမှုဆိုင်ရာများကို သင်တန်းကာလ နှစ်ရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးခင်ဇော်ဦး၏သား မောင်မင်းပိုင်မှူး၏ Passport နံပါတ် MA 202936 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၄၀၀၀၇၅၆

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မိုးခန့်သူ (၇/ကဝန(နိုင်)၁၄၈၉၇၅)၏ နိုင်ငံကူးလက်မှတ် (MC-076104)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၇၅၈၀၆၃၄

## ပျောက်ဆုံးကြောင်း

ဒေါ်ခင်သိန်းငွေ ၇/တငန(နိုင်)၁၅၃၇၃၉၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၅၉၉၀၂၃၆

## မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့၊ အထက(၁) G-11မှ မသက်ဖူးဝေ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၂-၂၀၀၆ ဖြစ်ပါကြောင်း။

**အိမ်ပြင်ပ၌**
**ထွန်းသော**
**မီးများကို**
**နေ့အလင်းရောင်**
**ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို**
**ချွေတာပါ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် -၃/ထီးလှိုင်၊ ဦးပိုင်အမှတ်(င/၅၂)၊ ဧရိယာ(၀ဒသမ၁၈၂)ကေရှိ ဗိုလ်မှူးငွေးအောင် အမည်ပေါက်မြေအား ဒေါ်နီနီအောင်မှ တောင်ငူခရိုင်တရားရုံး၏ (၅-၁၀-၂၀၂၃) ရက်စွဲပါ ကျမ်းကျိန်အမှတ်စဉ်(၆၇၂/၂၀၂၃)အား မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၆-၁၀-၂၀၂၃)ရက်စွဲပါစာချုပ်အမှတ် (၂၀၆/၂၀၂၃)ဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ပိုင်ဆိုင်ထားရှိခဲ့ပါကြောင်းနှင့် ယခုအခါ ဒေါ်နီနီအောင်မှ သက်တမ်းတိုး/ အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဒေါ်နီနီအောင်အား မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်၊ အကွက်အမှတ်/အမည်(၁၉-က)/ရုံးကြီး၊ ဦးပိုင်အမှတ်(၂၂/င)(၂၂/စ)၊ ဧရိယာ(၀ဒသမ၃၀၈)ကေရှိ ဦးစန်းလွင် အမည်ပေါက်မြေအား ဒေါ်ချိုချိုလွင်၊ ဦးညီညီလွင်တို့မှ (၁၂-၁၀-၂၀၂၀) ရက်စွဲပါ အိမ်နှင့်ခြံမြေအား မေတ္တာရှိ၍အပိုင်ပေးကမ်းသည့်စာချုပ်အား တရားဝင် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ပိုင်ဆိုင်ထားရှိခဲ့ပါကြောင်းနှင့် ဒေါ်ချိုချိုလွင်၊ ဦးညီညီလွင်တို့အမည်ဖြင့် သက်တမ်းတွင်း/ အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဒေါ်ချိုချိုလွင်၊ ဦးညီညီလွင်တို့အား မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**


# အထူးအစီအစဉ်
# ရွှေမိုးကောင်းကွန်ဒို မှ


မြန်မာနှစ်သစ်ကူး နှစ်ဦးသင်္ကြန် ကို ကြိုဆိုရင်း (25%) အထူးလျှော့ဈေးဖြင့် (30-3-2024) မှ (30-4-2024) ထိ ရောင်းချပေးနေပါသောကြောင့် အဆင့်မြင့်ကွန်ဒိုတစ်ခန်း ရရှိပိုင်ဆိုင်မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

**Condo Facilities**

- (24 Hour) Lift/ Electricity/ Security & CCTV
- Own Meter-Sub Meter
- Fiber Internet System
- Swimming Pool & Gym
- Play Ground & Garden
- EV Car Station
- Ground Floor Area. Shopping Mall
- Sqft (1,000) အထက်ကို ကားပါကင် (၁)စီး ရာသက်ပန်အပိုင်ရရှိခွင့်
- Sqft (1,000) အောက်ကို ကားပါကင် (၁)စီး (၅)နှစ် Free ရပ်နားခွင့်
- Water System- Overhead Tank & Underground Tank

FACILITIES အပြည့်အစုံပါရှိ၍ လူနေထိုင်ခွင့်ကျပြီး ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်း နှင့် မိုးကောင်းလမ်းမပေါ်ရှိ ရွှေမိုးကောင်းကွန်ဒို သို့ အရောက်လှမ်းလာခဲ့ရန် ဖိတ်ခေါ်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉ ၃၆၁၂၈၈၁၄၊ ၀၉ ၇၉၉၈၉၉၈၀၉၊ ၀၉ ၂၅၄၀၁၃၄၈၇၁






# ဟိုပုံးမြို့နယ်၌ အခြေခံမူလတန်းဆင့်သင် (လုပ်ငန်းခွင်ဝင်စ)ဆရာဆရာမများ လုပ်ငန်းစွမ်းရည်မြင့်မားရေးဆွေးနွေး

ဟိုပုံး မတ် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၄ ခုနှစ် အခြေခံ မူလတန်းဆင့်သင် (လုပ်ငန်းခွင်ဝင်စ) ဆရာ ဆရာမများ လုပ်ငန်းစွမ်းရည်မြင့်မားရေး ဆွေးနွေးပွဲကို မတ် ၂၀ ရက်က အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲ၌ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့မှ အခြေခံမူလတန်းဆင့်သင် (လုပ်ငန်းခွင်ဝင်စ) ဆရာ ဆရာမများ၏သင်ကြားရေးနည်းဗျူဟာများကို ကျွမ်းကျင်စွာသိရှိရန်၊ ဘာသာရပ် အလိုက်သင်ကြားမည့် ဆရာ ဆရာမများ၏ အရည်အသွေး ပိုမိုမြှင့်တင်ပေးရန်၊ သင်ကြား၊ သင်ယူမှုလုပ်ငန်းများ စစ်ဆေးအကဲဖြတ်တတ်ရန်၊ ဝန်ထမ်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် သတ်မှတ်ထားသော စံအညွှန်းကိန်းများကို တတ်ကျွမ်းနားလည်စေရန်အတွက် ဆွေးနွေးပွဲ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

ဟိုပုံးမြို့နယ်မှ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများက ဆွေးနွေးပို့ချရာတွင် အရည်အသွေးမြင့်မားရေး၊ သင်ကြားရေးနည်းဗျူဟာများ၊ ကျွမ်းကျင်စွာသိရှိရေး၊ သင်ကြားသင်ယူမှုလုပ်ငန်းများ စစ်ဆေးအကဲဖြတ်တတ်ရန် သတ်မှတ်ထားသော စံအညွှန်းကိန်းများကို တတ်ကျွမ်းနားလည်စေရေးအတွက် မတ် ၂၀ မှ ၂၃ ရက်အထိ စာတွေ့/ လက်တွေ့ ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## သတင်းကြေညာချက်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော South-East Asia Crude Oil Pipeline Company Limited သည် မဒဲကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ (Dredging Project)ကို Hopper Dredger, XIN HAIFENG ရေယာဉ်ဖြင့် ဆောင်ရွက်မည့် ရေလမ်းကြောင်းတူးဖော်မည့် area coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၄၃ ဒသမ ၅၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ် ၁၅ ဒသမ ၄၃ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၂ ဒသမ ၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၄၂ ဒသမ ၄၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၁၅ ဒသမ ၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၃ ဒသမ ၁၂ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၇ ဒသမ ၇၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၆ ဒသမ ၃၈ စက္ကန့်နှင့် Point E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၅၃ ဒသမ ၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ် ၁၈ ဒသမ ၁၂ စက္ကန့်၊ ရာသီဥတု ဆိုးရွားပါက ခေတ္တနားခိုမည့် shelter area coordinate များဖြစ်သော Point NO.1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၂၁ ဒသမ ၂၀၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၇ မိနစ် ၀၅ ဒသမ ၇၄၂၀ စက္ကန့်၊ Point NO.2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၅ ဒသမ ၄၆၄၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၁၀ ဒသမ ၇၇၇၉ စက္ကန့်၊ Point NO.3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၃ ဒသမ ၉၅၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၃၆ ဒသမ ၆၇၈၃ စက္ကန့်နှင့် Point NO.4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၃ ဒသမ ၈၉၇၈ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၅၈ ဒသမ ၆၄၈၃ စက္ကန့်၊ အရေးပေါ်အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ လျာထားနေရာ(၁)ဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၀၈ ဒသမ ၈၁၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၄၀ ဒသမ ၈၃၈၁ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၀၃ ဒသမ ၁၅၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၃၉ ဒသမ ၆၃၂၉ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၅ ဒသမ ၁၆၀၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၉ ဒသမ ၁၅၆၁ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၀၇ ဒသမ ၄၀၀၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၉ ဒသမ ၀၁၂၈ စက္ကန့်၊ အရေးပေါ်အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ လျာထားနေရာ(၂)ဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၈ ဒသမ ၉၉၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၁၄ ဒသမ ၇၆၆၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၂ ဒသမ ၈၆၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၁၄ ဒသမ ၈၈၁၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၄ ဒသမ ၂၁၄၀ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၃၁ ဒသမ ၆၀၁၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၉ ဒသမ ၀၉၇၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၃၁ ဒသမ ၄၆၁၉ စက္ကန့်နှင့် မြေသားစုပုံမည့်ဧရိယာ (Toss mud area) Coordinate များဖြစ်သော Center Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၄၉ ဒသမ ၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၄ မိနစ် ၅၁ ဒသမ ၃၉ စက္ကန့်တို့အတွင်းတွင် ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် မေလ ၁၆ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မဒဲကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ (Dredging Project)ကို Hopper Dredger, XIN HAIFENG ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ (၅၀၀) မီတာပတ်လည်အတွင်းနှင့် ရာသီဥတုဘေးအန္တရာယ် ခိုလှုံမည့်နေရာ (Shelter Anchorage) ဧရိယာမှ (၂၅၀) မီတာပတ်လည်အတွင်းတို့အား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

| ၁၅။ ဒေါ်ဘီဘီ | ၄၂။ ဦးမြင့်ကြည် |
| ၁၆။ ဒေါ်သန်းညွန့် | ၄၃။ ဦးကျော်မင်းထွဋ် |
| ၁၇။ ဒေါ်ဥမ္မာကြည် | ၄၄။ ဒေါ်ပုတု |
| ၁၈။ ကိုသန်းထိုက် | ၄၅။ ဦးစိုးမြင့် |
| ၁၉။ ကိုသောင်းထွန်း | ၄၆။ ဦးသန့်ဇင် |
| ၂၀။ ဦးယောသ | ၄၇။ ဦးမြင့်နိုင် |
| ၂၁။ ဒေါ်ခင်ညွန့်ရီ | ၄၈။ ဦးတင်စိန် |
| ၂၂။ ဦးတင့်လွင် | ၄၉။ ဦးကိုလေး |
| ၂၃။ ဦးခင်ဦး | ၅၀။ ဦးသန်းလွင် |
| ၂၄။ ဦးဝင်းဆင် | ၅၁။ ဦးအေးကြူ |
| ၂၅။ ဦးခိုင်ဇော်ဝင်း | ၅၂။ ဦးဇော်မင်း |
| ၂၆။ ဒေါ်မော်လီ | ၅၃။ ဦးကံစိုးလင်း |
| ၂၇။ ဦးနေဦး | ၅၄။ ဦးမျိုးသန့် |

(၁)မှ (၁၇)၊ (၁၉)၊ (၂၁)မှ (၅၄)အထိ တရားပြိုင်များ၏ အခွင့်ရကိုယ်စားလှယ် ဦးကြည်သန်း)

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်စွဲပါ ဟင်္သာတခရိုင်တရားရုံး ၂၀၁၈ခုနှစ်၊ တရားမကြီးမှု အမှတ် ၃၅ ၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင် အမှတ်(၂၀) ဦးယောသ၊ မေရီလန်းကျေးရွာ၊ ဇလွန်မြို့နယ်၊ (ယခုနေရပ်လိပ်စာမသိသူ) သိစေ ရမည်။

ယခုအမှုတွင် ဟင်္သာတခရိုင်တရားရုံးတော်က ချမှတ်ပေးသည့် စီရင်ချက်နှင့် ဒီကရီကို ဦးလှိုင်မျိုးမင်းက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ဤအယူခံမှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၅ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့်-၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ချိန်းထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်နွယ်ဝင်း)**
**ဒုတိယညွှန်ကြားရေးမှူး**
**ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်- 6W/13341, Kenbo Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ကျော် ၁၃/ကလန(နိုင်)၀၀၄၆၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ အောင်ပန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 52W/14450, Honda Click -125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၁၃/တကန(နိုင်)၀၁၀၅၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## Henry High Technology Microfinance Co,. Ltd ၏
## ဒါရိုက်တာအဖွဲ့ဝင်များပြောင်းလဲခြင်းနှင့် အစုရှယ်ယာလွှဲပြောင်းခြင်းအား အများသိစေရန်ကြေညာခြင်း

(၁၉-၀၂-၂၀၂၄) ရက်တွင်ကျင်းပသော ဒါရိုက်တာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ Henry High Technology Microfinance Co. Ltd. မှ အောက်ဖော်ပြပါ ဒါရိုက်တာများအနေဖြင့် နုတ်ထွက်ခြင်း၊ အစားထိုး ခန့်အပ်ခြင်းများအား (၂၀၁၇) ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ ဆောင်ရွက်ပြီးစီးကြောင်းနှင့် အစားထိုး ပြင်ဆင်ဖွဲ့စည်းသည့် ဒါရိုက်တာအဖွဲ့ဝင်များအား အတည်ပြုခန့်အပ်ပြီးဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

| ယခင် ဒါရိုက်တာအဖွဲ့ဝင်များ | ယခင်အစုရှယ်ယာ | ယခုဒါရိုက်တာအဖွဲ့ဝင်များ | ယခုအစုရှယ်ယာ |
|---|---|---|---|
| (၁) ဦးစိုင်းနော်လှိုင်း | ၁၂၅၀ | (၁) Mr. Fahmid Karim Bhuiya | - |
| (၂) ဦးနိုင်ရဲဝင်းငွေ | ၂၅၀ | (၂) Mr. Mamunur Rashid | - |
| (၃) ဦးနေအောင်မိုး | ၅၀၀ | (၃) ဦးသိန်းနိုင် | - |
| | | (၄) ဦးနေအောင်မိုး | ၅၀၀ |
| | | Prime MM Microfinance Co. Ltd. | ၆,၅၀၀ |

ဦးစိုင်းနော်လှိုင်းနှင့် ဦးနိုင်ရဲဝင်းငွေတို့သည် ၎င်းတို့၏ ဆန္ဒအလျောက်ဒါရိုက်တာအဖြစ်မှ နုတ်ထွက်ပြီး ၎င်းတို့၏ အစုရှယ်ယာများအား Prime MM Microfinance Co. Ltd. သို့ လွှဲပြောင်းခြင်းအား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၏ (၂၈-၀၁-၂၀၁၅) ရက်စွဲပါ စာအမှတ် ငကစ/ကက-၆(၇၄/၂၀၁၅) အရ ဆောင်ရွက်ပြီး ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Henry High Technology Microfinance Co. Ltd**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/A)၊ သစ္စာ(၁)လမ်း၊ မြေကွက်အမှတ် (ဃ/၃၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးအောင်ကျော်ထူး (၉/မနမ (ပြု) ၀၀၀၀၀၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးအောင်ကျော်ထူး ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## အမည်ပြောင်း

ဦးညိုဝင်း ၁၃/ရစန(နိုင်) ၀၉၆၈၁၈ ၏ သမီး ရပ်စောက်မြို့နယ် AETSC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 (ဘောဂဗေဒ ဘာသာတွဲ) မှ မသဇင်ခဲ ၁၃/ရစန(နိုင်)၁၄၂၆၆၂ အား ယနေ့မှစ၍ မရွှေသဇင်သဲဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ အရှေ့စုရပ်ကွက်(၂)လမ်း၊ အိမ်အမှတ်(အရစ-၂/၂၀၉)၊ မြေကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၇)၊ အကွက်အမှတ်(၈)၊ ဧရိယာ ၀ ဒသမ ၁၄၃ ဧကပေါ်ရှိ (၂)ထပ် နံကပ်တိုက်နှင့် အလျားမျက်နှာစာ(၄၇)ပေ၊ အလျား နောက်ကျော(၄၆)ပေ၊ အနံ (၇၆)ပေတို့အသီးသီး ရှိသော အိမ်နှင့်ဝင်းခြံမြေမှာ ၁၇-၁၂-၂၀၂၂ ရက်တွင် မိခင်ဖြစ်သူ ဒေါ်ညိုခင်မှ သမီးဖြစ်သူ ဒေါ်နော်မီးမီးဘားရီအား ကန့်ကွက်သူမရှိ ကြည်ဖြူစွာ ပေးကမ်းလွှဲပြောင်းထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ဝင်းခြံမြေအား ဒေါ်နော်မီးမီးဘားရီမှ တရားဝင် နေထိုင်ပိုင်ဆိုင်ပြီး တခြားမည်သူမျှ ထပ်ဆင့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း လုပ်ဆောင်ခွင့်မရှိကြောင်း ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ဝင်းခြံမြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမင်းသန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၈၁)**
**ဖုန်း-၀၉-၄၀၀၀၀၆၂၀၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ သိမ်ကုန်းကျေးရွာအုပ်စု၊ ဒလပင်ကျေးရွာနေ ဦးခင်ဦး (ခ) ဦးထွန်းရွှင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးကျော်မင်းထက်၏ သမီး မမေရတီဝင်းမောင်အား မမင်းထက်ရတီဟု ပြောင်းလဲခေါ်ဆိုရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်ခင်စိန် ၁၃/ကတန(နိုင်)၀၀၃၉၆၇ ၏ ခင်ပွန်းဖြစ်သူ ဦးလှညွန့် (AT ၀၀၀၃၄၁) ပိုင်ဆိုင်သည့် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်အမည် ဥယျာဉ်သာ၊ အကွက်အမှတ်(၇၃)၊ မြေကွက် အမှတ်(၅၇)၊ ဧရိယာ ၀ ဒသမ ၀၅၈ ဧက၏ မူရင်းမြေငှားဂရန်မှာ တာဝန်ကျရာမြို့များသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရင်း ပျောက်ဆုံးသွားပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ ကျွန်မ ဒေါ်ခင်စိန် ၁၃/ကတန(နိုင်)၀၀၃၉၆၇ မှ အဆိုပါ မြေကွက်၏ မြေငှားဂရန်မိတ္တူမှန်ကို ပြန်လည်ကူးယူခွင့် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြေညာစာပါရှိသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်စိန်**
**ဖုန်း-၀၉-၄၅၅၅၈၅၂၅၅**

## လယ်ယာမြေ ပုံစံ(၇)မူရင်း ပျောက်ဆုံးကြောင်း ကြော်ငြာစာ

မော်လမြိုင်ကျွန်းမြို့နယ်၊ တံခွန်တိုင်ကျုံဝါး ကျေးရွာအုပ်စု၊ ကျွန်းကြား ကျေးရွာရှိ ကွင်းအကွက် အမှတ် (၁၁၄၈-ခ)၊ ကွင်းအမည်-ကျွန်းကြား၊ ဦးပိုင်အမှတ်-၁/၂၊ ဧရိယာ ၁ ဒသမ ၅၉ဧကရှိ ကျွန်မ ခင်ပွန်းဖြစ်သူ စောတားတို အမည်ပေါက် လယ်ယာမြေ ပုံစံ(၇)မူရင်းမှာ ပျောက်ဆုံးသွားပါကြောင်း အများသိစေရန် ကြေညာအပ်ပြီး အထက်ဖော်ပြပါ လယ်ယာမြေ၏ ပုံစံ(၇) အား ပြန်လည်လျှောက်ထားမည်ဖြစ်သဖြင့် ပျောက်ဆုံးသွားသော လယ်ယာမြေ ပုံစံ(၇)နှင့် ပက်သက်၍ နောက်နောင်ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်မယူကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်ငွေ (ဘ) ဦးကျင်**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၅/၄က်ပျောတော) ဦးပိုင်/ မြေကွက်အမှတ်(၁၃၀)၊ ဧရိယာ ၀ ဒသမ ၁၄၀ဧကရှိ ဒုအရာခံဗိုလ်ထွန်းရှိန် အမည်ပေါက်ဂရန်အမှုတွဲအမှတ်(၃၆၇/၁၉၉၄)၊ နှစ်(၃၀)မြေငှားဂရန်မူရင်းနှင့် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ကွင်း/အကွက် အမှတ်နှင့်အမည်(၈၃/ကန်သာယာ မြောက်) မြေကွက်အမှတ်(၁၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၈ ဧကရှိ တပ်ကြပ်ကြီးထွန်းရှိန်အမည်ပေါက်ဂရန်အမှုတွဲအမှတ် (၆၁၈/၁၉၉၂)၊ နှစ်(၃၀)မြေငှားဂရန်မူရင်း တို့မှာ ပျောက်ဆုံးသွားပါသဖြင့် အမွေထိန်းလက်မှတ်ရရှိထားသူ ကျွန်တော် ဦးသန်းထွန်းဦး ၉/မရတ(နိုင်)၀၅၆၄၂၁ မှ မြေငှားဂရန်မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးသန်းထွန်းဦး**
**ဖုန်း-၀၉-၇၇၅၂၁၆၃၂၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ စံပယ်လမ်း၊ မြေကွက်အမှတ် (၉၂၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးသက်ထွန်းစံ (၁၂/ဥကတ (နိုင်) ၁၁၅၈၈၃) (S/ OKA-၀၉၆၃၁၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းဗိုလ် (၁၂/ဥကတ (နိုင်) ၀၁၆၅၉၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမှုရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်**
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၄၆)၊ မင်းလမ်းသွယ်၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၄၆)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧက၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်အေလာမင်းနောင် ၁၂/ရကန(နိုင်)၀၇၂၅၆၄ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဒေါ်ယွန်းလဲ့ကျော် ၁၄/ဘကလ(နိုင်)၃၉၃၅၄၁၊ ဦးသူရကျော် ၁၄/မမက(နိုင်)၃၅၄၈၃၉၊ ဒေါ်လွင်လွင်ချို ၁၄/ဘကလ(နိုင်)၃၉၃၅၄၂ တို့က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ယွန်းလဲ့ကျော်၊ ဦးသူရကျော်၊ ဒေါ်လွင်လွင်ချိုတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော် LL.B, D.B.L, D.I.L,D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၃၇)၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက် အမှတ်(၁၇/၃)၊ ဦးပိုင်အမှတ် (၂၈ဃ/၂)၊ မြေဧရိယာ ၀ ဒသမ ၀၈၇ ဧကရှိ မြေကွက်သည် မူလက ဒေါ်ဇိုင်နတ်(ခ)မာယာ အမည်ဖြင့် ခရိုင် အမှုတွဲအမှတ် ၁၈၂/V၂၀၁၅-၂၀၁၆ အရ ၂၈-၁-၂၀၄၆ ရက်ထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက် ဒေါ်ဇိုင်နတ်(ခ)မာယာ (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ခင်မာမာအေး) က ၈-၂-၂၀၂၄ ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၀၆၂/၂၀၂၄) အရ ဒေါ်ငွေးငွေးလွင် ၁/မကန (နိုင်)၁၀၇၄၅၆ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ငွေးငွေးလွင် အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

(ဘ)ဦးစံလှ၏သား တောင်ကြီးမြို့နယ်၊ အ.ထ.က(တောင်နီ) Grade-9 (A) ဖြေဆိုထားသော မောင်ဖုန်းနိုင် (ခ) စိုင်းဖွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်နေ (ဘ)U Nio ၏သမီး Mu Be ၁၃/ဖခန(နိုင်)၀၂၂၇၉၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(M-475413)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၉၀၁၉၁၀၀

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အောင်မြေလမ်း၊ အောင်သစ္စာရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၆၈/မြို့လယ်ရပ်)၊ ဦးပိုင်အမှတ်(၇၆)၊ ဧရိယာ ၀ ဒသမ ၀၆၀ ဧကပေါ်ရှိ ဝင်းမြေအား ဦးသိန်းဇော်ထွန်း (ဘ)ဦးထွန်းပို ၅/ကလထ(နိုင်)၁၅၄၃၄၀ က ၎င်းတစ်ဦးတည်းအမည်ဖြင့် မြေဂရန်အသစ် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ စသည့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဇော်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၁၆/၂၀၁၃)**
**အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ ကလေးမြို့။**
**ဖုန်း-၀၉-၄၇၀၇၂၂၁၁၊ ၀၉-၂၅၉၁၆၉၃၄၄**

## ပတ်စ်ပို့ပျောက်

လှိုင်ကော်မြို့၊ နောင်ယား(က) ရပ်ကွက်နေ (ဘ)ဦးအောင်ကျော်၏သမီး ဒေါ်အဲလစ္စဘက်ခိုင်ဝေ ၂/လကန (နိုင်)၀၀၅၃၀၆၏ နိုင်ငံကူးလက်မှတ် အမှတ်(M-466477)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၂၂၉၇၉၀၉

## ပတ်စ်ပို့ပျောက်

လှိုင်ကော်မြို့၊ မိုင်းလုံးရပ်နေ (ဘ)ဦးမောင်သိန်း၏သမီး မစိုးစိုးငွေ ၂/လကန(နိုင်)၀၇၇၈၃၄၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-791658) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၈၄၆၃၄၄၈

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ပင်လုံရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ကွင်း/အကွက်အမှတ် (၅၉/လေယာဉ်ရပ်)၊ ဦးပိုင်အမှတ် (၃၇/၂)၊ ဧရိယာ ၀ ဒသမ ၀၃၉ ဧကရှိ ဝင်းမြေအား ဦးကြူရာမဏီ ၅/ကလထ(နိုင်)၁၂၈၀၂၉ သည် ၎င်းအမည်ပေါက် မြေငှားဂရန်အမည်ပြောင်းလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများ စသည့် အထောက်ထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကြူရာမဏီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၁၆/၂၀၁၃)**
**အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ ကလေးမြို့။**
**ဖုန်း-၀၉-၉၆၂၁၅၁၁၂၅၊ ၀၉-၂၅၉၁၆၉၃၄၄**

## ပတ်စ်ပို့ပျောက်

ကျောက်တလုံးကြီးမြို့၊ နားဟီးအုပ်စု ထီရီး(တောင်)နေ (ဘ)ဦးခေါင်၏သား ခွန်မောင်ဝမ်း ၁၃/ကတလ(နိုင်) ၀၁၂၁၄၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-278810)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၈၀၉၇၀၀၅

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အမှတ်(၉)လမ်း၊ တောင်ဇလပ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၈၄၆/စမ်းမြို့ရပ်)၊ ဦးပိုင်အမှတ်(၇၃၉)၊ ဧရိယာ ၀ ဒသမ ၁၀၇ ဧကရှိ ဝင်းမြေအား ဒေါ်သင်းသင်းကြူ ၅/ကလထ(နိုင်) ၀၀၇၃၄၁၊ ဒေါ်ချောစုစုအောင် ၅/ကလထ(နိုင်)၁၂၀၈၆၇ တို့သည် ၎င်းတို့ အမည်ပေါက် မြေငှားဂရန်အမည်ပြောင်းလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ စသည့် အထောက်ထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းကြူနှင့် ဒေါ်ချောစုစုအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၁၆/၂၀၁၃)**
**အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ ကလေးမြို့။**
**ဖုန်း-၀၉-၄၇၀၇၂၂၁၁၊ ၀၉-၂၅၉၁၆၉၃၄၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ရှော်စုံလင် ၁၃/လလန (နိုင်)၀၆၁၈၂၁ ၏ Passport No. MA 406068 ပျောက်ဆုံးကြောင်း ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၇၇၁၈၇၅၃၆၂

## လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အမှတ်(၂၇၇၆)၊ တနိုင်းလမ်း၊ သုခဒီပရပ်ကွက်ရှိ (ဘ)ဦးသိန်းငွေ၏သမီး ဒေါ်ဖြိုးအိမ်သူ (၁၄/မအန(နိုင်)၁၉၇၄၀၅) မှ အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်(၄၁၂၃)ဖြင့် ၂၁-၄-၂၀၂၃ ရက်တွင် တရားဝင်မှတ်ပုံတင်ထားသည့် မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ် မူပိုင်ရှင်ဖြစ်ပါသည်-

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်ဖြင့် လက်ဖက်ဆီ၊ အုန်းဆီ၊ ရှားစောင်းဆီ၊ ထောလပတ်ဆီ၊ အုန်းပျိုဆီနှင့် သဘာဝအဆီအနှစ်ထုတ်ကုန်အမျိုးမျိုး၊ သဘာဝလက်ဖက်စိမ်း၊ ခေါင်းလျှော်ရည်နှင့် လူသုံးကုန်အမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုးတို့ ထုတ်လုပ်ဖြန့်ချိရေးတို့တွင် အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုး၊ အရောင်အမျိုးမျိုးပြုလုပ်ပြီးလျှင် ကပ်နိုပ်၊ ရိုက်နှိပ်၊ ဖိနှိပ်၊ အသားတံဆိပ်ပြုလုပ်၍သော်လည်းကောင်း၊ စတစ်ကာများပြုလုပ်၍သော်လည်းကောင်း၊ အသုံးပြုထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လုပ်ငန်းကုန်အမှတ်တံဆိပ်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အတုဖြစ်စေ၊ ဆင်တူယိုးမှား သံတူကြောင်းကွဲဖြစ်စေ၊ မည်သူမဆို၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပြုလုပ်သုံးစွဲတုပလက်ဝယ်ထားရှိခြင်းမပြုလုပ်ပါရန်နှင့် အမှတ်တံဆိပ်မူပိုင်ရှင်၏ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ တုပပြုလုပ်သုံးစွဲခြင်းများ တွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို မူလတီထွင်ဖန်တီးသူမှ မူပိုင်အဖြစ်သုံးစွဲလျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးအိမ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစစ်ဦးကို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၁၀)**
**အမှတ်(၄၄၅၈)၊ စစ်တောင်း(၄)လမ်း၊ မင်္ဂလာဒီပရပ်ကွက်**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ကြို့သုံးပင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၈၄၇-င/၂/ဆီးယင်းမြောက်)၊ ဦးပိုင်အမှတ်(၃၂၂)၊ ဧရိယာ ၀ ဒသမ ၀၉၈ဧကရှိ ဝင်းမြေအား ဒေါ်ဇင်ဒိုပွဲ ၅/ကလထ(နိုင်)၀၅၅၆၈၈၊ ဦးဂင်ခန့်ဆွမ်း ၅/ကလထ(နိုင်)၂၄၈၉၀၆တို့သည် ၎င်းတို့အမည်ပေါက် မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သည့်ရက်မှ ၁၄ ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများစသည့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဇင်ဒိုပွဲနှင့် ဦးဂင်ခန့်ဆွမ်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၁၆/၂၀၁၃)**
**အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ ကလေးမြို့။**
**ဖုန်း-၀၉-၄၇၀၇၂၂၁၁၊ ၀၉-၂၅၉၁၆၉၃၄၄**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်-(၅)၊ စစ်ကိုင်း(၃၀)လမ်း၊ အမှတ်-(၅၅၇)၊ ပေ (၂၀'x ၆၀')ရှိသည့် ဒေါ်တင်လှ အမည်ပေါက်နှစ်(၆၀)မြေငှားဂရန် အိမ်ခြံမြေအား အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း ရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေငှားဂရန်အမည်ပေါက်ဖြစ်သူ ဒေါ်တင်လှ၏ အမွေဆက်ခံပိုင်ခွင့်ရှိသူ ဦးစိုးရီ ၁၂/ဥကတ(နိုင်)၀၇၇၃၇၃နှင့် ဒေါ်မိမိအောင် ၁၂/ဥကတ(နိုင်)၀၇၇၁၁၇ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးစိုးသူ ၁၄/မအပ(နိုင်)၁၉၁၀၆၆ နှင့် ဒေါ်ရည်မွန်မြင့် ၁၂/ဗတထ(နိုင်)၀၃၈၁၇၅ အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးသူ ၁၄/မအပ(နိုင်)၁၉၁၀၀၆ နှင့် ဒေါ်ရည်မွန်မြင့် ၁၂/ဗတထ(နိုင်) ၀၃၈၁၇၅ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိဂီအေး (စဉ်-၁၄၈၁၉)**
**LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊ သုဇီတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အမှတ်(၂၇၇၆)၊ တနိုင်းလမ်း၊ သုခဒီပရပ်ကွက်ရှိ (ဘ)ဦးသိန်းငွေ၏ သမီးဖြစ်သူ ဒေါ်ဖြိုးအိမ်သူ ၁၄/မအန(နိုင်)၁၉၇၄၀၅ အာဂူးလေးပင်ရင်း(သဘာဝလက်ဖက်စိမ်းထုတ်ကုန်များ) အမှတ်တံဆိပ်မူရင်းပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါ အာဂူးလေး လုပ်ငန်းအမှတ်တံဆိပ်သည် လက်ဖက်ဆီ၊ အုန်းဆီ၊ ရှားစောင်းဆီ၊ ထောလပတ်ဆီ၊ အုန်းပျိုဆီနှင့်သဘာဝ အဆီအနှစ်ထုတ်ကုန်အမျိုးမျိုး၊ သဘာဝလက်ဖက်စိမ်း၊ ခေါင်းလျှော်ရည်နှင့် လူသုံးကုန်အမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုးတို့ ထုတ်လုပ်ဖြန့်ချိရေးတို့တွင် အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုး၊ အရောင်အမျိုးမျိုးပြုလုပ်ပြီးလျှင် ကပ်နှိပ်၊ ရိုက်နှိပ်၊ ဖိနှိပ်၊အသားတံဆိပ်ပြုလုပ်၍ သော်လည်းကောင်း၊ စတစ်ကာများပြုလုပ်၍သော်လည်းကောင်း၊ အသုံးပြုထုတ်လုပ်လျက်ရှိပြီး ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်(၄၁၂၃)ဖြင့် မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ၂၁-၄-၂၀၂၃ ရက်တွင် တရားဝင်မှတ်ပုံတင်သွင်းပြီး လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းဖြစ်ပါသည်။

ယခုအခါ အာဂူးလေး (သဘာဝလက်ဖက်စိမ်းထုတ်ကုန်များ) Logo အတိုင်း ဆင်တူယိုးမှားဖြစ်အောင် လိမ်လည်အတုပြုလုပ် အသုံးပြု၍ အာဂူးလေးအမည်ဖြင့် ပင် သဘာဝလက်ဖက်စိမ်းထုတ်ကုန်များပြုလုပ်ကာ အမြို့မြို့အနယ်နယ်တွင် ရောင်းချလျက်ရှိသည်ကိုသိရှိရပါသည်။ ထို့ကြောင့် အာဂူးလေး (သဘာဝလက်ဖက်စိမ်းထုတ်ကုန်များ) Logo အတိုင်း လိမ်လည် အတုပြုလုပ်၍ သဘာဝလက်ဖက်စိမ်းထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းကို ထပ်မံမပြုလုပ်ရန် အတိအလင်း တားမြစ်ပါသည်။ ထိုသို့ အတိအလင်းတားမြစ်ထားပါလျက် ထပ်မံထုတ်လုပ် ရောင်းချလာသည်ကို တွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ဒေါ်ဖြိုးအိမ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစစ်ဦးကို (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၁၀)**
**အမှတ်(၄၄၅၈)၊ စစ်တောင်း(၄)လမ်း၊မင်္ဂလာဒီပရပ်ကွက်**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက်အမှတ်(၂၇)၊ ဦးပိုင်အမှတ်(၃၁-စ)၊ ၇၄ လမ်း၊ ၈ လမ်းနှင့် ၉ လမ်းကြားရှိ ဦးသိန်းဆောင် အမည်ပေါက် ဂရန်မြေကွက်အား အမည်ပေါက်သူထံမှ ၂၀၀၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၁၂၇ နှင့် တရားမဇာရီမှုအမှတ်-၁၁၄ အရ ဦးမောင်မောင်အေးမှ ပိုင်ဆိုင်ထားပြီး ဦးမောင်မောင်အေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၄၆၈/၂၀၀၃)ဖြင့် ဝယ်ယူခဲ့သူ(ခင်ပွန်း) ဦးမြင့်သိန်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၄၃၀/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးဖြစ်သူ ဒေါ်တင်တင်လှ၏ (SPရရှိသူ ဒေါ်ဇင်လဲ့ထွန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၈၃၀/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်သီတာဝင်း ၉/မနမ(နိုင်)၁၂၂၆၇၆ က အမှုတွဲအမှတ် ၇၇၃၇/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် ၁၂၁၊ ဦးပိုင်အမှတ်(၇က+၉ဃ+၂၅)/၂၀ x ၂၁ လမ်းကြား၊ ၈၇ x ၈၉ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်မြသိန်းထံမှ အပေးစာချုပ်အမှတ်(၄၈၂/၂၀၁၄)ဖြင့် ဦးမြင့်ရွှေ(ခ)မြင့်ဆွေ၊ ဒေါ်ကြင်ကြင်မာ၊ ဒေါ်ထွေးကြည်၊ ဦးဝင်းရွှေ၊ ဦးအောင်ဇော်၊ ဦးကိုကိုအောင်၊ ဦးကိုကိုမောင်၊ ဒေါ်မိုးမိုးမောင်၊ ဒေါ်တင်မိုးမိုးတို့က လက်ခံခဲ့ပြီး ခင်ပွန်း ဦးမြင့်ရွှေ(ခ)မြင့်ဆွေ၊ ခင်ပွန်း ဦးအောင်ဇော်တို့ ကွယ်လွန်၍ ကျန်ရစ်သူဇနီးများနှင့် ကျန်ပူးတွဲပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ကြင်ကြင်မာ ၉/အမဇ(ပြု)၀၀၀၂၂၉၊ ဒေါ်ထွေးကြည် ၉/မနမ(နိုင်)၁၂၃၀၆၆၊ ဦးဝင်းရွှေ ၉/မနမ(နိုင်)၁၂၃၀၆၇၊ ဦးကိုကိုအောင် ၉/မနမ(နိုင်)၁၁၈၉၃၆၊ ဦးကိုကိုမောင် ၉/အမဇ(နိုင်)၀၁၂၀၂၂၊ ဒေါ်မိုးမိုးမောင် ၉/အမဇ(ပြု)၀၀၀၅၆၇၊ ဒေါ်တင်မိုးမိုး ၉/အမဇ(ပြု)၀၀၀၅၆၈၊ ဒေါ်ရင်ရင်မေ ၉/မနမ(နိုင်)၀၄၈၁၈၀၊ ဒေါ်သင်းသင်းအောင် ၉/မနမ(နိုင်)၀၀၃၅၄၈ တို့က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၄)၊ ဦးပိုင်အမှတ် ၈၈.ခ(ခဲစင်း)၊ ၁၀ x ၁၁ လမ်းကြား၊ ၇၇ x ၇၈ လမ်းကြားရှိ ဦးဘသိန်းအမည်ပေါက် ဂရန်မြေကွက်အား (ဖခင်)ဦးဘသိန်း၊ (မိခင်) ဒေါ်တင်မြ၊ (သား) ဦးမြင့်သိန်း၊ (သား)ဦးတင်သိန်းတို့ အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ စာချုပ်အမှတ် (၂၁၀၈/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် သား၊ သမီး၊ ချွေးမတို့ဖြစ်သော ဦးယုံသိန်း ၉/မနမ(နိုင်) ၀၁၇၆၃၄၊ ဒေါ်ငွေးငွေးယု ၁၂/ဗတထ(နိုင်)၀၀၉၁၈၉၊ ဦးထွန်းသိန်း ၉/မနမ(နိုင်)၀၁၇၆၃၈၊ ဒေါ်နှင်းနှင်းယု ၉/မနမ(နိုင်)၀၁၇၆၃၉၊ ဒေါ်လွင်မိုးမိုးယု ၉/မနမ(နိုင်)၀၁၇၆၄၀၊ ဒေါ်မိုးမြတ်မြတ်ယု ၉/မနမ(နိုင်)၀၀၁၅၄၆၊ ဒေါ်မျိုးမျိုးယု ၉/မနမ(နိုင်)၀၀၁၅၄၇၊ ဦးသီဟသိန်း ၉/မနမ(နိုင်) ၁၀၅၉၄၉၊ ဒေါ်ခက်ခက်အေး ၉/မနမ(နိုင်)၀၁၇၃၅၀၊ ဒေါ်ခိုင်ခိုင်သင်း ၉/မနမ(နိုင်)၀၈၂၅၂၃ တို့၏ (GP ရရှိသူ ဦးဆန်းဝင်းအောင်)တို့က အမှုတွဲအမှတ် ၇၇၃၈/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/ ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၊ B 5(304),ပိတောက်လမ်း၊ ရှုခင်းသာအိမ်ရာနေ ကျွန်တော် ဦးကျော်ရွှေ ၁၄/မမန(နိုင်)၀၆၆၆၈၀ ၏ သားများဖြစ်သော မောင်လင်းဖြိုးနောင် ၁၂/သကတ(နိုင်)၁၉၈၅၆၁ နှင့် မောင်လင်းဖြိုးမောင် ၁၂/သကတ(နိုင်)၁၉၈၅၆၀ တို့သည် ဖခင်၏ ဆန္ဒမပါဘဲနဲ့ မိမိတို့သဘောဖြင့် အိမ်မှထွက်ခွာသွားပါသောကြောင့် ယနေ့မှစ၍ သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်ဖြစ်ပေါ်လာမည့် ၎င်းတို့နှင့် သက်ဆိုင်သော လူမှုရေး ငွေရေးကြေးရေးကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်ရွှေ**
**၁၄/မမန(နိုင်)၀၆၆၆၈၀**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ငန်းတေးရပ်ကွက်လမ်းမကြီးပိုင်နယ်မြေ(၆)၊ အမှတ် (၅၃၈) နေ ဦးလာကျင်မနား-ဒေါ်ရာနီးတို့၏ သမီးထွေးဖြစ်သူ မကေသွယ်မြင့် ၁၀/မလမ(နိုင်)၂၃၇၉၁၇ သည် မိဘဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအတိုင်း ၁၇-၃-၂၀၂၄ ရက်မှစ၍ နေအိမ်မှဆင်းသွားပါသဖြင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးလာကျင်မနား - ဒေါ်ရာနီး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ထန်းတပင်မြို့နယ်၊ ရွှေကြာဖျိုက်အုပ်စု၊ ကျူတောကျေးရွာနေ ဦးပြည်တော်သာ ၁၂/ထတပ(နိုင်)၀၃၂၂၉၂၊ ဒေါ်ဒေါင်းမြ ၁၂/ထတပ(နိုင်)၀၃၂၂၉၃ တို့၏သား မောင်စောဆာကလယ်စေး ၁၂/ထတပ(နိုင်)၀၉၈၈၃၆ သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည်တော်သာ-ဒေါ်ဒေါင်းမြ**

## အထူးကျေးဇူးတင်ရှိခြင်း

၁၇-၃-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သော နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ နေပြည်တော်မြို့တော်ဝန်(ငြိမ်း) သီရိပျံ့ချီ ဦးသိန်းညွန့်၊ အသက်(၇၇)နှစ် နာမကျန်းဖြစ်စဉ်က ဆေးရုံတက်ရောက်ကုသရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုလည်းကောင်း

ကာလကြာရှည်စွာ ဆေးရုံတက်ရောက်ကုသခဲ့သော အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ နေပြည်တော်မှ တပ်မှူး၊ ဒုတိယတပ်မှူး နှင့် အုပ်ချုပ်မှုအဖွဲ့များကိုလည်းကောင်း၊ ခွဲစိတ်ကုသပေးခဲ့ပါသော ဦးနှောက် နှင့် အာရုံကြောခွဲစိတ်ကုသမှုဌာန ဌာနမှူး နှင့် ကုသရေး ပါရဂူများကိုလည်းကောင်း၊ ခွဲစိတ်စဉ် နှင့် ခွဲစိတ်ကုသပြီးနောက် အနီးကပ်ပြုစုစောင့်ရှောက်ပေးခဲ့ပါသော မေ့ဆေးပညာ နှင့် အထူးကြပ်မတ်ကုသမှုဌာနမှ ဌာနကြီးမှူး၊ မေ့ဆေးပါရဂူများ၊ သူနာပြုအရာရှိများ၊ သန့်ရှင်းရေးဝန်ထမ်းများကို လည်းကောင်း၊ ဆေးရုံတက်ရောက်ကုသစဉ် ကာလတစ်လျှောက်လုံး လိုအပ်သည်များ ပြုစုကုသစောင့်ရှောက်ပေးခဲ့ကြပါသော ဦးနှောက်နှင့် အာရုံကြော ဆေးကုသမှုဌာန၊ ဆီးချို နှင့် ဟော်မုန်းဆေးကုသမှုဌာန၊ ဆီး နှင့် ကျောက်ကပ် ရောဂါကုသမှုဌာန၊ မျက်စိ ခွဲစိတ်ကုသမှုဌာန၊ နှလုံးရောဂါကုသမှုဌာန၊ နှလုံး နှင့် သွေးကြော ခွဲစိတ်ကုသမှုဌာန၊ အရိုးခွဲစိတ်ကုသမှုဌာန၊ အကြောအဆစ်နှင့် ပြန်လည်သန်စွမ်းရေးဌာန၊ ရောဂါဗေဒဌာန၊ အဏုဇီဝဗေဒဌာန၊ ဓာတ်မှန်ဌာန၊ နား၊ နှာခေါင်း၊ လည်ချောင်း ခွဲစိတ်ကုသမှုဌာန၊ အစာအိမ် အူလမ်းကြောင်း နှင့် အသည်း ရောဂါကုသမှုဌာန၊ အစာအိမ် အူလမ်းကြောင်း နှင့် အသည်းရောဂါ ခွဲစိတ်ကုသမှုဌာန၊ သွား နှင့် ခံတွင်း ကုသမှုဌာန၊ အရေပြားဆေးကုသမှုဌာနတို့မှ ဌာနမှူး၊ ဒုတိယဌာနမှူး၊ ပါရဂူများ၊ သူနာပြုအရာရှိများ အပါအဝင် အထူးဂရုစိုက်ပြုစုကုသစောင့်ရှောက်ပေးခဲ့ကြပါသော တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များကိုလည်းကောင်း ကျန်ရစ်သူမိသားစုက ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
### ဦးမြင့်သိန်း(သန်လျင်)
### အလုပ်ရုံစိတ်မှူး(ငြိမ်း)၊
### စားသောက်ကုန်လုပ်ငန်း၊ စက်မှု (၁)
### အသက်(၆၉)နှစ်

သန်လျင်မြို့၊ မြို့သစ်အရှေ့ရပ်ကွက်၊ မူဝံလမ်း၊ အမှတ် (၅)နေ (ဦးချစ်ထွေး-ဒေါ်သိန်းရင်)တို့၏သား၊ ဒေါ်စန်း စန်း၊ ဒေါ်မြင့်မြင့်သန်း၊ (ဒေါ်အေးအေးမြင့်)တို့၏မောင်၊ ဗိုလ်မှူးကြီးလှိုင်ထွန်း၊ ဦးကျော်စိုးတို့၏ ညီ၊ ဒေါ်ခင်အေးမော်၏အစ်ကို၊ ဒေါ်နွဲ့နွဲ့ရီ [ညွှန်ကြားရေးမှူး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန]၏ခင်ပွန်း၊ (ကိုတေဇာလင်း)၊ ကိုအောင်ခိုင်မျိုး၊ မမြတ်ဆုဟန်တို့၏ မွေးသဖခင်ဖြစ်သူသည် ၂၀-၃-၂၀၂၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၂၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီ ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဋ)ရပ်ကွက်၊ မေတ္တာ(၃)လမ်း၊ မြေကွက်အမှတ်(၃၁၀)၊ အကျယ်အဝန်း အလျား(၂၀ပေ) x အနံ (၆၀ပေ) ရှိ ဒေါ်တင်အုန်းနှင့် နှစ်(၆၀)ဂရန်အမည်ပေါက် အိမ်ခြံမြေနှင့် ယင်းအိမ်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ (၁)ဦးခင်မောင်တင်၊ (၂)ဒေါ်လှလှဌေး၊ (၃) ဦးတင်ထူး၊ (၄)ဒေါ်ကြည်ကြည်မြင့်၊ (၅) ဦးအောင်ကံစိန်၊ (၆) ဦးလှမြင့်တို့မှ လက်ရှိပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသဥ္ဇာဖြူမှအပြီးအပိုင်ဝယ်ယူရန်အတွက် (၂၇-၂-၂၀၂၄)ရက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက် ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးသဥ္ဇာဖြူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးယုမော်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၀၃)
အမှတ်(၆၂၃)၊ ရော(၁၄)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၄၂၁၁၂၇၃၈၅

---

### နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ကျွန်မ မကျိန်ပိဆွေ (၁၃/တမည(နိုင်)၀၀၇၅၄၀)၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၉၄၆၂၉၁၂

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ် (၆)ရပ်ကွက်၊ အကွက်အမှတ် (၅၀/ပန်အုပ်ရပ်)၊ ဦးပိုင်အမှတ် (င၅၊ ၆)၊ ဧရိယာ (၀.၀၆၆) ဧက ရှိ အမှုတွဲအမှတ် ၈၄-၅/၁၉၉၉-၂၀၀၀(အေ)ဖြင့် ဦးစိုင်းကျော်စံ (၁၃/လရန(နိုင်)၀၆၂၉၀၄) အမည်ပေါက် ပိုင်ဆိုင်ပြီး ၎င်း သည် (၂၅-၁-၂၀၂၁) ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်၍ ဇနီးဖြစ်သူ ဒေါ်နန်းအေဖောင်(ခ) နန်းအေးဖောင် (၁၃/မဆတ(နိုင်)၀၀၅၄၀၄)မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၅၁၆IV/၂၀၂၃)ဖြင့် ပိုင်ဆိုင်ခဲ့ပြီး အရောင်းအဝယ် စာချုပ်အမှတ် (၃၈I/၂၀၂၄)ဖြင့် ဒေါ်မေမေခင် (၁၃/လရန(နိုင်)၀၂၃၆၆၁)မှ တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားပြီး ဖြစ်ပါ၍ အမည်ပြောင်းထပ်မံ အသစ်လျှောက် မြေငှားဂရန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက (၁၅)ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ လားရှိုးမြို့

---

### သွေးသည် အသက်

---

### အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ နေပြည်တော်မြို့တော်ဝန်(ငြိမ်း)
**သီရိပျံ့ချီ ဦးသိန်းညွန့်**
**အသက် (၇၇)နှစ်**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နေ ဒေါ်ကျင်ခိုင်၏ခင်ပွန်း၊ ဒေါ်တင်မြင့်၏မောင်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ နေပြည်တော်မြို့တော်ဝန်(ငြိမ်း)၊ သီရိပျံ့ချီဦးသိန်းညွန့် အသက်(၇၇)နှစ်သည် ၁၇-၃-၂၀၂၄ရက် (တနင်္ဂနွေနေ့) ည ၁၁:၄၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၊ နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အရာရှိချုပ် နှင့်
ဘဏ်ဝန်ထမ်းများ
ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးတင်ထွေး
### ဒုဥက္ကဋ္ဌ၊ တွံတေးမြို့နယ်အသင်း(ရန်ကုန်)
### အသက်(၇၆)နှစ်

ဦးတင်ထွေး ဒုဥက္ကဋ္ဌ၊ တွံတေးမြို့နယ်အသင်း(ရန်ကုန်)သည် ၂၀-၃-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၄၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

၂၂-၃-၂၀၂၄ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ ၊ အသင်းသားများ လိုက်ပါပို့ဆောင်နိုင်ပါရန်။

အလုပ်အမှုဆောင်အဖွဲ့
တွံတေးမြို့နယ်အသင်း(ရန်ကုန်)

---

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဌ)ရပ်ကွက်၊ စိုက်ပျိုးရေး၊ အောင်သပြေလမ်း၊ မြေကွက်အမှတ်(၁၃၃)၊ အကျယ်အဝန်း အလျား(၃၀ပေ) x အနံ(၁၀၀ပေ)ရှိ အိမ်ခြံမြေနှင့် ယင်းအိမ်ခြံမြေပေါ်ရှိအကျိုးခံစားခွင့် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဆွေဆွေဝင်း ၁၂/ဥကတ (နိုင်) ၀၀၀၅၆၆မှ လက်ရှိပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်လှခင်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် (၁၈-၃-၂၀၂၄)ရက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ များရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက် ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လှခင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးယုမော်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၀၃)
အမှတ်(၆၂၃)၊ ရော(၁၄)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉- ၄၂၁၁၂၇၃၈၅

---

### အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
သမ္မတရုံးဝန်ကြီးဌာန(၁)၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)
နေပြည်တော်မြို့တော်ဝန်(ငြိမ်း)
**သီရိပျံ့ချီ ဦးသိန်းညွန့်**
**အသက်(၇၇)နှစ်**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နေ ဒေါ်ကျင်ခိုင် (နာယက၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်) ၏ခင်ပွန်း သမ္မတရုံးဝန်ကြီးဌာန(၁)၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) နေပြည်တော်မြို့တော်ဝန်(ငြိမ်း) သီရိပျံ့ချီ ဦးသိန်းညွန့် အသက်(၇၇) နှစ်သည် ၁၇-၃-၂၀၂၄ ရက် (တနင်္ဂနွေနေ့) ည ၁၁:၄၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

---

### အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**သီရိပျံ့ချီ ဦးသိန်းညွန့်**
**အသက်(၇၇)နှစ်**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နေ အစ်မကြီး ဒေါ်ကျင်ခိုင်၏ ခင်ပွန်းဖြစ်သူ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ နေပြည်တော်မြို့တော်ဝန်(ငြိမ်း)၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး သီရိပျံ့ချီ ဦးသိန်းညွန့်သည် ၁၇-၃-၂၀၂၄ရက် (တနင်္ဂနွေနေ့) ည ၁၁:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်လင်း-ဒေါ်သန်းသန်းနွဲ့
ညွှန်ကြားရေးမှူး
ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

---

### ဒေါ်ရီရီဝင်း (JULIE WALLNUTT)
### SAT-သဃ်န်းကျွန်း အထက-၁၊ (၁၉၇၄ မှ ၂၀၀၈ခုနှစ်ထိ)
### အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း (၂)ရပ်ကွက်၊ တိုက် ၂၆၇(စ)၊ အခန်း (၁၆)၊ (ဦးဝေါလ်)နတ်-ဒေါ်သန်းကြွယ်)တို့၏သမီး၊ ဦးစိုးပိုင်၏ညီမ၊ ဦးချစ်ကိုကို-ဒေါ်တင်တင်မြင့်တို့၏အစ်မ၊ ဒေါ်ခိုင်ခိုင်စိုး၏အစ်မ၊ ဦးအောင်ကိုကို-ဒေါ်မြင့်မြင့် ထွဏ်းတို့၏အစ်မ၊ တူ၊ တူမ (၄)ယောက်တို့၏ကြီးကြီးသည် ၁၉-၃-၂၀၂၄ရက် (အင်္ဂါနေ့) ညအချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ကျီစုအရှေ့ရွာ၊ ငုဝါလမ်းရှိ AUNG. H.P.W အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပါသည်။ သို့ပါ၍ သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဖြန့်ဖြူးထုတ်လုပ်ရောင်းချရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လိုင်စင်လျှောက်ထားရန်အတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးထက်ပိုင်ဝင်း (ပိုင်ရှင်)
၁၂/ဒဂဆ(နိုင်)၀၂၅၃၀၅
ဖုန်း-၀၉-၂၅၀၀၀၆၀၆၃၊ ၀၉-၇၇၅၉၂၅၀၀၀

---

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၃/ရဝေရှင်ထွေးအနောက်၊ ဦးပိုင်အမှတ်(၁၅၉)၊ ဧရိယာ(၀ ဒသမ ၁၂၄)ဧကရှိ ဦးရဲထွန်းအမည်ပေါက်မြေအား ဒေါ်မွန်မွန်ကျော်မှ(၂၄-၁၁-၂၀၂၃)ရက်စွဲပါ တောင်ငူမြို့နယ်တရားရုံး၏ အိမ်နှင့်ခြံမြေအား အကျိုးခံစားခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုအား မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏(၈-၁၂-၂၀၂၃)ရက်စွဲပါ စာချုပ်အမှတ်(၂၅၄/၂၀၂၃)ဖြင့် မှတ်ပုံတင်၍ ပိုင်ဆိုင်ထားခဲ့ပါကြောင်းနှင့် ယခုအခါ ဒေါ်မွန်မွန်ကျော်အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့် အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဒေါ်မွန်မွန်ကျော်အား မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ်(၉၅၈)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးထွန်းတင် (CQ-033456) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများ ဒေါ်သိန်းလှမြင့် (၇/သဝတ(နိုင်)၀၅၈၂၂၃) နှင့် ဒေါ်ဖြိုးလှမြင့် (၇/သဝတ(နိုင်)၀၀၀၀၀၅) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)
Ph,09421746974

---

### အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း (၄)လမ်း၊ အမှတ် (၁၃)၊ (၂)ခန်းတွဲ RC(၆) ထပ် အဆောက်အအုံ၏ (ပဉ္စမထပ်)၊ (၆-လွှာ/ဘီ)၊ တိုက်ကိုမျက်နှာမူလျှင် (လက်ယာဘက်အခန်း)၊ ဧရိယာ(၅၆၄) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မြင့်မြင့်ရှိန် (၉/မလန(နိုင်)၁၂၇၆၉၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးနေမင်းသိုက် (၁၄/ကပန(နိုင်)၁၅၄၄၉၈)၊ ဒေါ်ခင်ငွေ (၁/မကတ(နိုင်)၀၈၂၄၈၁) တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ် မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိရှိစေရန်အသိပေးကြေညာအပ်ပါသည်။

ဦးနေမင်းသိုက်၊ ဒေါ်ခင်ငွေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ခိုင်ဝင်း
(LL.B),WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၈၈)
အမှတ်(၄၆) ၊ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ကမာရွတ်မြို့နယ်၊အမှတ်(၈)ရပ်ကွက်၊စေတနာလမ်း၊ အမှတ်(၇)ဟုခေါ်တွင်သော တိုက်၏(တတိယထပ်)၊ (မြေညီထပ်မှရေတွက်ခြင်း) (ခေါင်းရင်းခြမ်း)၊ ဘက်ရှိ အကျယ်အဝန်း (၁၂ ½ ပေx ၅၀ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကိုတရားဝင်လက်ရှိထားရောင်းချပိုင်ခွင့်ရှိသူဦးထွန်းရွှေ ၁၂/တကန(နိုင်)၁၂၈၀၂၉ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဒေါ်မာလာဝင်း ၁၂/ကမရ(နိုင်)၀၃၄၈၆၂၊ ဦးစုနိုင်အောင် (၁၂/ကမရ(နိုင်) ၀၅၄၃၆၇) မှ ဝယ်ယူရန်အတွက်အရောင်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူဆိုပါကအထောက်အထားစုံလင်စွာဖြင့်ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ချိုသဲလွင်(LL.B) | ဒေါ်မို့မို့လွင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၈၆၈၄) | (စဉ်-၁၇၃၅၁) |

အင်းစိန်စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၄၃၀၆၃၃၈၈၊ ၀၉-၂၆၀၅၉၇၅၄၃

---

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ကံရွာကျေးရွာနေ ဦးတင်ထွန်း ၁၄/ပသရ(နိုင်) ၀၇၅၉၄၃ ၏သမီး မထက်ထက်ထွန်း ၁၄/ကကထ(နိုင်)၁၇၄၄၄၉သည် မိဘနှင့်ညီအစ်ကို မောင်နှမတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ (မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

**ဦးတင်ထွန်း ၁၄/ပသရ(နိုင်) ၀၇၅၉၄၃**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/8218, Haojue 110 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးသိန်း ၁၄/မအပ(နိုင်) ၁၇၆၅၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မအူပင်) မအူပင်မြို့

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/10554, New Aibo 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝမ်း ၁၄/မအပ(နိုင်)၁၇၁၂၂၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)
(မအူပင်မြို့)

❖ **MSME လုပ်ငန်းများကို ဆောင်ရွက်ရာ၌ One Region One Product ဖြစ်ရန်လိုပြီး ဒေသတွင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပအထိ ထိုးဖောက်နိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရန်လို ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် မြန်မာအသင်း ဆီးရီးယားကို အိမ်ကွင်း၌ သရေကစား

ရန်ကုန် မတ် ၂၁

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန်ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုတတိယပွဲအဖြစ် မြန်မာအသင်းနှင့် ဆီးရီးယားအသင်းသည် မတ် ၂၁ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာအသင်းသည် လက်ရှိယှဉ်ပြိုင်နေသည့် ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲတွင် ဂျပန်နှင့် မြောက်ကိုရီးယားကို ဆက်တိုက်အရေးနိမ့်ထားသော်လည်း ယခုပွဲတွင် သရေတစ်မှတ် ရယူနိုင်ခဲ့သည်။ ယခုနှစ်ဆန်းပိုင်းကကျင်းပသည့် အာရှဖလားပြိုင်ပွဲတွင် ရှုံးထွက်အဆင့်ထိ တက်ရောက်နိုင်ခဲ့ပြီး ဥရောပဘောလုံးလောကတွင် ကျင်လည်ခဲ့သည့် ဝါရင့်နည်းပြ ဟက်တာကူးပါးကိုင်တွယ်လာသည့် ဆီးရီးယားအသင်းသည် မြန်မာအသင်းကို အဝေးကွင်း၌ သရေသာကစားနိုင်ခဲ့သည်။

မြန်မာအသင်းသည် ရလဒ်ကောင်းရယူနိုင်ရန် ယခင်ပွဲများထက် ပိုမိုရုန်းကန်ခဲ့ပြီး တစ်ဦးချင်းစွမ်းဆောင်ရည်များကောင်းမွန်ခဲ့သလို အခွင့်အရေးလည်း

စာမျက်နှာ ၈ ကော်လံ ၄ ◆



## ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ခရစ်ကက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မတ် ၂၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် **"၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ခရစ်ကက်ပြိုင်ပွဲ"** အား ၂၀၂၄ ခုနှစ် မတ် ၂၅ ရက်မှ ဧပြီ ၄ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၁)၊ (၃)နှင့်(၄)တို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၁ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို **(အခမဲ့)** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့လက်ရွေးစင်အသင်းနှင့် အာဖဂန်နစ္စတန်လက်ရွေးစင်ဖူဆယ်အသင်းတို့ ခြေစမ်းမည်

ရန်ကုန် မတ် ၂၁

၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် အာဖဂန်နစ္စတန်လက်ရွေးစင် ဖူဆယ်အသင်းသည် ရန်ကုန်မြို့၌ ခြေစမ်းပွဲကစားမည်ဖြစ်သည်။

ယင်းခြေစမ်းပွဲကို မတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ပြီး မွန်းလွဲ ၃ နာရီတွင် ပြုလုပ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာရှဖလားဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် မတ် ၁၈ ရက်တွင်

စာမျက်နှာ ၁၈ ကော်လံ ၅ ❋

## ဂျာမန်နာမည်ကြီး ဘိုင်ယန်မြူးနစ်အသင်း မော်ရင်ဟိုကို နည်းပြသစ် ခန့်အပ်ဖွယ်ရှိနေ



ဘိုင်ယန်မြူးနစ်အားကစား ဒါရိုက်တာအသစ် မက်စ်အီဘာလ်သည် ၎င်းတို့၏ နောက်ထပ်နည်းပြသစ်ခန့်အပ်ရန်အတွက် လီဗာပူး နည်းပြဟောင်း ဂျာဂျင်ကလော့ပ်ကို စိတ်ကူးယဉ်ဆန်တဲ့ ကြိုးပမ်းမှုမျိုး မပြုလုပ်ရခြင်း အကြောင်းကို ထုတ်ဖော်ပြောကြားလိုက်သည်။

ထို့အပြင် ၎င်းက နှစ်နှစ်ခွဲကြာ တာဝန်ထမ်းဆောင်ပြီးနောက် ဇန်နဝါရီလတွင် စီးရီးအေကလပ် ရိုးမားအသင်းနှင့် လမ်းခွဲပြီး အသင်းလက်မဲ့ဖြစ်နေသော ဂျို့စ်မော်ရင်ဟို ခေါ်ယူခန့်အပ်ရန် တံခါးဖွင့်ထားကြောင်း ပြောကြားလိုက်သည်။ လက်ရှိနည်းပြ သောမတ်စ်တူချယ်မှာ ရာသီကုန်တွင် Allianz Arena မှ ထွက်ခွာရန် သဘောတူပြီးနောက် ဂျာမန်ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် နောက်ထပ်နည်းပြ သစ်ခန့်အပ်ရန် ရှာဖွေလုပ်ဆောင်နေခြင်း ဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၅ ❖

ယနေ့ သ တင်း အ ညွှန်း

တပ်မတော်နှင့် ပြည်သူတွဲလက်ညီစွာ ရန်အပေါင်းကို တူယှဉ်ကာတိုက်ကြမှာ . . . .
တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး | စာ ၆

မြန်မာနိုင်ငံအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေ ဘာကြောင့်လိုအပ်သလဲ
ဆောင်းပါး | စာ ၁၀

ကာကွယ်ရေးဝန်ကြီး ပရာဘိုဝို အင်ဒိုနီးရှား သမ္မတ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်ဟု ကြေညာ
နိုင်ငံတကာသတင်း | စာ ၁၃